www.burmeseclassic.com

# ဆုလေးနှယ်

(ရန်ကုန်တက္ကသိုလ်)

# မင်း အလှည့်ကျရင် လာ ထား

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၆၅၄၀၀၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၇၁၃၁၂၀၈ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (မိုးမိုးစာပေ) (မြ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| တာဝန်ခံ | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |


ရှိမြိုက အသည်းစွဲရဲ့ ပန်းကျော့ရဲ့ ဆံပင်အမြောင့် ကော်ဖီရောင်ကလေးကို ဖြောင့်စက်နှင့် အမွှေးပေးနေသည်။

သူ့ရဲ့ ဖန်စီများသွဲ့နှင့် မကာဝိဆောင် သတိုးသားရှု မိမိရွဲရှာ

“နာတယ်ဟ ဖြည်းဖြည်းလုပ်လေ”

“အေးပါ”

အသည်းစွဲက ဆံလည်ဆိုဟာနဲ့လေးမှာထိုင်ရင်း ရှိမြိုင်ရဲ့ ဆံပင်အလှ ပြုပြင်ပေးမှုကို ခံယူနေရင်း မျက်လုံးကလည်း R ဆရာညီ သီချင်းဆိုဟန်ကို ကြည့်နေမိပါသေးသည်။

တစ်ခေါက်က မြို့ထဲလမ်းလျှောက်တုန်း တွေ့တဲ့××××

မင်းရဲ့အလှကြောင့်ငါ ငုတ်တုတ် မေ့မဲ့ပျော့သွားပြီပေါ့××××

Flight က စီးဖူးတာရို ××××

စိတ်ထဲ နည်းနည်းတော့ကျွတ်တယ်××××



www.burmeseclassic.com

www.burmeseclassic.com



ရွတ်တာရက် မင်းကိုတွေ့ပြီပဲ အကြိုက်ပေါ့××××

နှင်းခရီးသည် ဆီးကြိုပုံလေး ငါနိုးမေ့မျှိန်လေး××××

"ဒီဖက်လှည့်ဦး"

ချိုမြိန်က သူ့ကို သိပ်မနောလိုချင်။ ချိုကတော့ မတ်တပ် ရပ်ပြီး သူ့ဆံပင်ဖြောင့်သထက်ဖြောင့်အောင် အီးဘီတုန်တုန်လေး ... ထိုးလက်ပြီး ရှိုင်းမြစ်နေအောင် အမြဲဂရုစိုက်ပြီး Care လုပ်ပေး နေရတာ။ အခု ချိုက မတ်တပ်၊ သူက ဆုံလည်ခုံမှာ ဒါတော့ ပြိမ်ပြိမ်နေ။ သီချင်းနားထောင်ရင်း အေးအေးဆေးဆေး စီစဉ် တော်ပြီပေါ့။

ခေါင်းမူးတယ် လေယာဉ်ဆိုင်ပါမှန်ပြီ××××

လည်နေတဲ့စက်ဝိုင်းထဲ××××

နှစ်ဟာ လူတွေနဲ့ လိုက်နှုတ်ဆက်နေ××××

ဆီစိမက်လား ဒါဟာ ဟုတ်ရဲ့လား မသိတော့ပါ××××

သိဝ်ဆန်းကြယ် အရောင်စုံတဲ့ ပန်းခင်းလေးယဉ်××××

အဖြူရောင်နှင်းဝတ်ဆင် ကမ္ဘာမှာ အလှဆုံးသူ××××

ဒါဟာ မင်းလေးနဲ့ငါနဲ့ လက်ထပ်ပွဲ××××

အသည်းစွဲ နှုတ်ကနေ အံ့သြစရာမျှတာစီးလိုက်ဆိုရင်





ခေါင်းကိုပါ ယိမ်းနွဲ့ချင်သေးတာမို့

"ဘာဖြစ်နေတာလဲ၊ ငြိမ်ငြိမ်နေလေ ခွဲရာ၊ မမနော် သူ့ ကိုယ်သူ ရဲလေးကျနေတာပဲ၊ ဂရုကိုမငြိမ်ဘူး"

ချိုမြိန်က ရဲလေးကြော်ငြာထဲက ပုံစံမျိုးလုပ်နေတဲ့ အသည်းစွဲကို ဆံပင်ပါ ဆောင့်ဆွဲချင်လာသည်။ တစ်နှစ်ပဲကြီးတဲ့ အစ်မမို့ ခွဲလို့ခေါ်ပြီး နင်တစ်လုံး ငါတစ်လုံး အားပါးတရ စကား ပြောတဲ့အခါပြောသလို စိတ်လိုလက်ရရှိလျှင်တော့ သူ့ကို "မမ" ဟု တရိုတသေခေါ်ပါသည်။

နှစ်ယောက်တည်းဆိုရင်တော့ ခွဲ နင် ငါပဲ ချတာ။

ညီအစ်မဆိုပေမဲ့ သူငယ်ချင်းလည်း သူငယ်ချင်း။ အသည်းစွဲ ငါးနှစ်ပြည့်တော့ ကျောင်းအပ်ပြီး သူငယ်တန်းထားလိုက် ပေမဲ့ စာမေးပွဲဖြေကာနီးမှာ အပြင်းဖျားပြီး ဆေးရုံရောက်သဖြင့် မမကေ သူ့သမီးကို ထိုတစ်နှစ် စာမေးပွဲမဖြေနိုင်းရက်တော့ပါ။ ဒီလိုနှင့် နောင်တစ်နှစ်မှာ ချိုမြိန်နှင့်လည်း ငါးနှစ်ကျော် စနေပြီဖြစ်မို့ ညီအစ်မနှစ်ယောက်သား အတန်းတစ်ခုထဲ ကျောင်း အတူတက်ကြရတော့သည်။

နှစ်ယောက်စလုံး သူငယ်တန်းဘီမှာ ထားချင်းကပ်ရက်



www.burmeseclassic.com

အတူထိုင်ခွင့်ရအောင် အတန်းပိုင်ဆရာမကို ပူဆာသည်။

အဲဒီတုန်းက စာရေးခုံနှင့် ထိုင်ခုံတွဲထားတဲ့ ခုံတန်းမှာ လေးယောက်စီ ထိုင်ခဲ့ကြရတာကို အခုထိ မှတ်မိသည်။ သုငယ်တန်းတုန်းက ချို့တို့က ကျောက်သင်ပုန်းနှင့်ကပ်ရက်က အလယ်တန်း ရှေ့ဆုံးခုံမှာ ထိုင်ကြတာ။

ချိုမြိုင်က အစွန်မှာ။ ပြီးရင် အသည်းစွဲ။ အသည်းစွဲရဲ့ နံဘေးမှာ ယမင်းဦး။ ယမင်းဦးဘေးမှာ မသန်းသန်းရီ။ အဲဒီ မသန်းသန်းရီဆိုတာက ခုနစ်နှစ်မှ ကျောင်းနေရတာမို့ ချို့တို့သုံးယောက်ထက် အသက်ကြီးရုံသာမက B ခန်း တစ်ခန်းလုံးမှာ သူ့အရပ်အရှည်ဆုံး သူ့အသက်အကြီးဆုံးဖြစ်သည်။

ငယ်တုန်းမှာ အသက်တစ်နှစ်ပိုကြီးတာဟာ ဉာဏ်ရည်မှာ တွေ့ အတော်ကွာသလားမသိပါ။ သင်္ချာတွက်ရင် အဲဒီ မသန်းသန်းရီက အရင်ဆုံးတွက်လို့ပြီးသည်။ မသန်းရီ့ စာအုပ်ထဲကကျ ယမင်းကကူး ယမင်းထဲကနေ အသည်းစွဲ။ အသည်းစွဲကနေ ချိုမြိုင်ဆီ။ ဒီတော့ အတန်းထဲမှာ စာအရဆုံး သင်္ချာအတွက်အမြန်ဆုံးပြီးတာ ချို့တို့လေးယောက်ပါပဲ။

ရယ်တော့ရယ်ရသည်။ မသန်းရီက လက်ရေးဝိုင်းဝိုင်း





စက်စက်ကလေးနှင့် အရမ်းလည်းလှတော့ ချိုမြိုင်တို့ကလည်း သူ့ကို အတုခိုးပြီး လက်ရေးဝိုင်းအောင် သစ်ရစ်အောင် ကြိုးစားခဲ့ကြသည်။

တံငါနားနီးတံငါ။ မုဆိုးနားနီး မုဆိုး။ စာတော်တဲ့ မသန်းရီနားနေတော့လည်း ချိုရော စွဲရော စာတော်ခဲ့ကြပါသည်။

မူလတန်းတက်တုန်းက ဆုတွေခဏခဏရသည်။ ပထမဆုကိုတော့ မသန်းရီကပဲ အမြဲရပြီး ချိုနှင့်စွဲက ဒုတိယနှင့် တတိယနေရာကို မကြာခဏလုရသည်။ အဲဒီတုန်းက ချိုက တတိယရတာများသည်။

ဒုတိယဆုလို့ စာတမ်းကပ်ထားတဲ့ ပက်ကင်ဘူးကို အခုထိ မဖောက်ဘဲ ရှိုးကေ့စ်ထဲထည့်ထားတုန်းပါ။ မေမေက အဲဒါကို ချီးမွမ်းလျှင် ချိုက “သူကအကြီးပဲ မေမေရဲ့၊ ဒုတိယကို သူရတာ ဘာမှမဆန်းပါဘူးနော်”ဟု ဆင်ခြေပေးတတ်သည်။

အလယ်တန်းရောက်တော့လည်း အတန်းစဉ်မှာ ပညာရည်ချွန်ဆုတွေရခဲ့ပါသေးသည်။ ဒါပေမဲ့ အထက်တန်းကျောင်းရောက်တော့ ချိုရောစွဲရော ဆုမချိန်တော့။ စာကို ပိုကြိုးစားရမယ့် အချိန်မှာ အပိုပေါက်ကလေးနှစ်ယောက်က အလှအပ အလွန်ကြိုက်

www.burmeseclassic.com



ခဲ့ကြသည်။

ပြီတော့ ရှစ်တန်းနှစ်မှာပဲ ဖခင်ဆုံးသွားတော့ မေမေက စီးပွားရေးကိစ္စမှာ အရင်ထက် ကျုံးရုန်းရတာမို့ ခွဲကို ညီမနှစ်ယောက် အရေးကိစ္စရင် အရင်လို ကြစ်ကြစ်မတ်မတ် စောင့်မကြည့်နိုင်တော့တာလည်းပါသည်။

အသည်းခွဲက သူဝါသနာပါရာ ကာရာအိုကေဆိုရင်း အချိန်တွေ ဖြုန်းတီးနေတတ်သလို ချိုမြိန်ကလည်း တစ်နေ့တစ်နေ့ ကျူရှင်သွားရင်း ပို၍အလှပြင်လာတတ်သည်။

ချိုမြိန်နွေးက သူကိုယ်တိုင်လည်း လှလှပပ ကြော့ကြော့ မော့မော့ဖြစ်နေအောင် ဂရုစိုက်သလို သူများတွေကိုလည်း လှပ သပ်ရပ်အောင်ပြုပြင်ပေးချင်သည်။

မေမေ အပြင်သွားတော့မယ်ဆိုရင် ချိုမြိန်ကပဲခေါင်းထုံးပုံ အမျိုးမျိုးတွေ တစ်နေ့တစ်မျိုး မရိုးအောင်ထုံးဖွဲ့ပြင်ဆင်ပေးတတ် သည်။

"ငါ့သမီးငယ် ချိုမြေးကတော့ အလှမှုလုပ်[illegible] ဆယ်တန်းအောင်ရင် ဗျူတီအလှန်းမှာသင်တန်းတက်၊ ပြီးရင် မေမေ ဆိုင်တစ်ဆိုင်ဖွင့်ပေးလိုက်မယ်၊ မကောင်းဘူးလား"





မေမေက ဤသို့ပြောလျှင် ချိုလေးက ခုန်ဆွခုန်ဆွနှင့်

"ကောင်းတယ်မေမေ အဲဒါဆိုရင်ကောင်းတယ် ချိုလေး ဘန်ကောက်မှာသွားသင်မယ်"

"ကြည့်…စလာကတည်းက ဘန်ကောက်တဲ့"

"ပို၍သိုက်ပါမေမေရာ၊ ခြောက်လတစ်နှစ် အိမ်မှာနား ညည်းသက်သာတာပေါ့"

ခွဲကလည်း ဆိုသို့ဝင်ကိုက်တွန်း၏။

ဆယ်တန်းအောင်ပြီးတော့ ချိုလေးက တကယ်ပဲ ဘန်ကောက် မှာ သင်တန်းသွားတက်သည်။ အသည်းခွဲကတော့ ရန်ကုန်မှာပဲ အင်္ဂလိပ်စာကင်လေးတက်လိုက်၊ ကိုရီးယားစကားပြောလေး သင် လိုက်နှင့် လုပ်နေခဲ့ပါသည်။

ဘန်ကောက်က ပြန်ရောက်လာသောအခါ ချိုလေးပုံစံက အရင်ကထက် လှပအဆင့်မြင့်သွားသလို ခွဲထင်မိ၏။

တက္ကသိုလ်တွေဖွင့်တော့ နှစ်ယောက်စလုံး အဝေးသင်ပဲ ယူသည်။ ချိုလေးက ဗျူတီဆလွန်းတော့ မဖွင့်ဖြစ်သေးပါ။ အသည်းခွဲကတော့ မေမေ့ကုမ္ပဏီမှာပဲ ကူညီသည်။

မေမေက အထည်ချုပ်စက်ရုံတစ်ရုံနှင့် ကုမ္ပဏီလုပ်ငန်းကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် စီစဉ်ခဲ့နေသူဖြစ်သည်။

ကြည့်လိုက်လျှင်လည်း စတိုင်လ်လေးက ခေတ်မီသည်။

ဘော်ဒီဆိုရင်လည်း သွယ်လျဖြောင့်စင်းပြီး အချိုးကျ တုန်းပါ။

သမီးနှစ်ယောက်က ဒုတိယနှစ်ကျောင်းသူအရွယ်တွေ ရောက်တဲ့အထိ မေမေက ခါးတုတ်၊ ဗိုက်ခေါက်ထူတာလည်းမရှိ။ လက်မောင်းတုတ်တာမျိုးလည်း မရှိ။ မျက်နှာလေးကျတော့လည်း စကင်းကဲတွေ စနစ်တကျ သုံးစွဲတာမို့ တင်းတင်းဝင်းဝင်း ဖြောင့် ဖြောင့်အိအိလေးသာ။

ဝက်ခြံတို့ မှဲ့ခြောက်တို့ဝင် လုံးဝမရှိ။ အရေးအကြောင်း ငယ်လေးတွေ မျက်လုံးတဝိုက်ရှိပေမဲ့ သိပ်မသိသာလှ။ နှုတ်ခမ်းက လည်း ချိုလေးလက်ရာ တူးစတက် အခွေအကောက်လေးနှင့်မို့ ရှိရင်းစွဲ အသက်ထက် နုနယ်ပျိုမျစ်နေသည်။

အသည်းစွဲဝတ်တဲ့ ကိုယ်ကြပ်ဂါဝန် ဟိုက်ဟိုက်လေးကို မေမေဝတ်လိုက်ရင် မော်ဒယ်ဂဲလ်လား မှတ်ရတွန်းပါ။

သမီးနှစ်ယောက်နှင့် သွားလာလျှင် ညီအစ်မသုံးယော်လို့ သာ ထင်ရတာ။





"ဒါ ကျွန်မသမီးနှစ်ယောက်ပေါ့"ဟု မိတ်ဆက်ပေးလျှင် မြင်တဲ့သူက မျက်ခုံးပင့် အံ့သြရသည်။ "ဟယ် ညီအစ်မတွေပဲ ထင်တာ"ဟု ဖွင့်ဟဝန်ခံကြသည်။ သူတို့ တမင်မြှောက်ပြောတာ မဟုတ်ပါ။ ညာပြောတာလည်း မဖြစ်နိုင်ဘူးဆိုတာ အသည်းစွဲ ယုံသည်။

မေမေကိုယ်တိုင်က ဆုတောင်းကောင်းပြီး အရွယ်တင် တာ။

တစ်ခါက ဗေဒင်သွားမေးတော့ မွေးသက္ကရာဇ်ပြောရတဲ့ အခါ မေမေက ခြောက်ဆယ့်ရှစ်ခုမွေးတာဟု အမှန်ကိုပြောတာကိုပင် ဗေဒင်ဆရာက နှစ်ထောင့်ရှစ်ဆိုတော့ လေးဆယ်ဟု သူ့ဟာ သူတွက်ချပြီးမှ မေမေ့မျက်နှာပြန်မော့ကြည့်ကာ သူတွက်ထားတာ မှားနေသလားဟု သံသယဖြစ်သွားသည်။ လေးဆယ်ဆိုတာကို ခဏလိပ်ပင်နဲ့ ဖျက်ခဲ့ပြန်ဖျက်ပြီး ယုံယုံကြည်ကြည်မဲ့ မေမေ့ကိုပြန် မေးသည်။

"ကျွန်တော်မှားနေပြီဗျာ၊ ခုနှစ်ဆယ့်ရှစ်မှားလို့လား၊ ဒါဆို အခု သုံးဆယ်ထဲမှာ"ဟု အသစ်ပြန်တွက်ဖို့ပြင်တာမို့ မေမေက ရယ်မိန်းတတန်း"



www.burmeseclassic.com

www.burmeseclassic.com



"ထင်မြင်း ခြောက်ဆယ့်ရှစ်နှစ်ပါတယ် ဆရာ၊ ကျွန်မ အမှ အသက်တော်ထဲမှာပါ" ဟု ပြန်ပြောမှ ရယ်မောပြီး

"ဒေါ်မြွှာညိုက အတော်အကျိုးပေးကောင်းတာမှာ၊ ဒါထည်း ရှုဘဝက ကောင်းမှုကတွေပေါ့လေ" ဟု မှတ်ချက်ချ ရသည်။

မမေတာ ဘယ်လိုပဲကြည့်ကြည့် တကယ်ဆုံးဆယ် လောက်ပဲထင်ရသည်။ သူလိမ်ပြောစရာမလို၊ သူ့ရုပ်ရည်ကိုက ဆယ်နှစ်စာ အသာကလေးငယ်နေတာပါ။ မျက်နှာမှာ အကြည် ဓာတ်လေးရှိပြီး အပြုံးကလေး မော်ရှေ့ဖိုက်လှဲတာကြောင့်လည်း ပါပါလိမ့်မည်။

မမေအသက်နှစ်ဆယ်မှာ အသည်းစွဲကို မွေးပြီးခဲ့ပြီလေ။ အိမ်ထောင်ကျတော့ ဆယ့်ရှစ်ပဲ။ မေမေ့အမေ အသွားကိုယ်တိုင်က ဖမေနှင့် သဘောတူပြီး အိမ်ထောင်ချပေးခဲ့တာပါ။

မမေက မိဘစကားနားထောင်ပြီး မိဘတွေကြည့်ဖြူတဲ့ မေမေကို လက်တွဲခဲ့တာဖြစ်သည်။ မေမေနှင့်ယောက်ထပြီး အသည်း စွဲတို့မွေးခဲ့ပြီး နောက်ပိုင်းမှသာ မေမေက စီးပွားရေးလောကထဲ ရောက်ပြီး အရက်ကလေးဘာလေး သောက်တတ်ခဲ့တာပါ။ နောက်





ပိုင်းမှာတော့ ဦးလင်းထက်က နေကိုင်းလိုလို အရက်သောက်ခဲ့တာ ဆုံးပါးသွားတဲ့အထိပါပဲ။ ကွယ်လွန်တော့လည်း အသည်းရောဂါ နှင့်ပဲ ကွယ်လွန်ခဲ့သည်။

အသည်းစွဲတို့ဘဝမှာ ဖခင်မဲ့သွားခဲ့သော်လည်း စီးပွားရေး အတော့ အခြေမပျက်ခဲ့ပါ။ မေမေက ထက်ထက်မြက်မြက်နှင့် ဆက်ပြီး ဦးဆောင်စီမံခဲ့တာကိုလေ။

ဒေါ်မြွှာညိုသည် အိမ်မှာရှိတဲ့ ရုပ်ပါတွေလှမ်းအလုံးလေးကို ကိုယ်တိုင်မောင်းတာ ဟိုဟိုဒီဒီသွားလေ့ရှိသူဖြစ်သည်။

နောက်တစ်စီးဖြစ်တဲ့ မရှိဒ်ကား မီးခိုးရောင်လေးကိုတော့ အိမ်နှစ်ယောက်ကသုံးသည်။ အသည်းစွဲ နှင့် ချိုမြလေးက ဆယ်ယောက်တစ်ရှည် မောင်းကြသည်။

ဒေါ်မြွှာညိုက သမီးတွေကိုလည်း လွတ်လွတ်လပ်လပ် နေ ကိုယ့်အားကိုယ်ကိုးတတ်အောင် သင်ကြားထားပေးသည်။

တကယ်တမ်း သူတို့ကို ကိုယ်က နှစ်ဆယ့်လေးနာရီပတ် လုံး မျက်စိဒေါက်ထောက်ကြည့်နေနိုင်တာမှ မဟုတ်တာ။

အချိန်တန်ရင် သူတို့ရဲ့ ဘဝခရီးကို သူတို့ဘာသာလျှောက် ရမှာ လောကကြီးမှာ ဘယ်သူ့အကူအညီမှမယူဘဲ ရပ်တည်သွားဖို့



www.burmeseclassic.com

www.burmeseclassic.com



[illegible] ခိုင်ခိုင်မာမာ ရပ်တည်ရဲအောင် ရင်ဆိုင်ရဲအောင် [illegible]ပေးခဲ့သည်။ ဒေါ်မြခွာညိုပေးနိုင်တဲ့ အမွေဟာ ထည်း ဒါပဲလေ။

ပစ္စည်းဥစ္စာဆိုတာက မသုံးတတ် မစွဲတတ်လျှင် ခဏ တလေးနှင့် ကုန်သွားမှာ။

သူတို့ကို ပညာအမွေ အသိတရားအမွေ လိမ္မာယဉ်ကျေး မှုအမွေ ရင့်ကျက်မှုအမွေ ဒါတွေပဲပေးဖို့ စဉ်းစားလာခဲ့သည်။

အခုဆိုလျှင် မြခွာညိုရဲ့ သမီးနှစ်ယောက်သည် အတော် အတန် ရင့်ကျက်လူလားမြောက်ခဲ့ပြီဟု မြခွာညိုထင်မိသည်။

သူတို့အရွယ်ရောက် ကြီးပြင်းလာအောင် ဆောင်မြှင့်အခြေ ကျ အဆင်ပြေလာအောင် ပြုစုပျိုးထောင် စောင့်ရှောက်ပေးခဲ့ရတဲ့ အချိန်တွေက အများကြီးပါ။ မြခွာညိုတစ်ယောက်တည်း ရုန်းကန် လာရတဲ့ ဘဝအမောလေးတွေပြေချိန်တန်ပြီဟု ယူဆသည်။

"ဟင် ပြီးပြီလား"

ချိုလေးက ခြောင့်စက်ကို ခလုတ်ပိတ်၍ ပလပ်ပါ ဖြုတ် လိုက်ပါသည်။ ရှာ

"ပြီးပြီပေါ့"





"တအောင့်ကလေးနဲ့ ပြီးသွားတာပဲ၊ နင်ကလည်း"

အသည်းစွဲက မျက်နှာရှေ့တစ်ခြမ်းမှာ တစ်စောင်းလေး ဖြဲ့ပဲနေတဲ့ အိမိုကာဆန်ဆန် ဆံစလေးကို လက်နှင့် သေချာပြန်ဆွဲ ချရင်း အလိုမကျသံနှင့် ဆိုမိသည်။

"ချိုလေး ရှေ့ဆံပင်တွေ နည်းနည်းရှည်နေပြီလားလို့"

"မရှည်သေးပါဘူး ဒီတိုင်း ဝဲဝဲလေးကကြည့်ကောင်းတဲ့ ဥစ္စာ"

"နင့်ဆံပင်က ပိုမိုက်နေတယ် ချိုလေးရဲ့"

"ငါက အိမိုအစစ်လေ"

ချိုလေးက ဂုဏ်ယူဝံ့ကြွားစွာဆိုသည်။ ချိုမြိန်နွေးသည် ဆိုယ်တိုင်က ဆံပင်ညှပ်တာ ကောက်တာ ဝါသနာပါသလို သူ့ဆံပင်ကိုလည်း တစ်လတစ်ခါလောက် ပုံပြောင်းရမှ နေသာထိုင် သာရှိသူပါ။

အသည်းစွဲက သူ့ဆံပင်ကို လှလိုက်တာဟု ငေးနေဆဲ အခြင်ဆန်းနေဆဲမှာပဲ သူက နောက်တစ်မျိုး ပြောင်းတတ်ပါသည်။

တစ်ခါတလေ သူနှင့် အရမ်းလိုက်ဖက်ပြီး အံဝင်ခွင်ကျ အချိုးတကျရှိတဲ့ ပုံစံလေးရလျှင် အသည်းစွဲက အဲဒီပုံကို မပြောင်း



www.burmeseclassic.com

www.burmeseclassic.com



စေချင်။ ငြိုးခဲ့တဲ့ အခေါက်ကာဆို တူးစတက် အရှည်ကောက်လေးရဲ့ အရှမ်းလှတာ။ ဒါကို တစ်ပတ်လောက်နှင့် ပြန်ဖြောင့်ပစ်လိုက်ပြီ သည်။

ချိုလေးစိတ်ကိုက တစ်နေ့ရာထဲ မတည်ငြိမ်တာပါ။ သူက အသွင်ပြောင်းတာ အမြင်ပြောင်းတာကိုပဲ ဝါသနာပါတာ။ သူ့အခန်း က ပရိဘောဂ အထားအသို ဒက်ကိုရေးရှင်းဘာညာဆိုလျှင် ဒီလို ပဲ သူ့ခဏခဏ ပြောင်းရွှေ့ပစ်တတ်သည်။

"အဲဒီအစစ် ဘယ်နှစ်ရက်ခံမလဲ ကြည့်ရသေးတာပေါ့"

"အနည်းဆုံး တစ်လပေါ့စွဲရာ၊ ဘာဖြစ်လဲ"

"တီ တီ တီ"

စကားပြောနေဆဲမှာ ခြံတံခါးဝက ကားဟွန်းသံကြားရ သည်။

"ဟဲ့ မေမေပြန်လာပြီထင်တယ်၊ ဦးလေးထူးရှိရဲ့လား မသိဘူး"

"ရှိမှာပါ၊ အခုန ငါလှမ်းကြည့်တုန်းကတောင် မြက် နုတ်နေသေးတာပဲ"

ဦးလေးထူးက သူမတို့အိမ်မှာ ခြံစောင့်မာလီလည်းဖြစ်





တောက်တိုမယ်ရလည်း ခိုင်းလို့အဆင့်ပြေကာ မေမေ ကားမောင်း ခိုင်းတဲ့ အခါလည်းခိုင်းသည်။ အိမ်ကကားကို မောင်းခိုင်းတာ မဟုတ်။ ကုမ္ပဏီက လိုက်ထရပ်ခ်ကိုမောင်းရတာပါ။

"ကြည့်လိုက်ဦး ချိုလေးရဲ့၊ ဟွန်းသံက မေမေတီးတဲ့ အသံမျိုးမဟုတ်ဘူး"

ချိုလေးက ပြတင်းလိုက်ကာကြားကနေ ခြံတံခါးဝဘက် မြေးချောင်းပါသည်။

ဦးလေးထူး ဝင်းတံခါးဖွင့်ပေးတဲ့အခါ ခြံထဲဝင်လာတဲ့ ကားက မေမေ့ရဲ့ ရူပါဆလွန်းအဖြူလေးမဟုတ်ပါ။ ကင်မရီ နက်ပြာ ရောင်တောက်တောက်ကလေးဖြစ်သည်။

"ဟုတ်တယ်စွဲရေ၊ ဧည့်သည်တစ်ယောက်ယောက် ထင် တယ်"

"ဘယ်သူလဲ"

"မသိဘူးလေ"

"ကျွတ် မေမေပြန်မရောက်သေးတာ ထွက်ပြောလေ၊ စင်ဆိုင်စောင့်မယ့် ဧည့်သည်ဆိုရင် ပြဿနာပဲ၊ ငါတို့စကား ပြော ဧည့်ခံထားရမှာ၊ ငါက ခဏနေ ဟန်နီတို့ရောက်လာရင် အပြင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



မှာနော်၊ အိမ်မှာ နင်ပဲရှိမှာ”

“အမယ် မရှိပါဘူး၊ ငါလည်း အခုရေပြေးချိုးမှာ၊ ပြီးရင် မေမေတို့နဲ့ ဒဂုံစင်တာပတ်ဖို့ ချိန်းထားပြီးသား”

အသည်းစွဲရော ချိုလေးရောဟာ တစ်ခါတစ်ရံရောက်လာပြီး မေမေမလာမချင်း ထိုင်စောင့်တတ်တဲ့ အနှီတီကြီးအချို့ကို တွန့်လိမ်ပျင်းနေအောင် စကားပြောညှော်ခံထားရတတ်သဖြင့် ကြိုတင်ရှောင်ပယ်ဖို့ ငြင်းခုန်နေမိသည်။

“အေးပါ၊ ဒါဆိုရှင်လည်း အရင်ထွက်ကြည့်စမ်းပါဦး”

“ဟယ် စွဲရေ၊ လာကြည့်စမ်း”

ပေါ်တီကိုမရောက်တရောက်မှာ ရပ်လိုက်တဲ့ကားကိုကြည့်ပြီး ချိုမြိန်နွေးက ရိုပ်မိသွားရပါပြီ။ ဒါကြောင့် အစ်မဖြစ်သူ စွဲကို အရေးတကြီး လေသံလေးနှင့် လှမ်းခေါ်လိုက်သည်။

အိမ်နေရင်း ဂျင်းဘောင်းဘီအကျပ်ကလေးနှင့် တီရှပ်အဖြူလေးကို ဝတ်ထားသော အသည်းစွဲက ဆံလည်ခုံပေါ်မှ လှစ်ခနဲထလာကာ ချိုလေးကြည့်နေတဲ့ ပြတင်းပေါက်လိုက်ကာကြားကို အပြေးအလွှားလာကြည့်သည်။

“ဟင် အဲဒါ ဦးလမင်းဇော်ကားလား”





“အင်းလေ”

ဦးလမင်းဇော် ဂျပန်ကပြန်ရောက်တာ မကြာသေးဘူးဆိုတဲ့ ရှိုးကျကျ စတိုင်လ်မတ်မတ်လူကြီး။ ခုတလော မေမေ့အနားတကပ်ကပ် လာလုပ်နေသည်။ ကိုယ်ပိုင်ကုမ္ပဏီနှင့် ချမ်းသာတဲ့မုဆိုးမလှလှလေးမို့ ပျံ့ဝဲချင်တဲ့ ပျားပုတုံးလိပ်ပြာတွေ အရင်ကလည်း ကြုံဖူးပါသည်။

ဒါပေမဲ့ ဒီတစ်ခါ ရစ်ဝဲလာတဲ့ လိပ်ပြာကြီးကိုတော့ လျှော့တွက်လို့မရပါ။ မေမေကိုယ်တိုင်က အနားမှာ ရစ်ဝဲပျံသန်းနေတာကို လက်ခံချင်တဲ့သဘောမျိုး မြင်နေရသည်။

အခုလည်းကြည့်ပါလား။ မေမေ့ကားကို ဘယ်မှာထားခဲ့သလဲမသိ။ သူ့ကားနှင့် အိမ်တိုင်ရာရောက် မျက်နှာလုပ်ပြီး လာပို့ပေးနေပါရောလား။

မောင်းသူဘက်က တံခါးအရင်ပွင့်လာပြီး ဦးလမင်းဇော်က ဖျာဖျာသလဲ လူငယ်စတိုင်လ်မျိုးဖမ်းပြီး မေမေ့ဘက်က တံခါးကို ပြေးဖွင့်ပေးပါသည်။

ခေါင်းညွတ်ပြီး ပြုံးကြည့်တဲ့ပုံက အရေးတယူ ဂရုတစိုက်တယုတယဆိုတဲ့ပုံစံ။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့မောင်းသားကိုများ သူက လာကြောင်ဖို့ ကြံသေးတယ် ပွန်း။

ညီအစ်မနှစ်ယောက်သား ခေါင်းချင်းဆိုင် တိုးတိုးပူးကပ် ကြည့်ရင်း ရင်ထဲမှာ ခိုးလုခုလုဖြစ်သွားကြပါသည်။

"စွဲ"

"ဟင်"

"မေမေ ဒီလူကြီးနဲ့တွဲနေတာလား"

"အို ငါလည်း ဘယ်သိမလဲ"

"ငါတို့ ဒီအတိုင်းကြည့်နေလို့တော့ မဖြစ်သူးထင်တယ်"

"အင်း ဟုတ်တယ်"

"ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"စဉ်းစားရမှာပေါ့"

အသည်းစွဲက မျက်မှောင်လေးကုပ်လျက် ချင့်ချင့်ချိန်ချိန်။ ချိုလေးကတော့ အငယ်ပီပီ ရှုံးရှုံးရှားရှားနှင့်

"စဉ်းစားမနေနဲ့ စွဲရဲ့၊ သူက တဖြည်းဖြည်း အိမ်အထိပါ လာပြီ"

ချိုလေးပြောတာလည်းဟုတ်သည်။ မေမေနှင့် ဦးလမင်း





ဖော်က ဘယ်လိုဘယ်ပုံနှင့် အဆက်အသွယ်ရှိနေကြသလဲမသိ။ ဒါပေမဲ့ သူ ဂျပန်ကပြန်ရောက်တဲ့နေ့ကတည်းက မေမေက လေဆိပ် ဆင်းကြိုသည်။

"ကိုဇော်ပြန်ရောက်လာပြီ၊ သူဟိုမှာ ဆယ်နှစ်နီးပါးကြာ ခဲ့တာ၊ ဒီနေ့တော့ သူ့ကို ဆိုင်ကောင်းကောင်းမှာ ညစာလိုက်ကျွေး ရမယ်"

မေမေ့နှုတ်က ကြားခဲ့ရတာဖြစ်သည်။

"အဲဒီ ကိုဇော်ဆိုတာ ဘယ်သူလဲမေမေ"ဟု ချိုလေးက မေးတော့

"မေမေတို့ ငယ်သူငယ်ချင်းတွေ အရမ်းခင်ကြတာ၊ အခု မမေနဲ့ စီးပွားရှယ်ယာလုပ်ဖို့လည်း တိုင်ပင်ထားပြီးပြီ၊ ဒါကြောင့် ချပြန်လာခဲ့တာပေါ့"ဟု မေမေကဖြေသည်။ ဒါက-သွယ်ဝိုက် သော အဖြေတစ်ခုဖြစ်နိုင်တယ်ဆိုတာ စွဲရော ချိုလေးရော ရိပ်မိကြ ပါသည်။

အဲဒီနေ့ကတည်းက ထူးခြားမှုရှိတာ သဘောပေါက်ပြီး တစ်ယောက်ကိုတစ်ယောက် မျက်စပစ် အချက်ပေးခဲ့မိကြသည်။

အခုတော့ ထင်တဲ့အတိုင်းဆက်ပြီး အပတ်အသက် အခင်



www.burmeseclassic.com

www.burmeseclassic.com



အထွတ်ရှိခဲ့ပြီ။ အသည်းစွဲသူငယ်ချင်းတွေကလည်း မေမေ့ကို ခပ်ချောချောချောင့်လူကြီးတစ်ယောက်နှင့် အတူတွေ့ခဲ့ကြတယ်ဆိုတာ ဖုန်းဆက်သတင်းပေးသည်။

တကယ်ဆိုရင် ဖေဖေမရှိတော့ကလည်းက တစ်ယောက်တည်းနေလာတာပဲ။ ဒီလိုပဲ ရှေ့ဆက်ပြီးတော့လည်း သမီးတွေ အဖော်ပြုပြီးနေပါတော့လား။

လွန်ခဲ့တဲ့ ငါးနှစ်တုန်းကဆို မေမေအခုထက်နုပျိုပြီး အခုထက်ငယ်သေးတာ အဲဒီအချိန်တုန်းကတောင် မုဆိုးမ ငယ်ငယ်ချောချောလေးဆိုပြီး အများက ဝိုင်းပြီး စိတ်ဝင်စားပေမယ့် တစ်ဦးတည်းပဲ ခပ်တည်တည် ဣန္ဒြေရရ ဘဝခရီးကို လျှောက်လှမ်းခဲ့သေးတာပဲ။

ထက်ထက်မြက်မြက် ဝင့်ဝင့်စားစားရှိပေမယ့် ဣန္ဒြေလုံခြုံပြီး တည်ငြိမ်အေးဆေးတဲ့ မေမေ့ကို ဘယ်သူကမှလည်း မနှောင့်ယှက်ဝံ့ခဲ့ပါဘူး။

နေလို့ဖြစ်ခဲ့သေးတာပဲ။

အခုသမီးတွေ အရွယ်ရောက်ပြီ တက္ကသိုလ်တက်နေကြတဲ့အချိန်မှ မေမေက အဖော်သစ်ထပ်တွေ့မယ်ဆိုတာ သဘာဝကျ





ဟု အသည်းစွဲထင်သည်။

သမီးကြီးကို သူ့အသည်းစွဲမို့ အသည်းစွဲလို့ပေးခဲ့ပြီး သမီးငယ် ချစ်စရာလေးက သူ့နှလုံးအိမ်ကို ချိုမြိန်နွေးထွေးစေလို့ ချိုမြိန်နွေးလို့ အမည်ပေးခဲ့ရာတဲ့။

အခုလည်း ဒီသမီးနှစ်ယောက်အနားမှာရှိနေရင် ပြီးပြည့်စုံပြီ မဟုတ်လား။

ဒီမိသားစုဘဝလေး အေးချမ်းသာယာနေတာကို ဘာကြောင့် သူစိမ်းယောက်ျားတစ်ဦးကို ခေါ်သွင်းလာမလဲ။

တကယ်တော့လည်း မေမေ့နှုတ်ကတော့ ဘာမှ ကြေညာသေးတာမဟုတ်ပါ။ အသည်းစွဲတို့က ကိုယ့်ဘာသာ စပ်စပ်စုစု အကဲခတ်လေ့လာနေလို့သာ။

မေမေ ဒီလူကြီးကို အရေးပေးပုံ ထူးခြားတာကို မေမေ့သမီးတွေက ရိပ်မိနေတာ။

မေမေကိုယ်တိုင်ကတော့ ဘာမှလည်းဖွင့်မပြော။ အသည်းစွဲတို့နှင့်လည်း သေချာအရေးတယူ မိတ်ဆက်ပေးတာမျိုး မရှိသေးပါ။

သူတို့ဆက်ပြီး ခိုးကြည့်နေတုန်းမှာပဲ မေမေနှင့် ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



ဇော်တို့နှစ်ယောက်သား အေးအေးဆေးဆေး စကားတပြောပြောဖြင့် အိမ်သို့ရောက်လာကြသည်။

"လာနေပြီ ဘယ်လိုလုပ်မလဲ"

"တံခါးဖွင့်လိုက်လေ"

"မဖွင့်ချင်ပါဘူး"

ချိုလေးက မျက်နှာရှုံ့မဲ့ခေါင်းယမ်းသည်။

လူရိပ် လူယောင်မတွေ့ရသော ဧည့်ခန်းကို လှမ်းကြည့်ပြီး ဒေါ်မြခွာညိုက ဘဲလ်တီးဖို့ လက်ရွယ်သည်။

"သမီးတွေ ပြန်မရောက်သေးဘူးထင်တယ်၊ ကိုဇော်ရဲ့"

"မရောက်သေးတော့လည်း မျက်နှာပူရ သက်သာတာ ပေါ့ကွာ"

လမင်းဇော်က မျက်နှာကို လက်ကိုင်ပဝါနှင့်ပွတ်တိုက်ရင်း မြခွာညိုဖက်စောင်းငဲ့ကြည့်ကာ ခပ်တိုးတိုးပြော၏။

"ဘာလို့မျက်နှာပူရမှာလဲ၊ ညို့သမီးတွေက နားလည် သိတတ်မှုရှိနေပါပြီနော်"

"အေးလေကွာ၊ ကလေးတွေမဟုတ်တော့ဘူး၊ အဲဒါ ကြောင့်ပဲ ဇော် စိတ်ပူတာပေါ့"





"ကဲပါ အဲဒါတွေနောက်မှဆွေးနွေးရအောင်"

ဒေါ်မြခွာညိုက ဘဲလ်မတီးခင် အချိုအချုလှည့်ပြောနေဆဲမှာ အိမ်ထဲမှာလည်း အသည်းစွဲတို့က မေမေ့အစ်မဝမ်းကွဲ ကြီးစိန်ဆီပြေး တာ...

"ကြီးစိန်...မေမေပြန်လာပြီ"

"ဟဲ့ အိမ်ပြန်လာတဲ့သူကို တံခါးအရင်မဖွင့်ပေးတဲ့ ညည်း တို့ဘာလို့ ငါ့ဆီ ပြေးလာကြတာတုန်း"

ကြီးစိန်က ထမင်းစားပွဲမှာ နှင်းဆီပန်းအိုး ထိုးလက်စ အရွက်တွေ ဆူးတွေ သင်နေဆဲမို့ အသည်းစွဲတို့ကို မျက်စောင်း ရွယ်ချင်သည်။

"ကြီးစိန် သွားဖွင့်ပေးလိုက်"

"ဟော"

ဒီနှစ်ယောက် အမူအရာ ထူးခြားနေသဖြင့် ဒေါ်ခင်ခင် စိန်က မျက်မှောင်ကုတ်သွားမိသည်။

"မေမေတစ်ယောက်တည်း မဟုတ်ဘူး ကြီးစိန်ရဲ့၊ ဧည့်သည်ပါတယ်"

သူတို့ တီးတိုးပြောပုံဟန်ပန်ကပင် ဆန်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူပါတောလဲ"

"မသိဘူး၊ ကြီးစိန်ဘာသာ မြန်မြန်သွားကြည့်"

"ဒီကလေးတွေကတော့ လုပ်ပြီ"

နှုတ်ကရေရွတ်ရင်း လက်ထဲက ပန်းဖြတ်ကပ်ကြေးကို အသာချပြီး အိမ်ရှေ့ကို နားစွင့်မိသည်။

"တီး တောင်၊ တီး တောင်"

ပြောပြောဆိုဆို ဘဲလ်တီးသံကလည်း ထွက်ပေါ်လာပါပြီ။

"ကြီးစိန် အသည်းစွဲကိုမေးရင် အိပ်နေတယ်လို့ပြောလိုက်"

"ချိုလေးရောမေးရင်လည်း ရေချိုးခန်းမှာလို့ ပြောပေးနော်"

ပြောပြီးတာနှင့် သူမနှစ်ယောက်သားမှာ ကြက်ပျောက် ငှက်ပျောက် လှစ်ခနဲ ပျောက်သွားကြပါသည်။ ဒေါ်ခင်ခင်စိန်သည် သူတို့ကို နားမလည်စွာ မျက်မှောင်ကုပ်မိရင်း သူ့ကိုယ်လုံးဝဝကို သယ်ကာ ခြေလှမ်းရှပ်တိုက်ရင်း ဧည့်ခန်းကို ထွက်လာပါသည်။

ဟိုနှစ်ယောက် ကြောက်ရောင်ပုန်းနှင့်ရအောင် ခွာညိုနဲ့အတူ ပါလာတာက ဘယ်သူမို့လဲ။





မှန်တံခါးရဲ့အပြင် သံပန်းတံခါးရဲ့အပြင်မှာ အတူယှဉ်တွဲရပ်နေတဲ့ နှစ်ယောက်ကို မြင်လျှင်တော့ ကြီးစိန်လည်း ရင်ထဲတစ်မျိုးကြီးဖြစ်သွားရပါသည်။

ခွာညိုနှင့် ခင်ခင်စိန်က ငယ်စဉ်ကတည်းက အတူနေလာခဲ့တာ။

ဟိုတစ်ချိန်က ဇာတ်လမ်းတွေလည်း သိပြီးသား။

အရပ်မြင့်မြင့် ခပ်ချောချောနှင့် အရင်ကလို ပိန်ရှည်ရှည်မဟုတ်ဘဲ အနည်းငယ် ဖြည့်ဖြိုးလာပေမဲ့ ဒီပုံစံ ဒီသဏ္ဌာန်ကို ကြီးစိန်မမေ့သေးပါ။

မောင်လမင်းဇော်။

မြခွာညိုနှင့် အထက်တန်းကျောင်းတုန်းက တတွဲတွဲ ခင်မင်လာတဲ့ ကောင်ကလေး။

ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့မှာပဲ ခွာညိုနှင့် လမင်းဇော် ချစ်သူတွေဖြစ်သွားတာလည်း သူတို့အသိပဲ။

သမီးရည်းစားသက်တမ်း တစ်နှစ်မပြည့်ခင်ဘဲ အိမ်ကလူကြီးတွေ ရိပ်မိသိရှိသွားပြီး လမင်းဇော်တို့ မိသားစုပုံစံ ခေတ်ဆန်လွန်းတယ်။ မကြိုက်ဘူး။ သဘောမတူနိုင်ဘူးဆိုပြီး ခွဲကြတာ။



www.burmeseclassic.com

www.burmeseclassic.com



ခွာညို ငိုယိုပူဆာလွန်းလို့ အစ်မဝမ်းကွဲတန်မဲ့ ကြီးစိန်ကပဲ စာပေးစာယူလုပ်ပေးခဲ့ရဖူးတာ။

မောင်လမင်းဇော်တို့မိခင်ဟာ အိမ်ထောင်သုံးဆက်မြောက် ရှိပြီ။ ဒါကိုပဲ ခွာညို့မိဘတွေက အပြစ်ထောက်ပြကန့်ကွက်တာ။

သူတို့မိသားစုဟာ စီးပွားရေးအားဖြင့် ပညာရေးအားဖြင့် တော့ မညံ့ပါ။ လမင်းဇော်ရဲ့ မိခင်မှာ နာမည်ပျက်ရှိတာလေးတစ်ခု ပါပဲ။

မြခွာညိုဖက်က သဘောမတူ ကန့်ကွက်သလိုပဲ လမင်း ဇော်အမေကလည်း သားအကြီးဆုံးဖြစ်တဲ့ လမင်းဇော်ကို ငယ်ငယ် ရွယ်ရွယ်နှင့် မိန်းမယူစေချင်။ သူမကလည်း သားအကြီးကို အားကိုးအားထားပြုပြီး ရည်မှန်းချက်တွေ အများကြီးထားရှိတဲ့သူ။

ပြီးတော့ သူ့ဘဝကို ဝေဖန်ကဲ့ရဲ့တဲ့ မိသားစုမို့ ခွာညိုနှင့် သူ့သားကို မပတ်သက်စေလို။

ယောကျ်ားလေးရှင်ဖက်ကလည်း တင်းတင်းကြပ်ကြပ် တားမြစ်သည်။ သူတို့သား လမင်းဇော်နှင့် သဘောမတူကြောင်း ကို ခွာညို့မိဘတွေကို လာပြောတဲ့အထိ လမင်းဇော်တို့ အမေ့မှာ လည်း မောက်မာခဲ့သည်။





လူကြီးမိဘတွေ ဝင်ပါကန့်ကွက်ပြီး ပြဿနာဖြစ်တော့ နှစ်ယောက်သားမှာ မျက်နှာပျက်စရာ ရှေ့တိုးလို့မဖြစ်နိုင်စရာ အခြေ အနေတွေနှင့် ကြုံကြိုက်ခဲ့ရသည်။

ချစ်ပေမဲ့လည်း မာနနှင့် အံခဲ၍ လမ်းခွဲဖို့သာ ဆုံးဖြတ်ခဲ့ ကြသည်။

မြခွာညိုကလည်း ကိုဇော့်အမေကို စိတ်နာပြီး အဖေတို့ ပေးစားသည့် ကိုလင်းထက်ကို လက်ထပ်ယူပြခဲ့မိ၏။ လမင်းဇော် ခမျာ ချစ်သူဆုံးရှုံးရသဖြင့် ရင်ကွဲဝက်လက် နလန်မထူနိုင်။

ဒီတော့ သူ့အဖေက သူ့ကို ဂျပန်ပို့လိုက်သည်။ ဟိုမှာပဲ ကျောင်းတက် အလုပ်လုပ်စေခဲ့သည်။

ဒီလိုနှင့် ချစ်လျက်နဲ့ကွဲကွာသွားကြတဲ့ နှစ်ယောက်ဟာ အခုအချိန်မှ ပြန်ဆုံကြတာ။

လမင်းဇော် ရန်ကုန်ပြန်ရောက်လာချိန်မှာ ကြီးစိန်က တရားစခန်းဝင်နေခဲ့သည်။ ဒါကြောင့် သူတို့ကို မတွေ့ရသေးပါ။ ခွာညိုဆီကနေ လမင်းဇော် ပြန်ရောက်နေပြီဆိုတဲ့ သတင်းစကားကို အာ ကြားရပြီး ထိုအကြောင်းကို အေးအေးဆေးဆေး မပြောဖြစ် ကြသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုမှ ပက်ပင်းကြီး မျက်စိရှေ့လာတွေ့တာ။

ကြီးစိန်က တံခါးဖွင့်ပေးရင်း

"ဟယ် ဘယ်သူများလဲမှတ်တယ် မောင်မင်းဇော်၊ မင်းလည်း အသားတွေပိုဖြူပြီး ဝလာပါလား၊ အရင်ရုပ်တော့ မပျောက်လို့သာ ငါမှတ်မိတာပေါ့"

"မမစိန် နေကောင်းတယ်နော်"

"ကောင်းပါ့တော်၊ ကဲ လာကြ အထဲဝင်ကြလေ"

"သမီးတို့ရော၊ မတွေ့ပါလား မမ"

"အခုနမှ ပြန်လာတော့ နားကြတုန်း၊ ရေချိုးတုန်းလေ"

ဒေါ်မြခွာညိုအမေးကို ကြီးစိန်က မှုသားလေးနှင့်ဖြေရပါသည်။ ကလေးတွေ မောင်မင်းဇော်ကို ဘာကြောင့်ပုန်းရှောင်ကြသလဲဆိုတာကို ကြီးစိန် ရေးရေးသိသွားပြီမဟုတ်လား။

"ကိုဇော့်နဲ့သမီးတွေကို တစ်ခါမှ အေးအေးဆေးဆေးလေး မိတ်မဆက်ပေးရသေးဘူး"

ခွာညိုက ပြုံးပြုံးလေး ပြောလေသည်။ အလွယ်တကူလေး မိတ်ဆက်ပေးလို့တော့ ရမည်မထင်ပါ။

ရှေ့ရေးကို ကြီးစိန်ရင်လေးမိသေးသည်။





"ရပါတယ် ညိုရယ်၊ အခုက ခဏနေ ဇော်ပြန်မှာပဲ၊ နောက်ရက်တွေရှိပါသေးတယ်"

မင်းဇော်က ခွာညိုကို အဓိပ္ပါယ်ပါပါလေး နှစ်သိမ့်လိုက်သည်။ မြခွာညိုကတော့ သမီးတွေ တမင်ရှောင်နေမှန်း ရိပ်မိသည်။ အခုန ကားပေါ်ကအဆင်းမှာ ဟိုဖက်တိုက်ကြည့်တဲ့ အခန်းပြတင်းပေါက်လိုက်ကာလေး ဟစ်စိကြားကနေ အသည်းစွဲကို မြင်လိုက်မိသည်မဟုတ်လား။

သမီးနှစ်ယောက်ကို အချိန်ယူပြီး ကြိုတင်ချွေးနှေးထားရင် ကောင်းမလား။

မြခွာညိုကတော့ လိမ္မာရေးခြားရှိတဲ့ သမီးတွေကို ယုံကြည်ပြီးသား။ သူ့ကိစ္စမှာ မီးစိမ်းပြပေးဖို့ သိပ်ခဲယဉ်းမှာ မဟုတ်လောက်ဘူး ဟုထင်သည်။ သို့သော် သူ့အထင်က တကယ်တော့ မှားနေပါသည်။

မင်းဇော်နှင့်ခွာညိုက ညှော်ခန်းက လယ်သာဆက်တီမှာပဲ ထိုင်လိုက်ကြ၏။

"ညို့ အဝတ်အစားလဲချင်သွားလဲလေ၊ ကိုဇော်စောင့်နေမှာပေါ့၊ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဂျာနယ်တွေ ခဏဖတ်နှင့်ဦး၊ အိုက်စ်ကော်ဖီလည်း
သောက်မယ်မို့လား၊ မမစိန်ရေ ကိုမင်းဇော်အတွက် အိုက်ကော်
ဖီလေး လုပ်ပေးပါဦး"

"အေး အေး"

မြခ္ခာညိုက မမစိန်ကို လှည့်မှာလိုက်သည်။ အခုတလော
အိမ်ကကောင်မလေး မိတော သူ့ပြည်နယ်ပြန်သွားသဖြင့် ကြီး
က အိမ်ထောင်သိမ်း ဈေးဝယ်၊ ချက်ပြုတ်ရှင်းလင်းရုံမက အော
ခြေသိမ်းလိုအပ်တဲ့ တောက်တိုမယ်ရ အကုန်လုပ်နေရပါသည်

အသည်းစွဲက အိမ်မှုကိစ္စ ဝါသနာပါတာမို့ ကြီးစိန်ကိုကူ
ပေမဲ့ အခုတော့ လှစ်ခနဲပျောက်သွားပြီမို့ ခေါ်လို့မရတော့။ ကြီး
က သူ့ဘာသာပဲ ရေခဲသေတ္တာလာဖွင့်ကာ ကော်ဖီအေးဖျော်ဖို့
သည်။

စိတ်ထဲကလည်း လူကြီးပီပီ ရှေ့ရေးကို ရင်လေးစ
တွေးနေမိပါသည်။

ညီအစ်မချင်းမို့ ခ္ခာညိုသဘောကို ကြီးစိန်ရိပ်မိသည်
နောက်ဆို မင်းဇော်များ ဒီအိမ်ကိုရောက်လာမလဲ
ရောက်လာတဲ့အခါ ဟိုကလေးမနှစ်ယောက်နှင့်





အဆင်မှပြေပါ့မလား။

သူတို့က ပတွေးကို အလိုရှိမည်မထင်။ သားအမိတွေကြား
စိတ်ဝမ်းကွဲမှာ ကြီးစိန်က အခုကတည်းက ကြိုတင်ရင်မောနေမိ
သည်။

ခ္ခာညိုအပေါ်လည်း အစ်မတစ်ယောက်အနေနှင့် နားလည်
ပါသည်။ အသည်းစွဲတို့အဖေဆုံးခဲ့တာပင် ကြာခဲ့ပြီလေ။ သူလည်း
အနားမှာ အားကိုးအားထား လင်ယောကျ်ားသား ရှိသင့်တာပဲ။
ပြီးတော့ ခ္ခာညိုက လှသေးသည်။ အရွယ်လည်းရှိသေးတယ် မပြော
ရှာပဲ။ တချို့ဆို အသက်လေးဆယ်မှ ဘဝစကြတာမဟုတ်လား။

ခ္ခာညိုနှင့်မင်းဇော်ကတော့ ဧည့်ခန်းမှာ အတူတူထိုင်ကာ
တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် တီးတိုးတီးတိုး
ဘာတွေပြောနေသလဲမသိ။

တစ်ချက်တချက် ခ္ခာညို့ရယ်သံ တဟင်းဟင်းလေးကို
ချိုလွင်စွာကြားရသည်။ ဒီလို ကြည်လင်ချိုမြတဲ့ ကြည်ကြည်နူး
နူး ရယ်သံကို မကြားရတာကြာပြီ။

ခ္ခာညို ပျော်နေပုံရပါသည်။

ခ္ခာညိုပျော်နေတဲ့အတွက်တော့ ကြီးစိန်က ကျေနပ်မိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ပေမဲ့ တူမနှစ်ယောက်ကို ဘယ်လိုဘယ်ပုံ ချော့မော့နား ချရမည်မသိသေး။

သက်ပြင်းတစ်ချနှင့် ကော်ဖီဗန်း ကိုယ်တိုင်သယ်ကာ ပြန်ထွက်လာပါသည်။

"ဟာ အားနာစရာကြီးဗျာ၊ ကျွန်တော်က ဧည့်သည်မှ မဟုတ်တာ"

မင်းဇော်စကားက အဓိပ္ပါယ်ပါသည်။ သူသည် ဒီအိမ်ရဲ့ ဧည့်သည်ဟု ခံယူပုံမရပါ။

ကြီးစိန်ကဲ သူတို့အနားမနေဘဲ ထမင်းစားပွဲက ပန်းအိုး ထိုးလက်စဆီ ပြန်လာထိုင်သည်။

တခဏကြာလျှင် ခွာညိုက အပေါ်ထပ်တက် အဝတ် အစားလဲပြီး မင်းဇော်နှင့်အတူ တစ်ခေါက်ပြန်ထွက်သွားပါသည်။

ဒင်နာသွားဖို့ရှိကြောင်း ပြောဆိုနှုတ်ဆက်သွား၏။

ထိုအချိန်ထိ အသည်းစွဲနှင့် ချိုလေးကို အရိပ်အယောင် မမြင်ရချေ။

အသည်းစွဲနှင့်ချိုလေးသည် ဘာမှမတိုင်ပင်ပါဘဲ မေမေ့ကို စကားဟဟမပြောဘဲ မသိမသာရှောင်နေမိကြ၏။

ထိုအကြောင်းကိုလည်း လုံးဝစကားမစ။ သူမတို့က စကားမစသလို မေမေကလည်း ဘာမှမပြောပါ။

ဒီလိုနှင့် လေးငါးရက်ကြာသွားပြီးနောက် ညစာထမင်းဝိုင်းမှာ သားအမိသုံးယောက် လက်ဆုံစားပြီးချိန် သစ်သီးအချိုပွဲ မြည်းနေတုန်း မေမေက ကောက်ခါငင်ကာ ထိုအကြောင်းကို စလာခဲ့ပါသည်။

"သမီးတို့ကို မေမေပြောစရာရှိတယ်"

အသည်းစွဲက ကြက်မောက်သီးကို အခွံခွာရင်း ဖျတ်ခနဲ မျက်လွှာလေးပင့်ကြည့်သည်။

ချိုလေးက နာနတ်သီးစိတ်လေးတစ်ခုကို ပါးစပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝါးလတ်စနှင့် အသည်းစွဲဖက် မျက်လုံးဝိုင်းနှင့် လှမ်းကြည့်လိုက်သည်။

"အရေးကြီးတဲ့စကားပြောမှာနော်၊ ဟင်း ဟင်း"

မေမေက ရှက်စနိုး တစ်ချက်ရယ်လိုက်ပါသေး၏။

မေမေ့အပြုံးမျက်နှာက ရှက်ယောင်လဲ့လဲ့စွန်းကာ ကြည်နူးနွေးထွေးသော အရိပ်အခြည်လေးတစ်မျိုးဖြင့် တောက်ပရွှန်းရီနေခဲ့သည်။

ဤမျက်နှာသည် သူတို့မမြင်ဘူးသေးသော အချစ်ရောင်ဖုံးလွှမ်းထားတဲ့ မျက်နှာပါ။

"မေမေ အိမ်ထောင်ပြုတော့မယ်"

ကြေညာလိုက်သံသည် အသည်းစွဲနားထဲ မိုးတစ်လုံးပေါက်ကွဲသလို ပြင်းထန်စူးရှသည်။

"မေမေတို့မိသားစုမှာ အားလုံး ပွင့်ပွင့်လင်းလင်း ဖွင့်ပြောနေကျပဲလေ မဟုတ်ဘူးလား၊ သမီးတို့ကလည်း မေမေစိတ်ချမ်းသာသလိုနေပါလို့ အရင်ကတည်းက ပြောဖူးတာပဲ၊ အခု မေမေစိတ်ချမ်းသာဖို့ ဆုံးဖြတ်လိုက်ပြီ၊ ကိုမင်းဇော်နဲ့ လက်ထပ်ကြမယ်၊ သမီးတို့အတွက်တော့ ကိုဇော်ကို အသစ်ဖြစ်ချင်ဖြစ်နေမယ်၊ မေမေ့





အတွက်ကတော့ သူက သိဟောင်းကျွမ်းဟောင်းပါ"

"ရှည်းစားဟောင်းလို့ပဲ ရှင်းရှင်းပြောပါ မေမေရာ"

"အေး ဟုတ်တယ်၊ အဲဒီသဘောပဲ"

ချိုလေးအမေးကို မေမေက ဝန်ခံပါသည်။ ဒါဟာ မေမေ့အရင် မေမေတွေ့ခဲ့တဲ့ အချစ်ဦးဆိုပါတော့။ ဦးလမင်းဇော်အကြောင်း ကြီးစိန်ဆီကနေ သူတို့သိသင့်သလောက် သိပြီးပါပြီ။

"အခု မေမေက သမီးတို့နဲ့ တိုင်ပင်တာ"

"တိုင်ပင်တာမဟုတ်ပါဘူး၊ အသိပေးနေတာပါ"

"အေးပါ ချိုလေးရယ်၊ မေမေ့ကိုနားလည်ပါ"

"ချိုလေးတို့က ဘာကို နားလည်ရမှာလဲ"

အသည်းစွဲကတော့ ခုထက်ထိ နှုတ်ဆိတ်နေသည်။ ဒါပေမဲ့ သူမရင်ထဲမှာ ဗရမ်းဗတာ လှုပ်ခါနေပါသည်။ ဝမ်းနည်းဆို့နင့်လာသော ခံစားချက်ကြီးဖြင့် လူက တုန်ရီနေသည်။

ထင်တဲ့အတိုင်းပဲ။

မေမေက ဦးလမင်းဇော်နှင့် လက်ထပ်မှာတဲ့။ အိမ်ထောင်အသစ်ထူထောင်တော့မှာ။ အိမ်မှာရှိတဲ့ သမီးပျိုနှစ်ယောက်ကို မေမေ ထည့်မတွက်တော့ဘူးလား။ ပထွေးတစ်ယောက် နီးနီးကပ်ကပ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲဝင်လာမယ့်ကိစ္စကို သမီးတွေဖက်က ကြည့်ဖြူရဲ့လား မစဉ်းစားတော့ဘူးလား။

ချိုလေး မျက်နှာက တင်းမာခက်ထန်နေပါသည်။

အသည်းစွဲကတော့ စိတ်မကောင်းဖြစ်မိတာမို့ စိတ်ဆိုးဖို့တောင် သတိမရပါ။

"အစစအရာရာ နားလည်ပေးဖို့ပါပဲ သမီးရယ်၊ မေမေ သမီးတို့အပေါ် အရင်အတိုင်းပဲ ချစ်ပါတယ်"

"အဲဒါတော့ မဖြစ်နိုင်ဘူး၊ မေမေ သူ့ကိုပိုချစ်လို့သာ သူ့ကို ယူဖို့ဆုံးဖြတ်တာပေါ့"

"ချစ်ပုံခြင်းက မတူဘူးလေကွာ"

"မေမေကလည်း ဒီအရွယ်ကြီးရောက်မှ အချစ်အကြောင်းတွေ လာပြောနေတယ်၊ ကြားရတာ ရှက်စရာကြီး"

"ဟဲ့ ချိုလေး"

ကြီးစိန်က လှမ်းဟန့်သည်။

"ကြီးစိန်ဘာသိလဲ၊ မေမေပြောနေတာလည်း နားထောင်ကြည့်ဦး"

ချိုမြိန်နွေးက မလှမ်းမကမ်းမှာရပ်နေတဲ့ ကြီးစိန်ကို မဆိုင် မျက်စောင်းလှမ်းထိုးသည်။

အဲဒီကြီးစိန်ကိုလည်း မုန်းတာပဲ။

အရေးအကြောင်းရှိလာတော့ တူမတွေဘက်က မရပ်တည်ဘဲ မေမေ့အကြိုက် လိုက်ပြောပေးနေသည်။

"သူလည်း ညည်းတို့ကို ဒီအရွယ်ရောက်တဲ့အထိ ကျွေးမွေးစောင့်ရှောက်ပြီးပြီပဲ၊ ညည်းတို့လည်း ငယ်မှမငယ်တော့ပဲ၊ နောက်ဆို ချစ်သူတွေလာရင် တစ်နေ့ အိမ်ထောင်ပြုကြမှာပဲဥစ္စာ"

"ကြီးစိန်နော်၊ မေမေ့ဖက်သိပ်ပြီး ဘက်မလိုက်နဲ့"

"ဟဲ့ ငါက အမှန်ပြောတာပဲ"

"ဘာအမှန်လဲ ဟွန်း"

"သူလည်း သူ့သာယာမှု မျှော်လင့်မှုလိုသေးတာပဲ၊ ဘယ်အချိန်ထိ ခွာညိုက ဒီလို အထီးကျန်နေရမှာလဲ"

"အထီးမကျန်ပါဘူး၊ သမီးတို့ရှိသားပဲ"

"သြော် သမီးတို့က သမီးပဲ၊ လင်မရှိတဲ့ မိန်းမဆိုတာ မျက်နှာငယ်ရတယ်ဟဲ့"

"ဒါဆိုရင် ကြီးစိန် ဘာလို့ အပျိုကြီးလုပ်တာလဲ"

"ငါ့လာဆွဲမထည့်နဲ့၊ အခုပြောနေတာ ညည်းတို့အမေကိစ္စ၊







www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ ဘာမှမဆိုင်ဘူး”

“ကြီးစိန်က ရှေ့နေလိုက်ပေးနေတာကိုး”

“ငါက အကျိုးအကြောင်းရှင်းပြတာ”

“ချိုလေးတို့ သဘောမတူဘူး”

“ကဲပါ ချိုလေးရယ်၊ မေမေပြောပါစေဦး”

ကြီးစိန်က ပြန်လျှော့ကာ လေသံပျော့သွားပါသည်။

အသည်းစွဲခေါင်းထဲမှာ တွေးနေမိတာက ဖေကြီး အကြောင်းပါ။ မေမေဟာ လူကြီးတွေသဘောတူလို့သာ ယူလိုက်ရတာ ဖေကြီးကို ချစ်ခဲ့ပုံမရပါ။ အရက်ကလေးတမြမြ သောက်နေတတ်တဲ့ ဖေကြီးရဲ့ ခံစားချက်ကို အသည်းစွဲ အခုမှ သဘောပေါက်အသည်။ ကိုယ့်ဖခင်ရင်းအပေါ် သနားစိတ်နှင့် လွမ်းဆွတ်သတိရကာ မျက်ရည်ပင် ရစ်လည်လာချင်သည်။

အခုတော့ ပထွေးရတော့မည်။

“ချိုလေးတို့က ပထွေးနဲ့နေရမှာလား မေမေ”

“ဟယ် ဒီလိုမပြောရဘူးလေ သမီးရယ်၊ ကိုဇော်က အင်မတန် စိတ်ကောင်းရှိတဲ့ လူတစ်ယောက်ပါကွယ်၊ သမီးတို့အပေါ် ပထွေးလို မဆက်ဆံပါဘူး မဟုတ်တာ”





“ဒါပေမဲ့ ပထွေးကတော့ ပထွေးဘဲ”

ချိုလေးရဲ့ ခတ်ဆတ်ဆတ်လေသံကြောင့် မေမေ အံနည်းငယ် မျက်နှာပျက်သွားပါသည်။ အသည်းစွဲကတော့ ဘာမှပြောချင်စိတ်မရှိအောင် စိတ်ဓာတ်တွေ လဲပြိုကျဆင်းအားငယ်နေရပါသည်။

ချိုလေးလို နှုတ်လှန်ထိုးဖို့ပင် အားမရှိ။

မေမေ့ကြည့်ရတာလည်း သူ့ဆုံးဖြတ်ချက်ကို ပြောင်းလဲပြင်ဆင်မယ့်ပုံ မရှိဘူးလေ။

“မေမေ ဒီလောက်ဖြစ်နေရင် အစကတည်းက ဖေကြီးကို မယူသင့်ဘူး”

“တယ် ဒီကောင်မလေး”

ကြီးစိန်က ဟန့်ပြန်၏။ စိတ်တိုတိုနှင့် မျက်မှောင်ကုပ်ထားတဲ့ ချိုမြိန်နွေးကလည်း သူ့အရှိန်သူမလျှော့ပါ။

“ဖေကြီး စိတ်ဆင်းရဲလို့ အရက်တွေ နေ့တိုင်းသောက်တာ၊ ဒါကြောင့်လည်း စောစောစီးစီး လောကကြီးကို နှုတ်ဆက်သွားရတာ”

“မဆိုင်ပါဘူး ချိုလေးရယ်၊ ညည်းဖေကြီးက အရက်ကို ကြိုက်တာပါအေ၊ တစ်ခါသောက်ရင် ငါးလုံးဆယ်လုံးသောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူဝါ"

"ကြီးစိန် မေကြီးကို ဒီလိုမပြောပါနဲ့"

"အေးပါ မပြောပါဘူး၊ ငါကလည်း ဝင်မပြောချင်ပါဘူး၊ ဒါပေမဲ့ ခွာညိုတို့အကြောင်းကို ငါအသိဆုံးပဲ၊ သူတို့ချင်း အရမ်းချစ်ကြတာ ဖူးစာမပါလို့သာ လွဲခဲ့ရတာ"

အသည်းစွဲကတော့ မေမေတို့နောက်ကြောင်းဇာတ်လမ်းကို နားမထောင်ချင်တော့ပါဘူး။

"မောင်မင်းဇော်ကလည်း တစ်သက်လုံး လူပျိုကြီးပဲ နေလာတာ၊ ညည်းအမေ အိမ်ထောင်ပြုပေမဲ့ သူက တစ်ယောက်တည်းပဲ၊ အခုထိလည်း သံယောဇဉ်မကုန်နိုင်ရှာဘူး၊ တော်ရုံယောကျာ်းဆိုရင် ကလေးအမေ မုဆိုးမကို စဉ်းစားပါ့မလား၊ သူလည်း ဂျပန်ကပြန်လာတဲ့သူ၊ ရှာထားဖွေထားတာတွေလည်း မနည်းဘူး၊ ရုပ်ရည်ကလည်းရှိ ဉစ္စာကလည်းရှိဆိုတော့ သူကိုလိုချင်တဲ့ မိန်းမတွေ ဝိုင်းဝိုင်းကိုလည်လို့၊ အခုလို ညည်းအမေမှ ညည်းအမေ တန်းတန်းစွဲဖြစ်နေတာကိုပဲ ကျေးဇူးတင်၊ တော်ရုံတန်ရုံ ချစ်ရုံနဲ့ဆို ကလေးအမေကို ဘယ်သူကယူမှာလဲ မဟုတ်ဘူးလား၊ သူလည်း သူ့အရည်အချင်းနဲ့ ကြိုက်တဲ့မိန်းမ ခေါင်းခေါက်ယူလို့ရနေတာပဲ"





ကြီးစိန်က ကွက်ကွက်ကွင်းကွင်း ထောက်ပြနေသည်။

ဟုတ်တော့လည်း ဟုတ်ပါသည်။ လမင်းဇော်တို့ မိသားစုတာ အရင်ကတည်းက ချမ်းသာပြည့်စုံသူတွေပါ။ မင်းဇော်က ပညာအရည်အချင်းလည်း ထူးချွန်၊ ရုပ်ရည်ရူပကာလည်း ခန့်ညားကြည့်ကောင်းသူမို့ တကယ်ပဲ အပျိုကလေးတွေ ရနိုင်ပါသည်။ မေမေ့လို ကလေးနှစ်ယောက်အမေ မုဆိုးမကိုလက်ထပ်ဖို့ စိတ်ကူးတာဟာ ချစ်လို့ကလွဲရင် ဘာမှမဖြစ်နိုင်။

"ယူလို့ရရင်သွားယူပေါ့၊ ဘာလို့ ချိုလေးတို့ မေမေ့နားလာကပ်နေတာလဲ"

"ဒီကလေးမ ပြောနေတဲ့ကြားက ကြည့်"

"ကဲပါ မမစိန်ရယ်၊ သမီးလေးလည်း သူပြောချင်တာ ပြောပါစေ၊ ဘယ်လိုဖြစ်စေချင်သလဲဆိုတာ သမီးတို့ဖက်က ပွင့်ပွင့်လင်းလင်းပြောကြ၊ အခုလောလောဆယ်တော့ လက်ထပ်ပြီးရင် ကိုဇော်က ဒီမှာပဲ လာနေလိမ့်မယ်၊ သူ့ကွန်ဒိုတိုက်က ငှားထားတယ်၊ မေမေပဲ ငှားဖို့အကြံပေးလိုက်တာပါ၊ သမီးတို့က ကိုဇော့်ကို အဖေတစ်ယောက်လို သဘောမထားနိုင်ရင်တောင် ကိုယ့်ဦးလေးသားချင်းတစ်ယောက်လိုတော့ ကောင်းကောင်းမွန်မွန်



www.burmeseclassic.com

www.burmeseclassic.com



လေးလေးစားစား ဆက်ဆံစေချင်တယ်၊ နောက်ဆို သမီးတို့ ကိုဇော်ကို ခင်မင်သဘောကျသွားမှာပါ၊ သူကလည်း ပြောနေတယ်၊ ကလေးတွေနဲ့ တစ်ရက်လောက်ဆုံရအောင် ညစာထွက်စားရအောင်တဲ့၊ ဒီတနင်္ဂနွေ မေမေတို့ဆုံရအောင်နော်"

မေမေက လေသံအေးလေးနှင့် ချော့ချော့မော့မော့ ရှင်းပြနားဝင်စေပါသည်။

အသည်းစွဲကတော့ ဦးမင်းဇော်ကို မလိုလား။ သူနှင့်လည်း မိသားစုသဖွယ် တရင်းတနှီးကြီး ညစာတစ်ဝိုင်းတည်း မစားချင်ပါ။

ညီအစ်မနှစ်ယောက်သား မေမေ့ကို ဘယ်လိုပြန်ပြောရမည်မသိဘဲ နှုတ်ခမ်းလေးတွေသာ ရူထားမိကြသည်။

ဒီအချိန်မှာ ကြီးစိန်က သူသိချင်တာကို မေမေ့ မေးလိုက်ပါသည်။

"ခွာညို နင်တို့လက်မှတ်ထိုးဖို့ စီစဉ်ထားတာ ရှေ့လဆန်းသုံးရက်ဆို အဲဒါရော အတည်ဖြစ်ပြီလား"

"အင်း အကျဉ်းပဲလုပ်မှာပါ မမရယ်၊ မင်္ဂလာဆွမ်းကျွေးလေးပဲ စီစဉ်မှာပါ"

"ဒီကြားထဲ အိမ်မှာပဲ ဈေးစပ်ပွဲသဘောမျိုးလုပ်ချင်သေး





တယ်ဆို"

"အဲဒါတော့ မလုပ်တော့ဘူး မမ"

မေမေ့မှာက သူ့အစီအစဉ်နှင့်သူ အားလုံးအပြည့်အစုံ စီမံအကွက်ချပြီးသားပါလား။ ဒါတွေကို ကြီးစိန်ပင် သိထားပြီးပြီ။

"အေးလေ ခွာညိုသဘောပါပဲ"

ကြီးစိန်က တစ်သက်လုံးလည်း ဒီခွာညိုမအဲရိုပ်မှာပဲ မှီလာကာ အိမ်ထောင်သိမ်းလုပ်လာတာဆိုတော့ ဘာမဆို ခေါင်းငြိမ့်ခွာညိုသဘောအတိုင်း လိုက်လျောတတ်သူပါ။ အခုလည်း ကလေးတွေကို ကူညီနားချ ဖျောင်းဖျဖို့က သူ့တာဝန်ဟု ယူဆသည်။

"ကဲ သမီးတို့ကို ပြောစရာရှိတာလည်းပြောပြီးပြီ၊ အခုက ကတော့ မေမေ့ကို နားလည်ပြီး အဆင်တပြေ နေပေးဖို့ပါပဲ၊ ဘာမှလည်း စိတ်အနှောင့်အယှက်ဖြစ်မနေကြနဲ့ ဟုတ်ပြီလား၊ မေမေ ဖုန်းဆက်စရာရှိသေးလို့ ဒီနေ့တော့ ဒီလောက်ပဲနော်"

မေမေက စကားဖြတ်စရာရှိလျှင် ကျောင်းဆရာမလေသံမျိုးနှင့် "ဒီနေ့တော့ ဒီလောက်ပဲ" ဟူသော စကားနှင့် အဆုံးသတ်လေ့ရှိပါသည်။

မေမေသည် ဖုန်းပြောစရာ အရေးကြီးကိစ္စရှိလျှင် သူ့အခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာပဲ တစ်ယောက်တည်း အေးအေးလူလူ သွားပြောတတ်သည်။ အီးမေးလ်ရိုက်စရာရှိလည်း တစ်ခါတည်း ရိုက်ရုံပေါ့လေ။

မေမေထွက်သွားသောအခါ အသည်းစွဲနှင့် ချိုမြိန်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြ၏။

"နင်က တစ်ခွန်းမှမပြောဘဲ ဘာလို့ ငြိမ်နေတာလဲ စွဲ၊ ငါတို့ ဒီတိုင်းပဲ လက်ပိုက်ကြည့်နေကြမှာလား"

"ကြည့်မနေလို့ ဘာလုပ်ရမလဲ"

"ဩော် ငါတို့သဘောမတူဘူး၊ မကျေနပ်ဘူးဆိုတာ ဟိုလူကြီးသိအောင်တော့ လုပ်ရမှာပေါ့၊ သူဖက်က စိတ်ညစ်ပြီး လက်လျှော့သွားရင်အေးရော"

"ဟုတ်တယ်၊ ပထွေးအလိုမရှိဘူး၊ လုံးဝပဲ"

"မေမေကတော့ တားလို့ရမယ့်ပုံမရှိဘူး၊ ငါတို့ ဟိုလူကြီးဆီ ဖုန်းဆက်မလား"

"နေဦး အခုချက်ချင်း ထဆက်လို့ ဘယ်ဖြစ်မလဲ"

အသည်းစွဲသည် ဘာမဆို တွေတွေဝေဝေ ချိန်ချိန်ဆဆနှင့် အခြေအနေကို စောင့်ကြည့်တတ်သည်။ ချိုမြိန်ကတော့ ခေါင်းထဲမှာ သိပ်မတွေး။ စိတ်ထဲပေါ်လာတာကို ထလုပ်ပစ်တတ်သူလေ။





"ဘယ်လိုပဲဖြစ်ဖြစ် ချိုလေးကတော့ ပထွေးနဲ့ တစ်အိမ်တည်း မနေနိုင်ဘူး"

"မေမေကိုယ်တိုင် သူ့ဖက်ပါနေတာ ချိုလေးရဲ့"

"ဟင်း ဟုတ်တော့ဟုတ်တယ်"

ချိုလေးက အသံကိုတိုးနှိမ့်ရင်း

"ကြိုးစိန်နားထောင်နေတယ်၊ ရှူးတိုးတိုး၊ လာမမ အခန်းထဲသွားမယ်၊ ငါတို့တိုင်ပင် အဖြေရှာကြမယ်"


"အင်း အဲဒါကောင်းတယ်"

အသည်းစွဲနှင့် ချိုမြိန်ညွှေးတို့နှစ်ယောက်သည် သူမတို့ အခန်းရှိရာ အပေါ်ထပ်သို့ လက်ချင်းတွဲကာ တက်လာခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးကား ပြင်သွားတာနှင့် သူတို့ရဲ့ ကွန်ဒိုတိုက်ခန်း
…တာလေးကို လှမ်းတွေ့ရပါသည်။

ပထမတစ်ခေါက် ကြယ်တစင်းပြန်လာတုန်းက မြို့လယ်
…အ ဒီကွန်ဒိုကို သဘောကျပြီး မျက်နှာချင်းဆိုင် အခန်းနှစ်ခန်းကို
…ယ်ယူလိုက်တာ။

တစ်ခန်းက ကိုကြီးအခန်း။ ဒီဖက်က သူ့အမည်နဲ့ဝယ်ယူ
…တဲ့ သူ့အခန်း။

တစ်ချိန်ချိန် မြန်မာပြည် ပြန်အခြေချတဲ့အခါ ညီအစ်ကို
…ယောက်သား နီးနီးကပ်ကပ်နေနိုင်အောင် ကြိုတင်မျှော်မြင်ပြီး
…တိန်းချထားခဲ့တာ။

အခုတော့ ထင်ထားသလိုပဲ။ ရန်ကုန်ပြန်ရောက်ခဲ့ကြပြီ။

လေယာဉ်ပေါ်က ဆင်းလိုက်ရကတည်းက ကြယ်တစင်း

www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ တစ်မျိုးကြီး နွေးဖိုမ်နေရသည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်အရ...
အေသ ကိုယ့်တိုင်းပြည်ကို ပြန်ရောက်ခဲ့ပြီလေ။

ဆယ်တန်းအောင်ပြီးကတည်းက ထွက်သွားလိုက်တ...
အခုဆို သူ့အသက်က နှစ်ဆယ့်လေးထဲမှာ။ ကြားထဲမှာ ရန်ကု...
ကို ဆယ်ရက်လောက်သာရောက်ခဲ့၏။

ဒါကလည်း ကိုကြီးလွှတ်လို့ပါ။

ကိုကြီးကို ငယ်စဉ်ကတည်းက ချစ်ကြောက်ရိုသေ...
လေးစားခဲ့ရသည်။ ကိုကြီးသည် ကြယ်တစင်းအတွက် စံပြအစ်ကို...

ပြောရမည်ဆိုလျှင် သူတို့မောင်နှမသုံးယောက်ဟာ ...
အမေဝမ်းထဲက တအူတုံဆင်း မွေးဖွားခဲ့တာမှန်ပေမယ့် အဖေချင်း...
ကတော့ မတူပါ။

ကိုကြီးရဲ့အဖေက မာမီ့ရဲ့ ပထမခင်ပွန်း၊ ကိုကြီးကို မွေး...
လာခဲ့ပြီးနောက်ပိုင်း လင်မယားကွဲသွားကြသည်။ အဲဒီနောက်မှ...
ဒုတိယအိမ်ထောင်နှင့် မမကလျာနေမင်းကို မွေးခဲ့သည်။ အခုတော့...
မမကလျာက စင်ကာပူမှာ အိမ်ထောင်ကျပြီး ကလေးတစ်ယောက်...
ပင် ရနေပြီ။

မမကလျာရဲ့ အဖေနှင့်လည်း မာမီက ကြာကြာအတူ...

...ပြခဲ့ရှာပါ။ သူကိုယ်တိုင်က အိမ်ထောင်ရေးကံမကောင်းတဲ့...
...ပါလိမ့်မည်။

ကြယ်တစင်းကတော့ ကိုယ့်မာမီဟာ သိပ်သဘောကောင်း...
...သိပ်ဖြူစင်တာကို ယုံကြည်ပါသည်။ ဒါပေမဲ့ မာမီ့မှာ မဟုတ်မခံ...
...စိတ်ကလေးတော့ ရှိသည်။ သူက မတရားတာကို ငုံ့မခံတတ်။
...သည်းခံအောင့်အီးပြီး အနိုင်ကျင့်တာကို လက်ခံတတ်သူမဟုတ်။
...မာမီက မစွပ်မှန်ကိုပဲ တည့်တည့်ကြည့်ပြီး ရင်ဆိုင်ဖြေရှင်းပစ်တတ်
...သည်။

ဒီလို သည်းမခံတတ်တဲ့အတွက်လည်း ဒုတိယအိမ်ထောင်
...ဆင်ပြိုကွဲသွားခဲ့ရတာဖြစ်သည်။

ကြယ်တစင်း ဒက်ဒီ ဦးမိုးအောင်ဟာ မာမီ့ရဲ့ တတိယ
...ခင်ပွန်းပါ။ သားအငယ်ဆုံးလေးမို့ မာမီက သူ့ကိုမခွဲနိုင်။ ကိုကြီး
...နှင့် မမကလျာ နိုင်ငံခြားထွက်တုန်းက သူမလိုက်ပေမဲ့ ကြယ်တစင်း
...ကတော့ သူမြန်မာပြည်မှာ ချန်မနေခဲ့နိုင်။

ကြယ်တစင်းနောက် တကောက်ကောက်လိုက်ပါ စောင့်
...ရှောက်ခဲ့သည်။

အခုတော့ ကြယ်တစင်းကို မျက်စေ့အောက်က အပျောက်ခံ...





www.burmeseclassic.com

www.burmeseclassic.com



မှခံနိုင်အောင် ချစ်သော မာမီလည်း လူ့လောကကြီးမှာ မရှိတော့ပါ။ ပြီးခဲ့တဲ့ နှစ်ကပဲ ဒီဇင်ဘာလဆန်းပိုင်းမှာ ကွယ်လွန်သွားခဲ့ပြီ။

ကင်ဆာရောဂါက မာမီ့ကို အနိုင်နှင့်ပိုင်းသွားခဲ့သည်။ အခု ဂျပန်မှာ ကြယ်တစင်း ဒုက်ဒီပဲရှိသည်။ ကိုကြီးကလည်း ဟိုကိုပြန်မသွားတော့ဘူးတဲ့။

ဘယ်သွားပါ့မလဲ။ ကိုကြီးက ဒီမှာ မိန်းမယူဖို့ အစီအစဉ်ရှိတာ သူ့သတင်းကြားသည်။

ဘယ်က ဘယ်လို အိမ်ထောင်ပြုဖို့ စိတ်ကူးရသွားသလဲ မသိ။ ကြယ်တစင်းနှင့် အစ်ကိုကြီးက ဆယ့်ငါးနှစ်ကျော် အသက်ကွာသည်။ ကိုကြီးက အခုလေးဆယ်ထဲပဲ ရောက်နေပြီ။

တစ်သက်လုံး လူပျိုကြီးပဲလုပ်သွားတော့မည်ဟု ထင်ရာက အခုတော့ ကောက်ကာငင်ကာ မိန်းမယူဖို့ ဆုံးဖြတ်သတဲ့။

ယူမည့်ယူတော့လည်း အပျိုလေးဘာလေး ရှာယူတာ မဟုတ်။ မုဆိုးမကိုမှ သွားကြိုက်သည်။ အဲဒီမုဆိုးမ ကလေးအမေက ဘယ်လောက်ဆွဲဆောင်မှုရှိလို့လဲတော့မသိ။

ကြယ်တစင်း ဖုန်းဆက်လိုက်တိုင်း ကိုကြီးနားမှာ ထိုမိန်းမ ရှိနေတတ်သည်။





ကိုကြီးနှုတ်ကနေ "ညီမေ ညီမလေးရေ" နှင့် တယုတယ ခေါ်ငင်သံကို ဒီဖက်ဖုန်းထဲကပင် အမြင်ကပ်စရာကောင်းအောင် ကြားရသေး၏။

ဒီလောက်အချိန်တခဏအတွင်းမှာ ကိုကြီးက ဘယ်ကမိန်းမည် သိန်းကြွယ်က အပိုင်ဖမ်းလိုက်သလဲဆိုတာ မသိနိုင်။

ကိုကြီးဟာ တစ်သက်လုံး ရိုးရိုးသားသား ကြိုးကြိုးစားစား ငွေရှာငွေစုလာခဲ့တာ။ အပျော်အပါးလည်းမရှိ။ အသောက်အစားဆိုလည်း ဟော့ဟော့ရမ်းရမ်းမဟုတ်။ တစ်ခါတစ်ရံ ဘီယာ ဘာလေး သောက်တတ်တာလောက်သာရှိတဲ့သူပါ။

ကြယ်တစင်းသည် ခတ်လေ့ကားထဲကနေ လမ်းဝဲ့ချွန်းလာရင်း ကိုကြီးဟာ သူ့ဒီနေ့ပြန်ရောက်မည်မှန်းသိပါလျက် အိမ်ကို လာမကြိုတဲ့အတွက် စိတ်ထဲ မကြည်မလင်ဖြစ်မိသည်။

"ကိုကြီးလည်း ဘာဆေးမိနေပြီလဲ မသိဘူးကွာ၊ ညီတစ်ယောက်လုံးကို လာမကြိုနိုင်အောင် အလုပ်များနေရှာတယ်"

လေဆိပ်ကတည်းက ဒါကိုပဲ မကျေမနပ် ရေရွတ်နေလေသော ကြယ်တစင်းကို ဖြိုးလင်းရောင်က ပြုံးကြည့်မိကာ

"မင်းကလည်းကွာ၊ ကလေးကျနေတာပဲ၊ မင်းအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တကယ်မအားလို့ဖြစ်မှာပေါ့၊ ပြီးတော့ မင်းတစ်ယောက်တည်း ပြန်လာတာမှ မဟုတ်ဘဲ ငါတစ်ယောက်လုံး အဖော်ပါသေးတာပဲ"

သူလည်း သူ့ရဲ့ခရီးဆောင်သေတ္တာကို လက်ကိုင်ဆွဲထုတ်ပြီး ဘီးကလေးလိမ့်ကာ ဆွဲလာသည်။

ကြယ်တစင်းက ကိုယ့်အခန်းရှေ့ရပ်ကာ တံခါးဖွင့်ဖို့ သော့ကို ထုတ်လိုက်ပါသည်။

သူ့ဝယ်ကတည်းက ဒီအခန်းတွေက လိုအပ်တာ ပြင်ဆင်ခွမ်းမံပြီးသားမို့ တံခါးဖွင့်ပြီး အိမ်ထဲဝင်လိုက်တာနှင့် ဖုန်အနံ့နည်းနည်းရှိတာကလွဲရင် အခန်းက ဘာမှပြောစရာမရှိပါ။ အိပ်ခန်းသုံးခန်းလည်း ဖွဲ့ထားသည်။

"မင်းအခန်းက ကျယ်သားပဲကွ၊ ဒီကောင်စကွဲယား ဘယ်ယောက်ရှိလဲ"

ဖြိုးလင်းရောင်က တိုက်ခန်းထဲဝင်ရောက်လာတာနှင့် ဖြတင်းပေါက်တွေ သွားဖွင့်ရင်း အိမ်ကို သဘောကျနေသည်။

ကြယ်တစင်းက ဝတ်လာသော အနောက်တိုင်းဝတ်စုံရဲ့ အပေါ်ကုတ်အင်္ကျီကို ဆွဲချွတ်ကာ ဆိုဖာတစ်လုံးပေါ် ပစ်တင်လိုက်သည်။





လိုအပ်တဲ့ ပရိဘောဂ ဆက်တီ။ နံရံကပ်ဘီရို။ ခုတင်မွေ့ယာ ထမင်းစားပွဲစသဖြင့် အတော်အတန် ဝယ်ထည့်ထားပေမဲ့ တကယ်တန်း လူနေဖို့ကတော့ တခြားလိုအပ်တာတွေ အများကြီး ရှိပါသေးသည်။

ပြီးမှ ဖြိုးရောင်နဲ့ တိုင်ပင်ပြီး ထွက်ဝယ်ရမည်။ လောလောဆယ်တော့ လူက ဟုန်တုန်တုန် ငြီးစီစီကြီးဖြစ်နေတာမို့ ရေမိုးချိုး အနားယူရမည်။

"ငါ ဘယ်အခန်းနေရမှာလဲ ကြယ်စင်"

"ညှော်ခန်းနဲ့ကပ်ရက်က ငါ့အခန်း ဟိုဖက်နှစ်ခန်းထဲက မင်းကြိုက်တာနေပေါ့"

ဖြိုးလင်းရောင်က အဝတ်အစားပင်မလဲသေးဘဲ အခန်းတွေ အရင်သွားဖွင့်ကြည့်နေ၏။

"ဖုန်တွေချည်းပဲကွာ"

"ဟ အကြာကြီးပစ်ထားတဲ့အခန်း၊ ဒီလောက်တော့ရှိမှာပေါ့"

"မင်းအစ်ကိုကြီးက လာမကြည့်ပေးဘူးလား"

"အဲဒါပြောတာလေကွာ၊ သူ့အခန်းတော့ အငှားတင်ထားသယ်



www.burmeseclassic.com

www.burmeseclassic.com



ငါ့အခန်းတော့ ဘာမှတောင် ရှင်းမထားပေးဘူး"

"သူ့အခု ဘယ်မှာနေလဲ"

"သူ့ဘော်ဒါအိမ်မှာပဲ"

"မိန်းမယူပြီးရင် ငါတို့နဲ့နေမှာလား"

"ကိုကြီး (Plan) ပလန်တွေ ငါလည်း ဘယ်သိဦးမှာ လဲကွာ၊ မေးကြည့်ရဦးမှာပေါ့"

ကြယ်တစင်းက နက္ခတိုင်ကိုဖြုတ်။ အောက်ကဝတ်ထားတဲ့ ရှပ်အင်္ကျီ မီးခိုးဖျော့ဖျော့ လက်ရှည်ကိုဆွဲချွတ် သေတ္တာထဲက ချည်သောင်းဘီနှင့် စွပ်ကျယ်အင်္ကျီတစ်ထည်ကို ဆွဲထုတ်၍ လဲလှယ်ဝတ်လိုက်သည်။

"ဟ မင်းက ရေအရင်မချိုးအုံးလား"

"ခဏ အညောင်းဖြေဦးမယ်ကွာ"

ပြောပြောဆိုဆို ကြယ်တစင်းက ဆိုဖာရှည်ကြီးပေါ်လှဲချလိုက်ပါသည်။ အရပ်ကြီးမြင့်ကာ လူကထွားကျိုင်းစိုပြေသလောက် ဒီကောင် အတော်ညောင်းတာတ်သည်။ သူ့များရဲ့ အနှိပ်အနယ်ခံရတာလည်း ဝါသနာပါသည်။

ဖြိုးလင်းရောင်က အသားညိုညို ကျစ်ကျစ်လစ်လစ်နှင့်





ပိန်သေးတဲ့ ဘော်ဒီမျိုးဖြစ်ပြီး ကြယ်တစင်းကတော့ အရပ်က ငါးပေဆယ့်တစ်မှာ ပုခုံးကျယ်ကျယ် ရင်အုပ်ကားကားနှင့် ဖောရိုန်မှာကြီးအလား ထင်ရပါသည်။

သူ့ဒက်ဒီရုပ်ရည်မျိုး။ သူက သူ့မာမီနှင့် လုံးဝမတူ။

"ဒါဆို ငါ ဒီအခန်းပဲနေမယ်၊ ငါ ရေချိုးလိုက်ဦးမယ်၊ ပြီးရင် တစ်ခုခုသွားစားကြမယ်"

ဖြိုးလင်းရောင်က ပြောပြောဆိုဆို သူ့လပ်ရှေ့ရဲ့ သူ့တွန်းလျှက် အခန်းထဲဝင်သွားပါသည်။

ကြယ်တစင်းသည် အိမ်မှာရှိပြီးသား ကြိုးဖုန်းကို ပထမဆုံးဖို့ ခုမှသတိရသည်။

လှဲလျောင်းနေရာက မထချင်ထချင် ပြန်ထပြီး ဖုန်းကို လေပ်ထိုးလိုက်ပါသည်။

ဖုန်းက ချက်ချင်း အော်တိုဝင်လာသဖြင့် ပြန်ချထားလိုက်သည်။

ပြီးလျှင် ဝါးခနဲတစ်ချက်သန်းဝေကာ ဆိုဖာရှည်ပေါ် ပြန်လှဲအချ။

"တူ တူတူ တူ တူတူ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြည်သံ ခပ်စူးစူးကထွက်လာ၏။ အခုမှပြန်ရောက်တာဖြစ်သဖြင့် ဖုန်းကို ကော့်လက်စ်လည်း မလုပ်ရသေး။

"ကျွတ်"

ကြယ်တစင်းက စိတ်မရှည်စွာ ဖုန်းလာကိုင်လိုက်သည်။

"ဟယ်လို"

"ဒီမှာ ဦးလမင်းဇော်၊ ကျွန်မတို့ကို သမီးတော်ဖို့ လုံးဝမစဉ်းစားပါနဲ့"

ခပ်ဆတ်ဆတ် အမိန့်ပေးသံကြောင့် သောင်းညာကာ အိပ်ချင်နေသော ကြယ်တစင်းမျက်လုံးတွေက ပြူးကျယ်သွားရသည်။

ဦးလမင်းဇော်ဆိုတော့ သူ့ကို ကိုကြီးထင်လို့။

ပြီးတော့ သမီးတော်ဖို့ မစဉ်းစားပါနဲ့ဆိုတော့ ဒါက ကိုကြီးတွဲနေတယ်ဆိုတဲ့ မုဆိုးမ အန်တီကြီးရဲ့ သမီးပေါ့။

အသံက မိန်းမပျိုတစ်ယောက်ရဲ့အသံမျိုး။

ကလေးရှိတယ်ကြားပေမဲ့ ဒီအရွယ်ဟု လုံးဝမထင်။

"မင်းဘယ်သူလဲ"

"မသိချင်ယောင်မဆောင်ပါနဲ့ အန်ကယ်လ်၊ ကျွန်မ ဒေါ်





မြခွာညို့ရဲ့ သမီးဆိုတာ ထပ်ပြောရဦးမှာလား"

"မင်းမှားနေပြီ"

"အို ဘာမှမှားစရာမရှိဘူး၊ ကျွန်မကို လေသံပျော့လေးနဲ့ သူတော်ကောင်းလိုလို လာမပြောနဲ့၊ ကျွန်မမေမေကိုလည်း သိမ်းသွင်းဖြားယောင်းဖို့ မကြိုးစားပါနဲ့၊ မေမေက သူ့ဘဝ သူရပ်တည်နိုင်တယ်၊ ဘယ်ယောက်ျားရဲ့ အကူအညီ အထောက်အပံ့မှမလိုဘူး၊ ကျွန်မတို့လည်း အန်ကယ်လ်ကို ပထွေးမတော်နိုင်ဘူး"

ကောင်မလေးက သူပြောချင်ရာ အတင်းစွတ်ပြောနေပါသည်။ ဒေါသတွေတောက်လောင်ပြီး အသက်ရှူသံလေးက မြန်ဆန်နေသည်။

သူမရဲ့ ဒေါသသံကြောင့် ဒီဖက်က ကြယ်တစင်းလည်း စိတ်တွေတိုလျက် မျက်မှောင်ကုပ်သွားရသည်။

ဘာလဲ။

နေရင်းထိုင်ရင်း လူကို တစ်ဖက်သတ်ကြီး လာကောနေပါလား။

"ရှင်းရှင်းပဲပြောလိုက်မယ်၊ အန်ကယ်လ် ဒီကိစ္စကိုရောက်ဆုတ်လိုက်ပါ၊ ကျွန်မတို့ကို တွေ့ဆုံပြီး ခင်မင်ရင်းနှီးအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးပမ်းဖို့ ရည်ရွယ်ချက်ရှိနေရင်လည်း စောစောစီးစီး လက်လျှော့လိုက်ပါ၊ မမေ့ကိုသာ အန်ကယ်လ် လက်ထပ်မယ်ဆိုရင် အန်ကယ့်ဘဝမှာ ပြင်မရတဲ့ နောင်တတွေရသွားလိမ့်မယ်၊ ဒါပဲ ကြိုပြောထားလိုက်မယ်၊ နောင်မှ ကျွန်မတို့ကို အပြစ်မဆိုနဲ့နော်"

သူမက ခြိမ်းခြောက်သလိုလိုပြောသဖြင့် ကြယ်တစင်းက မျက်နှာမဲ့မိသည်။

"ဘာလို့တိတ်နေတာလဲ အန်ကယ်လ်၊ တောင်းပန်ဖို့ စဉ်းစားနေတာလား၊ ဒီကိစ္စက တောင်းပန်လို့မရဘူး၊ ကျွန်မတို့ လုံးဝသဘောမတူနိုင်ဘူး၊ အန်ကယ့်လ်မှာ ငွေရှိတယ်ဆိုရင် ယူစရာမိန်းမတွေတပုံကြီးရနိုင်ပါတယ်၊ ကျွန်မတို့ မမေကိုတော့ လုံးဝစိတ်မကူးပါနဲ့၊ မမေက အန်ကယ်လ်ထင်နေသလို ပျော့ပျော့ညံ့ညံ့နဲ့ ယောကျ်ားတစ်ယောက်မှ မှီခိုစရာမရှိရင် မဖြစ်တော့မယ့် မိန်းမစားမျိုးမဟုတ်ဘူး၊ အခုအနေအထားအတိုင်းပဲ ကျွန်မတို့ မိသားစုဘဝလေး ပြည့်စုံအေးချမ်းပြီးသားပါ၊ ကျွန်မတို့မိသားစုထဲ အန်ကယ်လ်ဝင်မလာချင်ပါနဲ့၊ အားလုံး ရှုပ်ထွေးကုန်လိမ့်မယ်၊ ပထွေးဆိုတာကောင်းတယ်လို့ ဘယ်ရာဇဝင်မှာမှမရှိဘူး၊ ဘယ်နည်းနဲ့မှ အန်ကယ့်လ်ကို ပထွေးမတော်နိုင်ဘူး၊ ကျွန်မပြောချင်တာဒါပဲ၊ နောင်





တို မမေနဲ့ လုံးဝမပတ်သက်ပါနဲ့"

"တောက်"

ပြောချင်ရာတွေ တောက်လျှောက်မနားတမ်းပြောပြီး တစ်ဖက်က ဖုန်းချသွားတာမို့ ကြယ်တစင်းက တောက်တချက်ခေါက်မိ၏။ သူ့ရင်ထဲမှာ ပူစပ်ပူလောင်ကြီးလည်း ဖြစ်သွားသည်။

သူ့အရင်က အကောင်းမြင်ဝါဒသမားတစ်ယောက်ပါ။ ဒါပေမဲ့ ကိုကြီးကို ဒီလောက်ထိ ပက်ပက်စက်စက်ပြောနေတာ နားနှင့်ဆတ်ဆတ်ကြားလိုက်ရတော့ သူ အတော်မခံမရပ်နိုင်အောင် ဖြစ်သွားရသည်။

ကိုကြီးကိုလည်း ဒေါသမဖြစ်စဖူး ဖြစ်လာကာ စိတ်ထဲက အပြစ်တင်မိသည်။

ကျွတ် ကိုကြီးရာ။ မိန်းမဒီလောက်ပဲ ရှားရသလားကွာ။

ကိုယ့်အစ်ကိုမို့ ကြွားပြောတာမဟုတ်။ ကိုကြီးဟာ မျက်ခုံးထူထူ။ စူးရှသော မျက်လုံးမျက်ဖန်နှင့် ကြည့်လိုက်ရင် အင်မတန်ချွဲဆောင်မှုရှိတဲ့ ယောကျ်ားတစ်ယောက်ပါ။ အဝတ်အစားဝတ်ပုံနှင့်ဆံပင်စတိုင်လ် လမ်းလျှောက်ပုံစတိုင်တွေဟာလည်း အမှတ်တမဲ့ကြည့်ရင် ကိုရီးယားမင်းသားတစ်ယောက်နှင့် တူသလိုထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးလည်း ပြည့်စုံအောင်ရှာထားပြီးသား။ ပညာကလည်း အင်ဂျင်နီယာ။ ဂျပန်မှာ အနေကြာခဲ့ပြီး စကားပြောရင်တောင် အင်မတန်ယဉ်ကျေးသိမ်မွေ့ အေးဆေးလှတာ။ ကိုကြီးမှာဘာမှ အပြစ်ဆိုစရာမရှိပါ။

တစ်ခုပဲ ထောက်ပြစရာရှိတာက အသက်အရွယ်။ ဒါကလည်း ယောက်ျားလေးအရွယ်လွန်တာဟာ မိန်းကလေး အရွယ်လွန်တာလောက် ပြဿနာမရှိပါ။

သမီးကညာ အခါမလင့်စေနဲ့လို့သာ သတိပေးစကားရှိတာ။ သားလုလင် အချိန်မနှောင်းစေနဲ့လို့ ဆိုရိုးသတိပေးစကားမရှိဘူးလေ။ ယောက်ျားလေးမို့ မိန်းမယူဖို့ အချိန်နှောင်းစရာအကြောင်းမရှိ။

ကိုယ့်အရည်အချင်း ကိုယ့်ဂုဏ်သိက္ခာနဲ့ ယူပါလားဗျာ။ သမီးရှင်တွေကိုယ်တိုင် စပ်ဟပ်တာတွေပင် အများကြီး။

အရင်တုန်းကတော့ မိန်းမယူဘူးချည်း ကြွေးကြော်လာခဲ့ပြီး အခုမှ ဘာစိတ်ကူးပေါက်သလဲမသိ။

စိတ်ကူးတော့လည်း ကြည့်စမ်းပါဦး။

ကောင်းကောင်းမွန်မွန်လေးထဲကမရွေးဘဲ မုဆိုးမတွေ





ခုလပ်တွေထဲကမှ သွားစဉ်းစားသည်။

တော်တော်ကိုညံ့တဲ့ ကိုကြီး။

ဒီကြားထဲ ဟိုဘက်က မယားပါသမီးလေးသံက ဦး။

ဘဝင်မြင့်ပြီး အောက်ခြေလွတ်နေတဲ့အသံ။

သူတို့အမေ အဘွားကြီးကိုများ လာတွန့်တိုနေရသေးသည်။

လုံးဝပြောင်းပြန်စီးရီးကြီး။

ကိုကြီး ကိုကြီး။ ရိုးရိုးအေးအေးနေလာခဲ့တော့ အခုမှ နေရပြီ။

ကြယ်တစင်း စိတ်ထဲမှာ ကိုကြီးကို သနားလည်းသနား ပါသည်။

မိန်းမဘက်ကပါလာတဲ့ သမီးဟာ အဆင့်အတန်းမရှိ စွာ ထားမ။

နေစမ်းပါဦး။ သူမပြောသွားတာ ဒေါ်မြခွာညိုသမီး။

ဒေါ်မြခွာညို။

ဒီနာမည်ကို ကြယ်တစင်း ငယ်ငယ်က ကြားဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအစ်ကိုက ရည်းစားဦးနဲ့လွဲခဲ့လို့ မာမိကို စိတ်ကောက် ပြီး ခုထိ မိန်းမမယူတာ"ဟု မာမီပြောခဲ့ဖူးတာကိုလည်း ပြန်အမှတ် ရသည်။

ကိုကြီးရည်းစားထားတဲ့အချိန်မှာ ကြယ်တစင်းက သုံးလေး နှစ်သား့ပဲ ရှိဦးမှာ။

နောက်မှ မာမီပြန်ပြောတာ ကြားဖူးနားဝရှိခဲ့လို့သာ ဒီအမည်ကို မှတ်မိနေတာ။

ဒါဆိုရင် ကိုကြီးခေါ်တဲ့ ညီလေးဆိုတဲ့ မိန်းမဟာ ဒေါ်မြ ခ္ခာညို့ပဲလား။

ဒါဖြင့် ထိုမိန်းမက ကိုကြီးရဲ့ အချစ်ဦးပေါ့။

အချစ်ဦးမို့လို့သာ ကလေးနှစ်ယောက်အမေ မုဆိုးမဖြစ်တဲ့ အထိ စိတ်မကုန်ဘဲ နောက်တကြိမ် ပြန်ချဉ်းကပ်ခဲ့တာဖြစ်မည်။

ဒါဟာ ကိုကြီးအတွက် ဒုတိယအရွယ်ရဲ့ နောက်ဆက်တွဲ ဝေဒနာ။

သို့သော် ကိုကြီးက စိတ်မကုန်ဘဲ ပြန်ချဉ်းကပ်လည်း အဲဒီဒေါ်မြခ္ခာညိုကြီးက လက်သင့်မခံနဲ့တော့ပေါ့။ ဘာကြောင့် ခွဲခေါင်သိမ်းပိုက်ဖို့ ကြံစည်ရတာလဲ။ သူမသာ ငြင်းလိုက်ရင်





ရှင် ပြီးပြီ။

သမီးလေးတွေ အရွယ်ရောက်နေပြီ။ ကျွန်မလည်း အိမ် ထောင် ထပ်မပြုချင်တော့ပါဘူးလို့ အပြတ်ငြင်းလိုက်ပါလား။

မငြင်းတဲ့အပြင် သူက မြန်မြန်ဆန်ဆန် လက်ထပ်ယူဦး မည်။

အတော်မှန်းစရာကောင်းတဲ့ မိန်းမကြီးပဲ။ ဒါကြောင့် ဟိုး နှင်တတည်းက မာမီလုံးဝမဘောမတူခဲ့တာ။

ကိုကြီးကလည်း မာမီမရှိတော့တာနှင့် မြန်မာပြည်ပြန်ပြေး သည်။ ပြီးတော့ လက်လွှတ်ဆုံးရှုံးခံခဲ့ရသည့် ဒီရည်းစားဦး ကို တစ်ဘဝစာအပ်နှင်းဖို့ အတွေအဝေမရှိဘဲ ဆုံးဖြတ်သည်။

ညီလေးဖြစ်တဲ့ ကြယ်တစင်းကိုတောင် မတိုင်ပင်။

တိုင်ပင်ရင်တော့ သူလည်း သဘောတူမှာမဟုတ်ပါ။

ဒါကို ကိုကြီးကလည်း သဘောပေါက်ပုံရသည်။ သူကိစ္စ အသယ်သူ့မှမတိုင်ပင်ဘဲ သူ့သဘောသူဦးဆောင်ပြီး စီစဉ်နေတာ သည်။

ကြယ်တစင်း အစ်မဖြစ်တဲ့ မမကလျာလည်း ကိုကြီး အကြောင်းတွေ မသိသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ပဲ မမကလျာဆီ ကိုကြီးအကြောင်းတွေ သတင်းပို့
မည်။

ကြယ်တာစင်းက သေချာမှပဲ သတင်းပို့မယ်လို့ ကြံစည်
ထားတာ။

အခုတော့ ပြောပြမှဖြစ်မည်။

ဒေါ်မြခွာညိုသမီးကိုလည်း အသံကြားရုံနှင့် ကြယ်တာစင်း
အလိုလိုမုန်းသည်။ မာန်တက်ပြီး ဂုဏ်မောက်နေတဲ့လေသံမျိုး။

အန်ကယ်ဟု ခေါ်သံကိုတော့ ကြယ်တာစင်း ခပ်မဲ့မဲ့ပြုံး
မိသည်။ သူနှင့်ကိုကြီးက ရုပ်ချင်းမဆင်ပေမဲ့ အသံချင်းတော့
ခပ်ဆင်ဆင်တူသည်။ ဖုန်းထဲကဆိုရင် သိပ်မသဲကွဲလှ။

ဟိုဘက်က မိန်းကလေးသည် သူ့အသံကိုကြားတော့
ကိုကြီးလို့ပဲ ထင်မှတ်ယူဆလိုက်ပုံပေါ်သည်။ ကိုကြီးကို ရန်တွေ့
တားမြစ်တဲ့စကားလုံးတွေကို သူက ကြားထဲကနေ နားထောင်လိုက်
ရသလို ဖြစ်သွားသည်။

ကြယ်တာစင်းသည် ထိုကောင်မလေး စကားတွေကြောင့်
ဒေါသတွေဖြစ်ပြီး တစ်ယောက်တည်း နှပ်ကျက်ကွဲနေမိသဖြင့်
အေးအေးဆေးဆေး လဲလျောင်းအနားယူမည့် အစီအစဉ်လည်း





...ကျသွားရပါသည်။

"ငါကလည်း ငါ့အစ်ကိုကြီးကို မင်းအမေလို မုဆိုးမ
...ကြီးနဲ့ သဘောမတူပါဘူး" ဟု ပြောလိုက်ချင်သေးသည်။

မင်းဘက်ကပဲ နာရတယ်လို့ကွာ။

ဒီလို ပထွေးမျိုးရဖို့ တစ်တိုင်းပြည်လုံး လှည့်ပတ်ပြီးပဲရှာ
...တ်စမ်းပါဦး။

ကိုကြီးမှိုလို့သာပေါ့။

သူသည် ကိုကြီးကိုလည်း ကြိတ်မနိုင်ခဲမရ မချင့်မရဲကြီး
...ဖြစ်တင်နေမိသည်။ တားလို့ရလျှင် သူတားချင်သည်။ ဒါပေမဲ့
...ကြီးက ပြန်မပြောနားမထောင်နှင့် သူလုပ်ချင်ရာကို ခေါင်းမာမာ
...ကြီးကြီး လုပ်တတ်သူဆိုတာလည်း သူ ကောင်းကောင်း သိနေ
...သည်။

ဒီလိုပဲ ဟိုဖက်က ဒေါ်မြခွာညိုသမီးဆိုတာလည်း ဘာမှ
...တတ်နိုင်လို့ ဖုန်းဆက်ရန်တွေ့တာပဲဖြစ်မည်။ ဒါပေမဲ့ နောက်ဆုံး
...တော့ ကိုကြီးဦးလမင်းဖော်ပဲ သူမရဲ့အဖေနေရာကို ရောက်လာ
...မှာ မြင်ယောင်သေးသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

၅

"မင်း ဘာတွေပေါက်နေတာလဲ ကြယ်စင်း"

ဖြိုးလင်းရောင်က သူ့ကို ကြယ်တစင်းမခေါ်ဘဲ ရင်းရင်းနှီးနှီး ကြယ်စင်းပဲခေါ်သည်။ ဖြိုးရောင်နှင့်သူက ဟိုမှာ ကျောင်းအတူတက်ရင်း ရင်းနှီးလာတဲ့ သူငယ်ချင်းတွေ။

ဖြိုးရောင်မိသားစုတချို့လည်း ဟိုမှာရောက်နေပြီ။

"မမကလျာလေကွာ"

မမကလျာပြန်ပို့လိုက်တဲ့ (e.mail) အီးမေးလ်ကိုဖတ်ပြီး သူ့ပိုစိတ်ခာတ်ကျရသည်။

*သားငယ်...*

*ကိုကိုမိန်းမယူမယ့်ကိစ္စ ငါသိပြီးပါပြီ။*

*ကိုကိုက ရှာမ်းတိုင်ဖွင့်ပြောပြပါတယ်။*

*သူတစ်ယောက်တည်း ကြိတ်ဆုံးဖြတ်တာ မဟုတ်ပါဘူး။*



www.burmeseclassic.com

www.burmeseclassic.com



*နှင့်ကိုသာ စာမေးပွဲဖြေနေလို့ ဘာမှမပြောဖြစ်တာပါ။ ကိုကို့အပေါ် နားလည်ပေးလိုက်ပါ။*

*မာမီကတောင် နောက်ဆုံးမှာ သူ့သဘောလို့ ခွင့်ပြုသွားခဲ့သေးတာပဲ။*

*ကိုကိုနဲ့ မမခွာညိုနဲ့ ဒီအချိန်မှ ဖူးစာဖက်ကြဖို့ အကြောင်းကံရှိတယ်လို့ပဲ သဘောထားလိုက်ပါ။*

*မခွာညိုရဲ့သမီးတွေ သဘောတူတာမတူတာ သားငယ်မဆိုင်ဘူးလေ။ ဒီကိစ္စကို ကိုကို့ဘာသာအချိန်ယူ ဖြေရှင်းညှိနှိုင်းမှာပေါ့။*

*ကိုကိုက ငါတို့မောင်နှမတွေအတွက် အချိန်တွေအများကြီးပေးခဲ့ပြီးပါပြီ။*

*အခုမှ သူ့ဘဝသာယာမှုကို သူတည်ဆောက်မှာ နှင်မကန့်ကွက်နဲ့ သားငယ်။*

*သူကြိုက်တဲ့ မိန်းမကို သူယူပါစေ။ တကယ်လို့ နှင်နဲ့ မခွာညိုနဲ့ ဆုံလာရင်လည်း မရိုးတစ်ယောက်အနေနဲ့ ပြေပြေလည်လည်ပဲ ဆက်ဆံပြောဆိုနော်။ ကိုကို့ကို နောက်တစ်ကြိမ် စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့။ သူ့စိတ်ချမ်းသာပါစေ။*





*နှင်လည်း ကောင်းကောင်းနေပါ သားငယ်။ ညည်းစားရပြီဆိုလည်း ငါ့ကိုပြောပြဦးနော်။ ဒါပဲ နောက်မှ ငါထပ်ဖုန်းဆက်မယ်။*

ဖြိုးရောင်က အတွဲဝင်ဖတ်ပြီး ရယ်မောနေသည်။

"သူပြောတာ သဘာဝကျသားပဲကွာ၊ မင်းက ဘာဖြစ်နေတာလဲ"

"မင်းမသိပါဘူး၊ ဒေါ်ခွာညိုသမီးက ဖုန်းဆက်တယ်၊ ကိုကြီးကို သူ့အမေနဲ့ မပတ်သက်ဖို့ တားတာကွ"

"မင်းဒီရောက်နေတာ ဘယ်လိုသိလဲ"

"ဘယ်ကသိရမှာလဲ၊ ဒီဖုန်းကို ဘယ်လိုသိနေသလဲတော့ မပြောတတ်ဘူး၊ ငါ့ကို ကိုကြီးမှတ်ပြီး အန်ကယ်ဆိုပြီး မာရေကျောရေ ပြောသွားတာကွ"

"ဟား ဟား ဟား၊ မင်းက သူညီဆိုတာ မပြောလိုက်ဘူးလား"

"ပြောချိန်ကို မပေးတာကွ၊ တဖက်စောင်းနင်း အသံအုန် စွပ်ကောနေတာ"

"ဒေါ်ခွာညိုသမီးက ဘယ်အရွယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



“မသိဘူး၊ နှစ်ဆယ်လောက်တော့ ဖြစ်ချင်ဖြစ်မယ်၊ အဲဒီအန်တီက ကိုကြီးနဲ့ လမ်းခွဲပြီးတာနဲ့ ယောကျာ်းတန်းယူလိုက်တာလို့ ပြောတယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကဆိုတော့ သူ့သမီးက အလွန်ဆုံးနှစ်ဆယ်ပေါ့”

“မင်းအစ်ကိုကလည်း ကြီးမှ ဝက်သက်ပေါက်ရသလိုဖြစ်နေတာပေါ့၊ သူတို့ကလည်း ဒီအချိန်မှ အဖေအသစ် ဘယ်လိုလားပါ့မလဲ၊ ကလေးက နှစ်ယောက်ဆို နောက်တစ်ယောက်ကသားလား”

“ငါလည်း သေချာမှမသိတာကွာ”

“ဘာပဲဖြစ်ဖြစ်ပေါ့ကွ၊ မင်းဘာမှ ခေါင်းစားမနေနဲ့၊ ဒါမင်းအစ်ကိုကြီး ခေါင်းစားရမယ့်ကိစ္စပဲ”

ဖြိုးရောင်ကလည်း သူ့ကို ဖျောင်းဖျသည်။ ကြယ်တစင်းကလည်း မဆိုင်သလိုမနေတတ်။

“ဟေ့ကောင်၊ သန်းထိုက်တို့နဲ့ ဂဲသားရင်းကိစ္စချိန်းထားတာ ဘယ်အချိန်လဲ၊ နာရီကြည့်ဦး နောက်ကျနေပြီကွ ငါတို့လစ်ရအောင်”

ဖြိုးရောင်သတိပေးမှပဲ သူလည်း စိမ်းလန်းစိုပြေမှာ





သူငယ်ချင်းတွေနဲ့ ပြန်ဆုံကြဖို့ရှိတာ သတိရသွားပါသည်။

အထက်တန်းကျောင်းတုန်းက ဘော်ဒါတွေ။ တချို့လည်း အလုပ်တွေဝင်နေပြီ။ တချို့လည်း မိန်းမတွေရတုန်းပြီ။

ကြယ်တစင်းတို့လည်း ဒီမှာ ယောလောဆယ် အားလပ်နေသဖြင့် ဖုန်းတွေဆက်ကာ ရတတ်သမျှ ပြန်စုစည်းပြီး သူငယ်ချင်းတွေ ပျော်ပျော်ပါးပါး တွေ့ဆုံစားသောက်ကြဖို့ စီစဉ်ခြင်းဖြစ်သည်။



www.burmeseclassic.com

"တကယ်တော့ မိသားစုရဲ့ တကယ်နေရာစစ်ဆိုတာ ထိုယ်နေတဲ့ ကိုယ့်အိမ်ပဲလေ၊ ဒီထက်ပိုနွေးထွေးလုံခြုံတဲ့ နေရာဆို တာ ဘယ်မှာမှမရှိဘူး၊ ဒါကြောင့် မေမေနဲ့ ကိုဇော်နဲ့ တိုင်ပင်ပြီး အစီအစဉ်ပြောင်းလိုက်တယ်၊ ဟိုတယ်တစ်ခုခုမှာ သွားမစားတော့ ဘူး။ ကိုဇော့်ကို ဒီတနင်္ဂနွေမှာ အိမ်ကိုပဲ ဖိတ်လိုက်တယ်"

သောကြာနေ့ညနေမှာ မေမေက ဤသို့စကားစလာခဲ့ပါ သည်။

"ကိုဇော်နဲ့သမီးတို့ကိုလည်း ရင်းနှီးခင်မင်သွားစေချင် တယ်၊ သမီးတို့ဖက်က ပထွေးဆိုတဲ့ အမြင်ကြီးနဲ့ကြည့်မရချင် နေမယ်၊ ဒါပေမဲ့ သိပ်မကြာခင် သူက မေမေခင်ပွန်းဖြစ်လာ အခါ သမီးတို့နဲ့လည်း အလိုလိုပတ်သက်ရမှာပဲလေ၊ သမီးတို့ မေမေ့ကိုချစ်တော့ မနာလိုလည်းဖြစ်နိုင်တယ်၊ မေမေနားလည်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဒါပေမဲ့ အဲဒီနေ့ ကိုဇော်ရောက်လာရင် ဘာမှကလန်ကဆန် မလုပ်နဲ့နော်၊ အသည်းစွဲက စကားမပြောဘဲ ပါးစပ်ကြီးပိတ်နေဖို့ မစဉ်းစားနဲ့၊ ချိုလေးကလည်း မျက်နှာကြီးစူပုတ်မထားနဲ့နော်၊ ဒါပဲ မေမေကြိုပြောထားတယ်"

မေမေရဲ့ သတိပေးစကားကြောင့် အသည်းစွဲနဲ့ ချိုမြိန်က ထုံးစံအတိုင်း မျက်လုံးချင်း ဖျတ်ခနဲဆုံကာ အသံတိတ်နည်းဖြင့် စကားပြောမိကြသည်။

ကြည့်ရတာ ဦးလမင်းဇော်က အသည်းစွဲ ဖုန်းထဲက တားမြစ်သတိပေးတဲ့စကားကို မေမေ့အား ပြန်ပြောပုံမရပါ။

ဘာမှဂရုမစိုက်ဘဲ ရှေ့ဆက်ကြမယ်လို့ သူ့သဘောထားကို စစ်ကြေညာလိုက်ခြင်းပဲဖြစ်မည်။

မျက်နှာပြောင်တိုက်ပြီး အိမ်ကိုတောင် လိုက်လာဦးမည်။ တွေ့ကြသေးတာပေါ့ ဦးလမင်းဇော်ရေ။

နှစ်ယောက်သားမှာ စိတ်ထဲက ကြိမ်းဝါးရင်း ဒီကိစ္စကို ဘယ်လို တိုက်စစ်ဆင်နေ့ဝင့်ယှက်ရမလဲဆိုတာ ကြိတ်စဉ်းစားအကြံထုတ်နေမိကြသည်။

ဒီလိုနှင့် မေမေနှင့်ကြီးစိန် အကြီးအကျယ် စောင့်မျှော်ကာ





ကြိုတင်ပြင်ဆင်နှင့်သော တနင်္ဂနွေနေ့သို့ ရောက်ရှိလာပါတော့သည်။

ဦးလမင်းဇော်သည် သူ့ရဲ့ကင်မရီ နက်ပြာလေးနှင့် တစ်ဦးတည်း တက်တက်ကြွကြွ ခြံထဲမောင်းဝင်လာသည်။

မေမေက သူ့ကားနားသို့ အပြေးကလေး ဆင်းကြိုသည်။ ကားတံခါးဖွင့်ကာ ဆင်းလိုက်တဲ့အခါ သူ့ပုံစံက ခါတိုင်းလို အောင်းဘီရှည် တီရှပ် ဂျာကင်တွေနှင့်မဟုတ်ဘဲ စတိုင်လ်ကျလှသော ရှပ်အင်္ကျီလက်ရှည်နှင့် စီးညိုရောင် ပုဆိုးမှောင်မှောင်တို့ကို ရှူကြီး လှကောင်းဆန်ဆန် သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားလေသည်။

ဆံပင်ကိုလည်း ဂျယ်နှင့်ပြောင်လက်သပ်ရပ်အောင် ဖြီးထားသဖြင့် သူ့ပုံစံက ပိုရင့်ကျက်တည်ကြည်သလို ထင်ရ၏။ မိန်းကလေးရဲ့ သမီးတွေနှင့် တွေ့ဆုံဖို့ရှိတယ်ဆိုပြီး တည်တည်တံ့တံ့ ကြီးပုံဖမ်းလာတာပါ။

ဖိနပ်က မန္တလေးကတ္တီပါဖိနပ်အနက်ရောင်ကို စီးထားသော ဖွေးဖွေးသန့်သန့် သူ့ခြေအစုံနှင့် အတော်ကြည့်ကောင်း ရှင်းသန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသည်းစွဲနှင့် ချိုလေးသည် ကိုယ့်အစီအစဉ်နှင့်ကိုယ်ရှိပြီးသားမို့ သူ့ကို အသာလေးစောင့်ကြည့် အကဲခတ်နေကြပါသည်။

ဦးလမင်းဖော်က မေမေနှင့်ပြိုးရယ်စကားဆိုရင်း တိုက်ထဲသို့ အတူဝင်လာကြသည်။

ဖိနပ်ကို ဖိနပ်ချွတ်ကြွေပြားခင်းမှာ ထောင့်ကပ်ချွတ်ပြီးမှ ဦးလမင်းဖော်က ဧည့်ခန်းထဲ လှမ်းဝင်လာသည်။

အသည်းစွဲနှင့် ချိုမြိန်သည် သူ့ကို ရှောင်မနေတော့ဘဲ ခပ်တည်တည်ပဲ ရင်ဆိုင်လိုက်ပါသည်။

သူက အသည်းစွဲတို့ကိုမြင်လျှင် ဖော်ရွေသော မျက်နှာနှင့် ခေါင်းဆတ်ပြုံးပြနှုတ်ဆက်သည်။

"ညီ့သမီးနှစ်ယောက်လေ၊ ဒီဘက်က အသည်းစွဲ၊ သူက အငယ်မ ချိုမြိန်ပေါ့"

"သမီးတို့နဲ့တွေ့ရတာ ဦးဖော်ဝမ်းသာပါတယ်၊ သမီးတို့အမေက သူ့သမီးနှစ်ယောက်အကြောင်း အမြဲပြောပြလို့ ဦးဖော်စိတ်ထဲမှာတော့ သမီးတို့နဲ့ ခင်မင်ရင်းနှီးပြီးသားပါ"

"ဟုတ်ကဲ့ ကျွန်မတို့ကလည်း ကြိုဆိုပါတယ်" ဟု ချိုလေးက မပြုံးမရယ် မျက်နှာလေးနှင့် စိတ်မပါသလို





တမင်ရွဲ့ပြောတဲ့အသံမျိုးနှင့် ပြောလိုက်လေသည်။

"ထိုင်ဦးလေ ကိုဖော်"

မေမေက ပြောရင်း လယ်သာဆက်တီတွေဖက်ကြည့်သည်။ မနက်ကတည်းက ရှင်းလင်းထားတဲ့ ဧည့်ခန်းက အခုခဏလေးမှာ ဘယ်လိုပွရှုပ်သွားပါလိမ့်။

မုန့်စားပွဲပေါ်က စားပွဲခင်းကြီးက ရွဲ့စောင်းလို့ ပန်းအိုးထဲက ပန်းတွေကိုလည်း ချိုလေးတို့ တမင်တစ်ပွင့်ချင်း ထုတ်ဆွဲထားခြွေထားသဖြင့် ပွင့်ဖတ်တွေ အရွက်တွေက စားပွဲပေါ် ပွရှုပ်နေသည်။

ဒါတင်မက နေကြာစေ့ခွံတွေရော၊ စားလက်စ အချဉ်ထုပ်တွေရော၊ ဒါတွေ ဒီလောက်မြန်မြန် ဒီနားကို ဘယ်လိုရောက်လာတာလဲ။

အသည်းစွဲတို့လက်ချက်ပဲဆိုတာသိတာနှင့် ဒေါ်မြခွာညိုမျက်နှာအနည်းငယ် ပျက်သွားရပါသည်။

ထိုင်ဖို့ ဆက်တီပေါ်မှာ လင်ဗန်းနဲ့ ကော်ဖီခွက်အပေတွေလည်း ရောက်နေသည်။ ပြီးတော့ နောက်ဆက်တီတွေမှာ ဖွင့်ဖတ်ထားတဲ့ စာအုပ်တွေ၊ ဘောလ်ပင်နဲ့တွေ တီဗီရီမုတ်တွေ ထည့်ထားတဲ့ ကောကလည်း မှောက်ပြီး ရီမုတ်ဆယ်ခုလောက်က ပြန့်ကျဲ



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

သူတို့ကိုယ်သူတို့ စည်းကမ်းမရှိဖြစ်သလို နေတတ်တဲ့ မိန်းကလေးတွေလို့ တမင်လုပ်ပြထားတာ။

ဦးဇော်ထိုင်ဖို့ ဆက်တီတစ်လုံးကို မေမေကပဲ ဖျတ်ခနဲ ကောက်ရှင်းလင်း ထပ်သိမ်း၍နေရာ လုပ်ပေးရ၏။

ဒေါ်ခွာညိုက နှုတ်ကတော့ ဘာမှမပြော။

သမီးတွေ အသံတိတ် ဆန္ဒပြနေတာပဲဟု သူရိပ်မိပါသည် သူ့ဖက်ကတော့ ပြောလည်းမှုရပါစေ။ ရှင်းနှီးအဆင်ပြေသွားပါစေ ဟု ဆုတောင်းထားရတာအမောပါ။

အသည်းစွဲနှင့် ချိုမြိန်သည် ပြုံးတွေ့တွေ့လေးတွေနှင့် ဦးဇော်ရှေ့မှာထိုင်ကာ ဦးဇော်ကိုပဲ ပြုံးတူးပြဲတဲ့ ဝိုင်းကြည့်သည် တမင်ကို မျက်တောင်ပင်မခတ်။

ရှေ့ကမိန်းကလေးနှစ်ယောက်သား သူ့ကို မလွှဲတမ်း စိုက် ကြည့်နေသဖြင့် လမင်းဇော်သည် ဘာလုပ်ရမှန်းမသိ နေရခက်လာ ပါသည်။

ညီနှင့်တစ်ခုခုပြောနေတာပဲ ကောင်းမည်။

"ညီတို့ ဒီနေ့ အလုပ်များနေကြတယ်ထင်တယ်"





"မများပါဘူး"

"မေမေလား၊ မေမေညက အိပ်ပျော်ရဲ့လားတောင် သိပါဘူး၊ ပြီးတော့ မနက်မိုးမလင်းခင်ထပြီး ဈေးသွားတယ်၊ ဆီးဖုဒ်တွေသွားရှာဝယ်တာ၊ ဦးလေးက ကိုကာဆူကီပဲကြိုက်တယ် ခင်တယ်၊ ချိုလေးတို့ကတော့ ငါးဆို လုံးဝမကြိုက်ဘူး၊ ငါးတွေ ပုန်တွေ ဆီးဖုဒ်တွေပဲ နင်းကန်စားရင် လူက အညှီနံ့ထွက်မှာစိုး ကိုယ့်ကိုကိုယ်ကတော့ မသိဘူးပေါ့၊ ဘေးကလူတွေက ညှီစော် နေမှာစိုးတာ၊ ငါးအနံ့ဆိုတာက ရေမွှေးဆွတ်လည်း ပျောက်တာမှ တတ်တာနော်၊ အသည်းစွဲ"

လမင်းဇော်မျက်နှာက နီရဲသွားရပါသည်။ ကောင်မလေး သူ့ကို တမင်ဖွဲ့နေပြီဆိုတာ သိလိုက်သည်။

မေမေက ချိုလေးကို နှုတ်ခမ်းကိုက်၍ ခပ်တင်းတင်း ကြည့်သည်။ ချိုမြိန်က မသိယောင်ဆောင်နေသည်။

"ဦးဇော်လည်း ဆီးဖုဒ်ဒီလောက်မကြိုက်ပါဘူး"

"ဟုတ်ရဲ့လား၊ မေမေ မီးဖိုချောင်မှာ ချက်ထားတွေ ကြည့်ပါဦး၊ ချိုလေးတို့တော့ အနံ့မခံနိုင်လို့ ခေါင်းကိုက်နေပြီ"

"သမီးငယ် အပိုတွေပြောမနေနဲ့၊ လုပ်စရာရှိတာ သွားလုပ်



www.burmeseclassic.com

www.burmeseclassic.com



တော့"

"ဒါဆို စွဲကရေ့ဘူး၊ ဒီမှာပဲ ဆက်ထိုင်နေရမလား"

အသည်းစွဲကလည်း ဝမာမခန့်ရုပ်ကလေးနှင့် ပြုံးစိ
မေးလိုက်ပါသည်။

"နင်လည်း သွားတော့"

မေမေစိတ်တိုပြီး အသည်းစွဲကို "နင်" နှင့်ပြောတာမို့ စိ
ထဲက ကြိတ်ပြီး ရယ်ချင်သွားသည်။ နှစ်ယောက်သား ခ
ကနေ အသာကလေး ထလစ်လာပါသည်။

ဒေါ်ခွာညိုကတော့ ချစ်သူဖက်သို့ တောင်းပန်သော အ
ယဲ့ယဲ့ဖြင့် စောင်းငဲ့ကြည့်မိသည်။

ကိုဇော် ညိုတို့အချစ်ရေးဟာ စစ်မှန်တဲ့အတွက် အ
တမ်း အနှောင့်အယှက် အဟန့်အတားတွေရှိနေခဲ့တာပါ။ ဒါ
အတူတူလက်တွဲပြီး ရင်ဆိုင်ဖြတ်ကျော်ကြရအောင်နော်။

စိတ်မပျက်ပါနဲ့ ကိုဇော်ရယ်။

လမင်းဇော်သည် ညို့သမီးတွေသူ့ကို မလိုလားတာ
စတင်သိရှိရိပ်မိသွားသည်။ သို့သော် သူစိတ်ရှည်ရမည်။ သူ
နှစ်ယောက်ဟာ သူသိပ်ချစ်သော ညိုလေးရဲ့ ရင်သွေးတွေဖြစ်





သည်မဟုတ်လား။

သူ့ဂရုစိုက်ရမှာက ညိုမျက်နှာ မညှိုးရအောင်ပဲလေ။

လမင်းဇော်က နားလည်သောခွင့်လွှတ်ကြည်ဖြူသော
ပြုံးမျိုးနှင့် အားပေးနှစ်သိမ့်သလို ပြုံးပြလိုက်ပါသည်။

ပြီးလျှင် ညို့လက်ဖဝါးလေးကို တင်းတင်းဆုပ်ကိုင် ဖျစ်
ညှစ်လိုက်သည်။ ညိုကလည်း သူ့လက်ချောင်းတွေထဲ ပတ္တာလို
မြဲမြဲမြံမြံ ပြန်ဆုပ်ကိုင်သည်။ ဒါဟာ တစ်ဦးကိုတစ်ဦး တိတ်ဆိတ်
စွာ အားပေးလိုက်တာပါပဲ။

အသည်းစွဲနှင့် ချိုမြိန်သည် ဦးလမင်းဇော်နှင့်အတူ ထမင်း
စားပွဲ စားသောက်တဲ့အခါမှာလည်း ဆက်ပြီး စိတ်အနှောင့်အယှက်
ပေးခဲ့သည်။

ထမင်းတွေဖိတ်စင်အောင် ပလုတ်ပလောင်းစားလိုစား။
သောက်တော့မည့် ဖန်ရေခွက်ကို အမှတ်တမဲ့လိုလိုနှင့် တိုက်
မိစေလိုပစ်။ ဦးလမင်းဇော်တစ်ယောက် အတော်ကြီး စိတ်ကျဉ်း
ကျပ် အခက်တွေအောင်လုပ်ကြသည်။

မေမေသည် သူမတို့ကို ခပ်ကြိမ်းကြိမ်းကြည့်ကာ

"နင်တို့ ဒီနေ့ ဘယ်လိုဖြစ်နေကြတာလဲ၊ ဘာလုပ်လုပ်

www.burmeseclassic.com

www.burmeseclassic.com



နမော်နမဲ့နဲ့ ငါမပြောလိုက်ချင်ဘူး”

ခင်ပွန်းလောင်းရှေ့မို့ ဒီထက်လည်း မဆူဝံ့တဲ့ မေမေ့ပုံစံ က သနားစရာ။

ထမင်းစားပွဲကထလျှင် သူသည် နောက်ဖက်လက်နှင့် စမ်းကာ ဣန္ဒြေမရဖြစ်နေပြန်သဖြင့် အသည်းစွဲတို့က မနေနိုင်ဘဲ ကြိတ်ရယ်သည်။

“ဟင် ကိုဇော့်ပုဆိုးမှာ ဘာတွေလဲ”

“ဟယ်တော့ ပီကေတွေ ကပ်နေတာပဲ ကြည့်စမ်း”

သူ့ပုဆိုးနောက်မှာ ပီကေတွေ တထွေးကြီးကပ်နေ၏။

နောက်ဖက်မှာမို့ မမြင်ရတော့ တစ်ရှူးကိုင်ပြီး ဆွဲခွာလို့ ကလည်းမရ။

“အသည်းစွဲ ချိုမြိန်၊ ဒါ နင်တို့သက်သက်ညစ်ပတ်တာ လား၊ ဒီအိမ်မှာ ကလေးလည်းမရှိဘဲနဲ့”

“မဟုတ်ပါဘူး ကြံကြီးစည်ရာ စွဲတို့မှ ပီကေမစားဘဲ ဥစ္စာ”

“ဒါဖြင့် ဒီပီကေတွေက ဘယ်ကရောက်လာသလဲ”

“မသိဘူးလေ”



ဖြေပုံလေးက မသိနားမလည်သော ပုံစံလေးနှင့်။ ဒေါ်မြ ကြည်ဘာမှထပ်မပြော။

ညည့်သည်ပြန်မှ ဒီနှစ်ယောက်နှင့်တွေ့မည်။

ကိုယ့်သမီးလေးတွေ လိမ္မာလှ ယဉ်ကျေးသိမ်မွေ့လှ ထင် ထားတာ။

အခုတော့ အမေကို ကောင်းကောင်းအရှက်ခွဲနေကြသည်။

ဦးလမင်းဇော် အားနာနာနှင့် ဟိုဖက်နားသွားပြီး ပုဆိုးကို ကြည့်ဝတ်ရတာမို့ သူမတို့နှစ်ယောက် ပါးစပ်ကို လက်ဝါးကာပြီး ကြိတ်ရယ်ရ၏။

ပုံစံကြီးက သနားစရာကောင်းပါတော့။

အင်္ကျီရင်ဘတ်မှာက ရေစိုနေသည်။ ပုဆိုးမှာက ပီကေ တွေနှင့် မျက်နှာကလည်း ရှုံ့မဲ့နေသည်။

ဒါပဲလားဆိုတော့ မပြီးသေး။

သူမြန်မြန် အိမ်ကနေပြန်သောအခါ ဖိနပ်ကိုစီးလိုက်တော့

“ဟာ ကိုဇော့်ဖိနပ် ပြတ်နေပြီကွ၊ ခေါင်းကပြတ်ထွက်နေ တာ၊ ဖိနပ်အသစ်ကြီးကွာ၊ ဒီနေ့မှထုတ်စီးလာတာ သွားပါပြီ ပြဿနာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"အို ဟုတ်လား"

မမေက အားတုံ့အားနာနှင့် ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်သွားသည်။ စွဲတို့အိမ်မှာက ယောက်ျားစီးဖိနပ်လည်း မရှိဘူးမဟုတ်လား။

စွဲတို့လက်ချက်ဆိုတာသိတော့ မမေက အံရှာလေးကြိတ်ပြီး လှမ်းကြည့်ပါသည်။

ကိုဇော်ကိုလည်း...

"ဒါဖြင့် ခဏထိုင်ဦးလေ၊ ဖိနပ်နံပါတ်ပြောပြီး ဦးလေးထူးကို သွားဝယ်ခိုင်းလိုက်မယ်"

"ရပါတယ် ကိစ္စမရှိပါဘူး၊ ကိုယ်က ကားနဲ့ပြန်မှာပဲ"

"အို ဒီလိုခြေပြောင်ကြီးနဲ့ သွားလို့ဘယ်ကောင်းပါ့မလဲရှင့်"

လမင်းဇော်က ညို့သမီးတွေ ပညာပေးသမျှ လိုမ့်ခံနေရကာ ဖိနပ်မပါဘဲ ကားပေါ်တက်ဖို့ နှုတ်ဆက်ပါသည်။

ရှက်ကိုးရှက်ကန်းနှင့်မို့ ကားဘီးပြားနေတာကိုပင် ငုံ့မကြည့်၊ မြင်လည်းမမြင်။

"ကိုဇော်သွားမယ် ညို့"

ကားပေါ်တက်ပြီး စက်နှိုးနေမှ ချိုလေးက လက်ညှိုးထိုးပြီး

"ဦးလေး ကားကိုလည်းကြည့်ဦး၊ ဘီးပြားနေပြီ၊ ထွက်လာခါနီးဆို ဘီးတွေဘာတွေစစ်ပြီး လေလျှော့နေလည်း လေထိုးခဲ့မှပေါ့ ဦးလေးကြီးရယ်၊ ဦးလေးကြီးက တော်တော်ပေါ့ဆတာပဲ၊ ဟင်း ဟင်း"

ရယ်သံနှင့် သတိပေးတော့မှ ကားပေါ်က ကမန်းကတန်း ပြန်ဆင်းကြည့်ပါသည်။

ဦးလေးထူးက ပြေးလာပြီး စပယ်ယာဘီးလဲပေးဖို့ ပြင်တဲ့အခါ သူ့အတော်ရှေ့ပြန်နေလေပြီ။

စွဲတို့ကတော့ သူစိတ်ပျက်ပြီး နောက်ကြောင်းပြန်လှည့်လေ ရိုကြို့က်လေပေါ့။

ဒါပေမဲ့ ဦးလေးဇော်ကိုကြည့်ရတာ တော်ရုံနှင့် စိတ်ပျက်တတ်ပုံမရပါ။ စွဲတို့ ဒီလောက်ပညာပေး နှိပ်စက်နေတာကိုပင် ခြိုပုံမရပါ။ စိတ်ရှည်သည်းခံစိတ်မွေးရမှာပဲလေဟုသာ တွေးထားပုံရသည်။

"စွဲတို့ကတော့ မမေနှင့် ဒီလူကြီးတို့ဟာ စွဲတို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် ပေါက်ကွဲစိတ်ဆိုးကြ၊ ဝုန်းဒိုင်းကြဲပြီး လမ်းခွဲကြ၊ လက်ထပ်ဖို့ အစီအစဉ်တွေ ဖျက်ပစ်ကြတာမျိုး အလွန်မြင်စေချင်ပါသည်။

သို့သော် စွဲတို့အကြံအစည်လည်း အောင်မြင်မည့်ပုံမရှိပါ။ မေမေတို့က အခက်အခဲ ဘယ်လောက်ပဲရှိရှိ ဖြေရှင်းရင်ဆိုင်သွားမည့်ပုံသာ ပေါ်လေသည်။

✿ ✿ ✿

လမင်းဇော်သည် သူ့ကိုယ်သူ ပြုံးမိသည်။ သူ့အပြုံးက နှုတ်ခမ်းထောင့်စွန်းတွေ ကွေးရုံလေးမျှသာ။

သူဟာ ဘဝမှာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေနှင့် အမြဲတွေ့စေဆိုတဲ့ ကံဇာတာမျိုး ပိုင်ဆိုင်သည်။ သူ့ဘဝမှာ ဘာမှ လွယ်လွယ်လေးနှင့် မရခဲ့ပါ။ ဒါကြောင့် လမင်းဇော်ဟာ ခုက်ခဲလေ ကြိုးစားပြီး မရရအောင် ဖန်တီးလေဆိုတာမျိုး အလေ့အကျင့်တောင် ရနေပါပြီ။

ပထမတစ်ကြိမ် ခွာညိုဆီက အချစ်ကိုရဖို့ အဖြေတစ်ခုရဖို့ သူကြိုးစားပမ်းစား တောင်းခံခဲ့ရသည်။ သူတန်ဖိုးထားရလွန်းတဲ့ အချစ်ကို ဘေးလူတွေက တန်ဖိုးမသိကြပါ။ အထူးသဖြင့်တော့ သူ့ရဲ့မာမီပေါ့။ ပြီးတော့ ခွာညို့တို့မိသားစု။

ဘေးပယောဂနှင့် သူတို့ ခပ်မြန်မြန် လမ်းခွဲခဲ့ရသည်။



စိုးမိုး - တာပေ

www.burmeseclassic.com

www.burmeseclassic.com



ခွာညိုက သူနှင့်ပြန်မဆုံနိုင်တဲ့ လမ်းဆုံးတစ်ခုထိ လျှောက်သွားခဲ့သည်။ အိမ်ထောင်ရှင်မဘဝကို ခံယူလိုက်သည်။ သူအဝေးကို လွင့်ခဲ့ရသည်။

ဟော အခုတစ်ဖန် ကံကြမ္မာက အလှည့်ပေးတော့ ညို့အနား သူပြန်ရောက်ပြန်တော့လည်း အရွယ်ရောက်နေပြီဖြစ်သည့် ညို့သမီးနှစ်ယောက်က သူ့ကို မလိုလားပြန်။ အတော်ကြီး မျက်မုန်းကျိုးနေကြတယ်ဆိုတာ သူဒီနေ့မှ သိသည်။ လက်ထပ်ပြီး ညိုတို့အိမ်မှာ လိုက်နေလို့ ဖြစ်ပါ့မလားဟု သူတွေးလာရပြီ။

တစ်နေ့နေ့မှာ ပြဿနာတက်နိုင်သည်။ ဟိုကလေးမလေးတွေက ပြဿနာကို ရှာကိုရှာမည့်ပုံလေးတွေ ဖြစ်နေသည်။

သူ့ကတော့ သူ့ကြောင့် ညိုတို့သားအမိတွေ ကြားမှာ စိတ်ဝမ်းကွဲပြီး အစည်းပြေမှာ မလိုလားပါ။

လမင်းဇော်သည် သံကိုပြင်းတချနှင့်ပဲ ကားပေါ်က ဆင်းသည်။

အခု ညီလေး ကြယ်တစင်းလည်း ပြန်ရောက်နေပြီဆိုတော့ သူ လောလောဆယ် ကြယ်တစင်းနှင့်ပဲ လာနေသည်။

ကွန်ဒိုမီနီယံဝင်းထဲက ကားပတ်ကင်မှာဖြစ်တာကြောင့်



လူသူကင်းရှင်းတိတ်ဆိတ်နေပါသည်။

ဖိနပ်ဆိုင်တစ်ဆိုင်ဆိုင်ဝင်ခဲ့ဖို့ သူမရည်ရွယ်တော့ဘဲ အိမ်ကိုပဲ ပြန်လာလိုက်သည်။ သူ့အတွက်တော့ ဒါလေးတွေက အသေးအဖွဲ့ပါ။

ဖိနပ်မပါဘဲ လျှောက်လည်း သူ့ဘာမှမဖြစ်။ ဒါပေမဲ့ ပတ်ဝန်းကျင်က တစ်ယောက်ယောက် ကြည့်နေလျှင်တော့ ခက်မည်။ အပေါ်က သားသားနားနား ဖမတ်ကျကျ ဝတ်ဆင်ထားပြီး ခြေဗလာနှင့်ဆိုတော့ မြင်လို့မသင့်တော်။

ဘေးဘီကို တစ်ချက်ကြည့်ကာ လမင်းဇော်က ကားတံခါးကို သော့ချ၍ လှော့ခ်လုပ်လိုက်ပါသည်။

သူ ကံဆိုးချင်တော့ ကြယ်တစင်းနှင့် ဖြိုးလင်းရောင်တို့က ဝရန်တာမှာရပ်ပြီး သူ့ကိုလှမ်းကြည့်နေသည်။ သူတို့အခန်းက ကြည့်လျှင် ကားစတန်းကို လှမ်းမြင်နေရသည်။ ကွန်ဒိုဆိုပေမဲ့ သူတို့အခန်းက အထပ်မြင့်လည်းမဟုတ်။ လေးလွှာမှာတင် ရှိတာပါ။ ဒါကြောင့် ကိုကြီးအမူအရာ တုံ့နေးနေးကို လှမ်းအကဲခတ်မိသည်။

"မင်းအစ်ကိုကြီးတော့ ဘုန်းကြီးကျောင်းနဲ့ မှားနေပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဘာလို့ဖိနပ်မစီးတာလဲ"

ကြယ်တစင်းလည်း အံ့ဩနေသည်။ မနက်က အိမ်က ထွက်သွားတော့ ကတ္တီပါဖိနပ်အသစ်ကို စက္ကူဘူးထဲက ထုတ်စီးနေလို့ သူတောင် ကြည့်လိုက်သေးတာ။

အမြဲတမ်း ဝေါလ်ကင်းရှူးမချွတ်တမ်း စီးတတ်တဲ့ ကိုကြီး ဒီနေ့မှ ဘာစိတ်ကူးပေါက်ပြီး ဒီနိုင်းတွေပြောင်းနေသလဲမသိဘူးပေါ့။

ဒီနေ့ ဒေါ်ခွာညိုသမီးတွေနှင့် တွေ့ဆုံမိတ်ဆက်ဖို့ရှိလို့ အစုအရာထူးခြားနေမှန်း နောက်မှသဘောပေါက်သည်။

အခု ဘာမှသိပ်မကြာဘဲ ပြန်ရောက်လာသည်။

ကိုကြီး ဘာဖြစ်လာပါလိမ့်။ မျက်နှာလည်း သိပ်မကောင်းရှာ။

ဖုန်းထဲက မိန်းကလေးအသံကို ကြယ်တစင်း ပြန်ကြားယောင်သည်။

အန်ကယ် နောင်တရသွားမယ်တဲ့။

အခု အဲဒီကောင်မလေးနှင့် ထိပ်တိုက်တွေ့ခဲ့ပြီထင်ပါရဲ့။

တံခါးဖွင့်ပေးရင်း ကိုကြီးပုံစံကို ကြယ်တစင်းက ကရုဏာဒေါသနှင့် စူးစိုက်ကြည့်နေမိသည်။





"ကိုကြီး ဒါက ဘယ်လိုဖြစ်လာတာလဲ"

လမင်းဇော်က ဘာမှပြန်မဖြေ။ ပုဆိုးကပီကေတွေဟာလည်း ခုထိ အကုန်အစင် မခွာရသေး။ အင်္ကျီရင်ဘတ်တစ်ခြမ်းမှာလည်း ရေတွေစိုလျက်သား။ တစ်ခြမ်းပဲစိုနေတာကြောင့် ချွေးထွက်တာမဖြစ်နိုင်။

ပြီးတော့ ကိုကြီးက ချွေးသံတရွှဲရွှဲထွက်တတ်သူလည်းမဟုတ်။

"ဒါ အန်တီခွာညိုသမီးရဲ့ လက်ချက်ပေါ့၊ ဟုတ်လားဖိနပ်ကရော ဘယ်မှာကျန်ခဲ့တာလဲ၊ သူတို့ဖွက်ထားလိုက်တာလား၊ ကိုကြီးကို မထီမဲ့မြင်ဆက်ဆံလွှတ်လိုက်တယ် မဟုတ်လား၊ ပြောင်သားပဲ"

"မဟုတ်ပါဘူး၊ ကိုကြီးဖိနပ်က ပြတ်သွားတာ"

"အသစ်ကြီးက ဘယ်လိုလုပ်ပြတ်တာလဲ"

"ဒါတော့ ဘယ်သိမလဲကွာ"

လမင်းဇော်က ဘာမှမထူးတော့ပြီမို့ ညီနှင့်သူငယ်ချင်းရှေ့မှာလည်းမဆောင်တော့ပါ။ သက်ပြင်းတစ်ချက် ဟူးခနဲမှုတ်ထုတ်ပြီး ဆက်တီတစ်လုံးမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးရာ ကိုယ့်ပါဝါနဲ့ကိုယ် ဒီလောက်ကြီး အောက်ကျ နောက်ကျခံရသလားဗျာ၊ မုဆိုးမတစ်ယောက်ကိုရဖို့ ကိုကြီးဇက်က ဒီလောက်ထိ ပေးဆပ်သင့်ရဲ့လား၊ တောက် သူ့အမေက ဘာမို့လို့လဲ"

ကြယ်တစင်းသည် သူ့အစ်ကိုကိုကြည့်ကာ ကြိတ်မနိုင်ခဲမရ ဒေါသတွေ တရှုးရှုး တရှားရှားဖြစ်နေပါသည်။ မခံချိမခံသာနှင့် ဘယ်လိုတုံ့ပြန်ရမည်ပင်မသိ။

ဖြိုးလင်းရောင်ကတော့ ဘာမှဝင်မပြော။ ဝရန်တာကနေ နားစွင့်ကာ အသာရပ်ကြည့်နေပါသည်။

"ကိုကြီး ကျွန်တော်လုံးဝသဘောမတူဘူးဗျာ၊ အဲဒီအန်တီကို မယူပါနဲ့"

"ငါ့ကိစ္စ မင်းဘာမှမသိပါဘူးကွာ"

"ရှေ့ဆက်တိုးရင် ကိုကြီး ဒီထက်စိတ်ညစ်ရမယ်၊ သေချာတယ်"

"ငါ ခံနိုင်ရည်ရှိပါတယ် ကြယ်စင်းရာ၊ မင်းဘာမှ ဝင်မပါစမ်းပါနဲ့"

"ကိုကြီးဒုက္ခရောက်မှာ စိတ်ဆင်းရဲရမှာ မကြည့်ရက်လို့





ကျွန်တော်ပြောနေတာ"

"ညီနဲ့ပတ်သက်ရင် ဘာကိုမှ ဒုက္ခလို့ ငါမထင်ပါဘူး၊ ဒီအခက်အခဲတွေက ငါ့အတွက် အသေးအဖွဲပါကွာ"

"ကိုကြီးညီလုပ်ရတာတောင် ကျွန်တော်ရှက်လာပြီဗျာ၊ အဲဒီအန်တီညို မိသားစုကိုလည်း ကြားရတာနဲ့တင် အော့ကြောလန် နေပြီ၊ ကိုကြီးလက်ထပ်တဲ့နေ့လည်း ကျွန်တော့်ကိုမခေါ်နဲ့၊ ကိုကြီး မှာ ညီတစ်ယောက်ရှိတယ်ဆိုတာလည်း စကားထဲတောင် ထည့်မပြောနဲ့၊ နောင်လည်း ကျွန်တော် သူတို့နဲ့ မပတ်သက်အောင် ဆင်းကင်းနေမယ်၊ ဒါပဲ"

ကြယ်တစင်းက ပြောပြောဆိုဆို ဒေါနှင့်မောနှင့် တံခါး ဖွင့်၍ အောက်သို့ဆင်းသွားလေသည်။ ဖြိုးလင်းရောင်က ကြယ်တစင်းနောက်မှ ကမန်းကတန်း ပြေးလိုက်သွားသည်။

ဧည့်ခန်းကျယ်ကြီးထဲမှာ လမင်းဇော်တစ်ဦးတည်း မျက်ခုံး ချီရှုံ့နှင့် ငြိမ်သက်ကျန်ရစ်ခဲ့ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဦးလမင်းဇော် ပြန်သွားသောအခါမှာ အိမ်၌ မေမေက သည်းစွဲတို့ကို အတော်စိတ်ရှုပ်ထွေး ဒေါသဖြစ်နေတဲ့ အမူအရာနှင့် ဆူပူကြိမ်းမောင်းပါတော့သည်။

"မေမေ ဒီလိုဖြစ်လိမ့်မယ်လို့ထင်ကိုမထင်ဘူး၊ ငါ့သမီးတွေဟာ တက္ကသိုလ်ကျောင်းသူတွေ၊ ပညာတတ်ပြီး အဆင့်အတန်းမြင့်နေတဲ့သူတွေ၊ စိတ်သဘောထားဖြူစင်တဲ့ ကလေးတွေလို့ပဲ ကြည်ထားခဲ့တယ်"

"အခုဘာဖြစ်လို့ နင်တို့က ဦးဇော်ကို ဒီလိုပုံစံ ဆက်ဆံရတာလဲဟင်၊ ငါနားမလည်လို့ ပြောပြစမ်းပါ၊ နင်တို့အရွယ် နင်တို့ပညာတတ်နဲ့ ဒီလိုလုပ်စရာလား၊ သိပ်ကို ရုပ်ပျက်ဆင်းပျက်လုပ်လိုက်တာ၊ နင်တို့ကိုယ်နင်တို့ သိပ်လွန်တယ်ဆိုတာ မစဉ်းစားမိဘူးလား၊ ငါ့ကို ပမာမခန့် လုပ်တာပေါ့လေ၊ ငါလက်ထပ်မယ့် ယောကျ်ားတစ်ယောက်ကို နင်တို့ မကြည်ဖြူနိုင်ဘူး၊ သဘောမတူ

www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုရင်တောင် ငါ့ကိုပဲပြောသင့်တယ်၊ သူ့ကို ဒီလိုမရိုင်းပျသင့်ဘူး''

အသည်းစွဲနှင့် ချိုမြိန်သည် ပေကတ်ကတ်ရုပ်တွေနှင့်သာ မေမေ့ကို ခပ်စိမ်းစိမ်းကြီးတွေ စိုက်ကြည့်နေကြပါသည်။

နှုတ်ကလည်း ဘာမှမဖြေရှင်းပေ။

''နင်တို့ ဒီလိုပညာပြရုံနဲ့ ဟိုကလန်ပြေးသွားလိမ့်မယ်လို့များ မျှော်လင့်သေးတာလား၊ နင်တို့ကို စိတ်ထဲခုသွားတာပဲ အဖတ်တင်လိမ့်မယ်၊ ကိုဇော်သဘောထားက ငါ့အပေါ် ပြောင်းသွားမှာမဟုတ်ဘူး၊ နင်တို့နဲ့ အဆင်မပြေရင် နင်တို့နဲ့ မပတ်သက်ရုံပဲရှိမယ်၊ ငါတို့နှစ်ယောက် လက်တွဲသွားဖို့ကိစ္စမှာ ဘာမှအနှောင့်အယှက်မဖြစ်ဘူး၊ သိရဲ့လား''

မေမေ အတော်ကြီးစိတ်ဆိုးနေပြီဆိုတာ မေမေ့လေသံနားထောင်ရတာနှင့် သိသာနေပါသည်။

ငြိမ်နေသော အသည်းစွဲသည် ဆက်ပြီး ကြိတ်မြုံမထားနိုင်တော့ဘဲ

''စွဲတို့ ဒီလိုဘာကြောင့်လုပ်ရသလဲ မေမေမသိဘူးလား၊ ရှင်းရှင်းလေးပဲ ဒီအန်ကယ်ကြီးကို ကြည့်မရလို့ပေါ့၊ ကိုယ့်[illegible] သဘောမတူလို့ လက်မခံနိုင်လို့ပေါ့၊ သမီးတို့ကတော့ သူ့ကို





ဘယ်နည်းနဲ့မှ ပြေပြေလည်လည် ဖဲလ်ကမ်းမလုပ်နိုင်ဘူး၊ အိမ်မှာ ဧည့်သည်တစ်ယောက်လာနေမှာကိုလည်း လုံးဝမလိုလားဘူး၊ သူနဲ့ တစ်အိမ်တည်းလည်း မနေနိုင်ဘူး၊ မေမေလည်း ကိုယ့်သမီးတွေ ဘက်ကစဉ်းစားဦးပေါ့၊ မေမေကိုယ်တိုင်က သူ့ဘက်ကပဲ တစ်ဘက်သတ် ရပ်တည်မှာလား၊ စွဲတို့သဘောထားကို ထည့်မတွက်တော့ဘူးလား၊ နောက်ဆုတ်ဖို့ကော မစဉ်းစားတော့ဘူးလား''

''အသည်းစွဲ နင် အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့၊ နင်တို့လည်း တော်ကြာ ယောကျ်ားယူကြမှာပဲ၊ အပျိုကြီးလုပ်ပြီး ငါ့နားတစ်သက်လုံးနေကြမှာမို့လို့လား၊ ငါဟာ ငါလိုအပ်တဲ့ အဖော်တစ်ယောက်ကို လက်ခံတဲ့ကိစ္စ နင်တို့ဘာလို့ ဖျက်လိုဖျက်ဆီးလုပ်ချင်နေတာလဲ၊ ငါ နင်တို့ကို အကြိမ်ကြိမ် နားဝင်အောင် ရှင်းပြခဲ့ပြီးပြီ၊ ဒါလည်း ခုထိသဘောမပေါက်သေးဘူးလား၊ ဘာကိစ္စ ဒီလောက်တောင် ပြဿနာရှာနေရတာလဲ၊ ငါစိတ်ညစ်အောင် တမင်သက်သက် လုပ်နေကြတာ၊ ဒါ မအေ့ကျေးဇူးဆပ်နေကြတာပေါ့လေ၊ ကောင်းတယ်၊ မွေးရကျိုးနပ်တဲ့ သမီးလေးတွေ၊ သားအမိတွေ ချစ်ခင်စည်းလုံးတယ်ဆိုတာ ဘာကိုပြောတာလဲ၊ တကယ်သာ ချစ်ခင်ကြရင် တစ်ယောက်ရဲ့စိတ်ချမ်းသာမှုကို နောက်တစ်ယောက် နားလည်ရှေ့ရှုပေးရမှာပေါ့၊ မအေစီစဉ်တာကို ကောင်းကောင်းမွန်



www.burmeseclassic.com

www.burmeseclassic.com



မွန် လက်ခံခွင့်ပြုရမှာပေါ့၊ နင်တို့လည်း လူမမယ်ကလေးတွေ "ယ်မှမဟုတ်တော့တာ၊ တကယ်ဆိုရင် နင်တို့အရွယ်က ကိုယ့်တာ ကိုယ် ရပ်တည်လို့ရနေပြီပဲ၊ ဘာကြောင့် ငါ့ကို ခုထိဦးနှောက်စား နေချင်ရတာလဲ၊ ပြောဖို့မလိုတာတွေကို အပ်ကြောင်းထပ်အောင် ငါပြောနေရတာ ဒီမှာအာပေါက်တော့မယ်"

ချိုမြိန်သည် မျက်ရည်တွေကျလာကာ

"မေမေ ဒီလူကြီးဖက်ပဲ ပါသွားပြီ၊ ခုကတည်းက ချိုလေးတို့ကို မုန်းနေပြီ၊ သူက သမီးတို့သားအမိတွေကြားမှာ သွေးကွဲအောင် လုပ်နေတာပဲ၊ ချိုလေးတို့က မေမေ့ကိုချစ်လို့ အဆုံး ရှုံးမခံနိုင်လို့သာ ဒီလောက်ထိ ခံစားနေရတာပေါ့လို့၊ ဟီး ဟီး ဟီး"

ပြောရင်းက ငိုချလိုက်တာမို့ မေမေက ချိုမြိန့်နံဘေး အပြေ ကလေးလာထိုင်ချကာ ပခုံးကိုဖက်၍ နှစ်သိမ့်လိုက်ပါသည်။

ဒေါ်မြခွာညိုသည် ပင့်သက်မောသာ ရှိုက်မိလေသည်။ သူနောက်အိမ်ထောင်ပြုမည့်အရေးမှာ သမီးလေးတွေ ဒီလောက် စိတ်ထိခိုက်ဝမ်းနည်းပက်လက် ဖြစ်ကြလိမ့်မည်ဟုတော့ သူယခင် က မတွေးထားမိတာအမှန်ပဲ ဖြစ်သည်။

❀ ❀ ❀



ကြယ်တစင်းသည် ထိုနေ့က ခါးစိမ့်သောကော်ဖီကို တစ်ငုံချင်းအရသာခံကာ သောက်နေမိသည်။

အအေးခန်းဘာဂါစနက်ဆိုင်လေးမှာ အတော်အတန် ရှုရှင်းပေမဲ့ သူတို့နားက စားပွဲတွေမှာတော့ စားသောက်နေသူတွေ ရှိနေကြပါသည်။

ဖြိုးလင်းက သူညီဝမ်းကွဲ အာကာနှင့် ယူရှိဘောလုံးပွဲ တစ်ပွဲအကြောင်း ပြောဆိုနေသဖြင့် ကြယ်တစင်းက ကိုယ့်ဘာသာ ကော်ဖီသောက်နေသည်။

သူဟာ ဖြိုးရောင်လောက် ဘောလုံးပွဲကြိုက်သူမဟုတ်။ ကြုံမှသာ ကြည့်ချင်ကြည့်လိုက်တာ။

ကော်ဖီပန်းကန်လုံးကိုချကာ စီးကရက်ဘူးကို သူဆွဲသည်။ ဆိုင်ထဲမှာ စီးကရက်မသောက်ရဆိုတဲ့ စာတမ်းတော့ မတွေ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သောက်လို့ရမရတော့ မသိ။ တခြားသူတွေရော သောက်
နေကြသလား ကြယ်တစင်း တစ်ချက်လှမ်းကြည့်စပ်စုသည်။

ဟိုးဘက်ထောင့် စားပွဲမှာ တစ်ယောက်တော့
စီးကရက်ကိုင် ထားတဲ့ လက်တစ်ဖက်ကို လှမ်းတွေ့ရသည်။
ဒါဆိုရင် မသိမသာ နည်းနည်းပါးပါးတော့ မီးညှိရှိုက်ဖွာလို့ရတဲ့
သဘော။ တစ်ချိန်လုံး တော့ မီးခိုးခေါင်းတိုင်လို
သောက်လို့မဖြစ်ဘူးပေါ့။

ထိုအချိန်မှာပင် သူမျက်လုံးက ခုနမမြင်မိသော မိန်းက
လေးတစ်ယောက်ကို ရုတ်တရက် ကြည့်လိုက်မိသည်။

ကြည့်တာနှင့် မျက်လုံးကို ပြန်မလွှဲချင်အောင် သူမက
အတော်လှပါသည်။ စားပွဲမှာ တစ်ယောက်တည်းထိုင်ပြီး စာအုပ်
တစ်အုပ်ကို ဖွင့်ဖတ်နေသည်။ စာအုပ်ဖတ်ရင်းကပဲ သူမရှေ့က
ချော့ကလက်မစ်ရှိတ်ဖြစ်ပုံရတဲ့ ဖန်ခွက်လေးထဲ ဖျော်ရည်အေးကို
ပိုက်တံမှတစ်ဆင့် အသာအယာစုပ်ယူသောက်လိုက်သေးသည်။

ကောင်မလေးရဲ့ အမူအရာဟာ သူ့အိမ်သူ့ယာမှာလို အေး
အေးလူလူ ဆေးဘီပတ်ဝန်းကျင်က လူတွေကို ကြည့်လည်းကြည့်
အာရုံလည်းထားပုံမပေါ်။





ကြယ်တစင်းလည်း ယောကျ်ားပဲမို့ ချောချောလှလှလေး
ကိုမြင်လျှင် နှလုံးသားထဲမှာ ဓာတ်ဖျပ်ဖျပ် ခုန်လှုပ်ချင်သလို ဖြစ်လာ
ပါသည်။

သူမက ဂျပန်စတိုင်လ် အိမိုဆံပင်ပုံစံလေးနှင့် မျက်နှာက
ပါးဖောင်းဖောင်း နှုတ်ခမ်းထူထူစုစုလေးနှင့်ဖြစ်သည်။ အသားက
လေးမှာလည်း ဖြူနုဝင်းပပြီး အလင်းရောင်တစ်မျိုး ရှိနေသည်။

ဝတ်ထားတာက အပြာရောင် ပခုံးလျောအင်္ကျီအတွန့်လေး
နှင့် နက်ပြာရောင် ဂျင်းဘောင်းဘီရှည်။ ခွာချွန်ဖိနပ်မြင့်လေးနှင့်
ခြေချိတ်ထိုင်နေပုံက ရှော့ရှင်းလှပကြည့်ကောင်းလှသည်။

လည်ပင်းမှာ ပလက်တီနမ်ဆွဲကြိုးမျှင်မျှင်လေးက တလက်
လက်အရောင်ပြေးနေသည်။ သူမရဲ့ပခုံးလေးက လုံးဝန်းကာ
ချောမွတ်ရှင်းကျော့နေသဖြင့် အလွန်ပဲ ဆွဲဆောင်မှုရှိလှပါသည်။

ကြယ်တစင်းသည် စာဖတ်နေသော သူမကို အေးအေး
ဆေးဆေး စိမ်ပြေနပြေပဲ ထိုင်ကြည့်နေမိသည်။ ဟိုနှစ်ကောင်က
သူတို့စကားနှင့်သူတို့ အရှိန်ကောင်းနေသဖြင့် ကြယ်တစင်း ကောင်မ
လေးကို ထိုင်ငမ်းနေတာ မရိပ်မိပေ။

သူမရဲ့ စာအုပ်ထဲ ငုံ့ဖတ်လိုက်။ ချော့ကလက်မစ်ရှိတ်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုံသောက်လိုက် လုပ်နေတဲ့ပုံစံက လွတ်လပ်သော ကလေးငယ်တစ်ယောက်ရဲ့ ဟန်ပန်မျိုးနှင့်တူသည်။ မာယာပရိယာယ်ကင်းစင်သော ပုံစံလေးမို့ ကြည့်ရတာ ကြယ်တစင်းရင်မှာ ညွှတ်နူးပျော့ပျောင်းသက်ဝင်လာမိသည်။

ဖြစ်နိုင်လျှင် သူမအနားသို့ အလိုလိုတိုးကပ်သွားချင်မိသည်။ သူမက ကြယ်တစင်းတို့ဖက်ကို လုံးဝမကြည့်။ စာအုပ်ကဘာတွေများ ဒီလောက်စိတ်ဝင်စားဖို့ ကောင်းလို့လဲကွာ။

သူ ဒီလောက်စိုက်ကြည့်နေမိတာ သတိပြုမိဖို့ကောင်းပါတယ်။

အသည်းစွဲက ချိုလေးသင်တန်းဆင်းဖို့ အချိန်စောနေသေးသဖြင့် တစ်ယောက်တည်း ကော်ဖီဆိုင်ထဲ ထိုင်စောင့်နေတာဖြစ်သည်။

စာအုပ်ထဲမှာ စိတ်ဝင်စားနေသဖြင့် ပတ်ဝန်းကျင်ကိုပင် သူမ မေ့လျော့နေသည်။ စာအုပ်မှ မျက်စိမခွာဘဲ ဖန်ခွက်ထဲက ပိုက်တံကို ဒီဘက်ဆွဲသည်။

အေးမြနေသော ချော့ကလက်အရသာက လျှာမှာ စွဲနေအောင် သောက်လို့ကောင်းတာ။





ဟင်။

ဖန်ခွက်ထဲက ပိုက်တံကို အမှတ်တမဲ့ စုပ်ယူတော့ လေချည်းနေသံပဲ ကြားရပြီး ချော့ကလက်ဖျော်ရည်မရှိတော့။ အလန့်တကြားရှက်သွားပြီး ပိုက်တံကို ဟန်မပျက် ပြန်လွှတ်ချလိုက်သည်။

ကုန်နေပြီဆိုတာ တကယ်သတိမထားမိဘဲ ပိုက်တံချည်းဆက်သက် စုပ်ယူလိုက်မိတာ။

ရှက်စရာကြီး။ ဘယ်သူများမြင်သွားသေးလဲ။

အသည်းစွဲမျက်နှာလေး ဖျတ်ခနဲ မော့ကာကြည့်လျှင် ထိုဖက်ကစားပွဲကနေ သူမထံ တန်းတန်းမတ်မတ်ကြီး ရှုစားနေသော ကိုယ်တော်ချောကို ဒိုင်းခနဲ တွေ့သွားရပါသည်။

သူနှင့် မျက်လုံးချင်းဆုံတာနှင့် ကောင်မလေးရဲ့ မျက်နှာ ဖြန်းခနဲနီသွားကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။

သူမရဲ့ ရှက်လန့်တကြားပုံစံကြောင့် မရယ်မိ မပြုံးမိအောင် ထိန်းထားရသော ကြယ်တစင်းဟာ ဆက်ပြီးဟန်ဆောင်မထိန်းချုပ်နိုင်ဘဲ အလိုလို နှုတ်ခမ်းဖွင့်ရယ်လိုက်မိသည်။

အားမနာတတ်တာတော့ မဟုတ်ပါဘူး။ ရှက်သွားရမှာစိုးလို့ အကြည့်လွှဲမလို့ပါပဲ။ ဒါပေမဲ့ အချိန်ကမမီ။ သူမနှင့် ဖျတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ချင်းဆုံသွားမိတာ မတတ်နိုင်။

လူတွေမှာ ငိုချင်တာကိုပဲ ထိန်းချုပ်ရခက်တာမဟုတ်ဘူးလေ။ ရယ်ချင်တာကိုလည်း အောင့်ထားရတာခက်တာပဲ။

အအေးကုန်နေတဲ့ ဖန်ခွက်ထဲက ပိုက်တံကို စုပ်ယူမိတာကို ရယ်ချင်တာတော့ မဟုတ်ပါဘူး။ သူမရှက်သွားတဲ့ ဟန်မူယာလေးကိုပဲ ချစ်စနိုးရယ်မိတာ။

ကောင်မလေးက သူ့ကို ဟားရကောင်းလားဟု မကျေမနပ် မျက်စောင်းထိုး၏။

ဒါ ဘာ့ယ်လိုယောကျ်ားတုန်း။

မိန်းကလေးတစ်ယောက် ရှက်စရာကြုံတာကို မသိယောင်မဆောင်ပေးဘဲ ဟားတောင် ဟားရက်သေးတာ။

လူကချောသလောက် မုန်းစရာကောင်းလိုက်တာ။

သူဟာ အသည်းစွဲ အကြိုက်ဆုံး ဆံပင်ပုံစံနှင့်ပါ။ အသည်းစွဲက ယောကျ်ားလေးဆို ဆံပင်ကောက်တာ လုံးဝမကြိုက်။ ဆံပင်ဖြောင့်ဖြောင့်ကိုပဲ အရှည်ကလေးထားပြီးရင် နဖူးပေါ်မှာ ရှင်းနေအောင် နောက်ဖက်လှန်ဖြီးထား။ ဒါဆိုရင် လုံလောက်ပြီ။ ခန့်ညားတဲ့ယောကျ်ားတစ်ယောက်ရဲ့ မျက်နှာက သိပ်ပေါ်လွင်သွားပြီ။





အဲဒီလိုစတိုင်လ်ဟာ ဘယ်နှစ်ခုနှစ်က ပေါ်လာပြီး ဘယ်နှစ်ခုနှစ်က ရိုးသွားပြီလဲ အသည်းစွဲမသိ။ ဒါပေမဲ့ အသည်းစွဲအတွက်ကတော့ အမြဲနုစ်သက်တဲ့ ပုံစံလေးသာဖြစ်သည်။

အခု မုန်းစရာကောင်းတဲ့ ဒီလူဟာ အသည်းစွဲ နှစ်ခြိုက်တဲ့ ဆံပင်ပုံစံကွက်တိ။ ပြီးတော့ ဝတ်ထားတဲ့ ရှပ်အင်္ကျီက ပျော့ပျော့ပါးပါး ခပ်လွင့်လွင့်နှင့် ခရင်မ်ကာလာအဖျော့လေး။ အသည်းစွဲက ယောကျ်ားလေးတွေ အဝတ်အစား အရောင်တောက်တောက်ဝတ်တာမကြိုက်။

အဖျော့လေးတွေ အမှိုင်းလေးတွေ ဝတ်တာကိုပဲ သဘောကျသည်။ သူက ထိုအချက်နှင့်လည်း အံဝင်ပြန်သည်။ ဝတ်ထားတဲ့ ဘောင်းဘီရှည်ကလည်း ကာကီရောင်ဖျော့ဖျော့ပါပဲ။ အရောင်ဖျော့ဖျော့တွေကို ဝတ်ဆင်ထားတာလည်း မပြောနှင့် သူ့အသားအရေဆု ဖြူရုံမကဘဲ စိမ်းဖန့်ဖန့်နှင့် ဝင်းစိုနေသည်။

မျက်နှာမှာလည်း ပါးသိုင်းမွေးရေးရေးထားသည်။ ဒါကိုလည်း အသည်းစွဲကြိုက်တာပဲ။ ယောကျ်ားပီသခန့်ညားစေတဲ့ စတိုင်လ်တစ်မျိုးလို့ ယူဆသည်။

မိန်းကလေးတွေ ပန်းပန်ထားရင် ယဉ်စစနှင့် တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကောင်းသွားသလိုပဲပေါ့။

ပြီးတော့ သူကြည့်ရတာ အရပ်အတော်မြင့်ပုံရသည်။

ပခုံးကျယ်ကျယ်၊ ရင်အုပ်ကားကား ချပ်ချပ်ရပ်ရပ်တော်ဒီပုံစံ။ အခုခေတ် တချို့ကောင်လေးတွေအရပ်က ငါးပေစွန်းစွန်းနှင့် လူကပိန်သေးသေး သွောင်နာနာတွေ တွေ့ရတတ်သည်။

ချိုလေးကတော့ အဲဒီလိုပုံတွေကို နှစ်သက်သည်။ အသည်းစွဲက အဲလို လူကောင်ခပ်သေးသေးနှင့် အရပ်အမြင့်လျှင် ကြည့်မရ။ ကြည့်ချင်စရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ပုံလို့ ကို မထင်တာ။ ပုပုညှက်ညှက်ကလေးတွေဟာ အားကိုးလောက်စရာမရှိဘူးဟု ထင်တတ်သူ။

အခု ရုတ်တရက် ကြည့်လိုက်မိတဲ့အချိန်မှာ ကိုယ့်အကြိုက်ပုံစံတွေချည်း စုဝေးနေသလားထင်ရအောင် ထူးခြားနေတဲ့ ဒီလူကို ချက်ချင်းအကြည့်မလွဲနိုင်။

သူနှင့်အတူတူ တစ်စားပွဲတည်းထိုင်နေတဲ့ နောက်နှစ်ယောက်ဟာ သပ်ရပ်အဆင့်မြင့်ပေမယ့် သူ့ပုံစံမျိုးမဟုတ်။ သူက တစ်ဆိုင်လုံးမှာ သီးသန့်ထွက်နေတာ။

ရုပ်ကိုနှစ်သက်မိခြင်းနှင့် တစ်ပြိုင်နက်မှာပဲ သူ့အပြုအမူ၊





သူ့အကျင့်ကို အသည်းစွဲ မုန်းမိသည်။

ကြယ်တစင်းလည်း တမင်လုပ်တာမဟုတ်ပါ။

ရယ်စရာကောင်းလို့ ရယ်လိုက်မိတာလေးပဲ ရှိပါသည်။

ကောင်မလေးက အမြင်ကပ်ရှုံ့ချသလို သူ့ကို ခပ်တင်းတင်းကြည့်နေသည်။ မျက်နက်ဆံ ဝိုင်းဝိုင်းကြီးကြီးကလေးနဲ့ တောက်ပနက်ရှုန်းတဲ့ မျက်လုံးကလေးက စူးရှခက်ထန်နေလိုက်တာ။

အားပါး ကျောချမ်းစရာပါလား။

ကြယ်တစင်းက မဖြုံလှသလို မျက်နှာရှုံ့ ပြောင်ပြလိုက်သည်။ သူမက လှစ်ခနဲ မျက်စောင်းတစ်ချက် ခွဲ၏။

အဲဒီလို မျက်စောင်းထိုးခံရမှ ကြယ်တစင်းရင်တွေက ဖိုပြီးခုန်မြန်လာရသည်။

"ချစ်စရာလေးကွာ"

"ဘယ်သူ့ကိုပြောနေတာလဲ"

ဖြိုးလင်းရောင်က အခုမှ သူ့ကိုမေးသည်။

"ဟိုမှာလေ အခုပဲ ထလျှောက်သွားတဲ့ကောင်မလေးပေါ့"

ဂျင်းဘောင်းဘီ အကျပ်ကလေးနဲ့ အင်္ကျီမတန် ကိုယ်လုံးလှ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကောင်းတဲ့ နောက်ပိုင်းလေးကို လှမ်းကြည့်ပြီး ဖြိုးရောင်နဲ့ အာကာက ပြုံးစိစိဖြစ်သွားပါသည်။

ကောင်မလေးက ကော်ဖီကောင်တာကို သွားတာ။ ချော့က လက်နောက်တစ်ခွက်ကို ကိုယ်တိုင်သွားယူလာပြီး ခုနထိုင်ခုံမှာပဲ ကြယ်တစင်းဖက် မျက်နှာမူပြီး ပြန်ထိုင်သည်။

ကလေးဆန်ဆန် "ငါ နောက်တစ်ခွက်ထပ်ဝယ်သောက်နိုင်သားပဲ"ဟု သူမက အမူအရာလေးနှင့် ပြောလိုက်တာ။

ကြယ်တစင်း နှုတ်ခမ်းတွေက သဘောကျစိတ်နှင့် မပြုံးဘဲမနေနိုင်အောင်ပင် ပြုံးစိစိဖြစ်နေရပါသည်။

ရှက်သွားရတာကို ပြန်အဖတ်ဆယ်ပြီး ဖန်ခွက်ကလေးကိုင်ပြီး သောက်ပြနေတာ။

"ဟောကောင် တစ်ယောက်တည်းပဲကွ၊ ကြောက်စရာမရှိဘူး၊ မင်းသွားပြီး စကားပြောကြည့်ပါလား"

ဖြိုးရောင်က မြှောက်ပေးသည်။

"ဟာကွာ ငါကဘာပြောရမှာလဲ"

ကြယ်တစင်းက ရှက်အမ်းအမ်းကြီး ပြန်မေးမိ၏။

"သွားမိတ်ဆက်ပေါ့ကွာ၊ ဖုန်းနံပါတ်လေးဘာလေး





တောင်းကြည့်ပေါ့"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ မင်းကိုကြည့်နေတာပဲ၊ မတွေ့ဘူးလား၊ အောင်မြင်တော့လည်း အရင်းပေါ့၊ ငါတို့ဖက် ပြန်လာထိုင်ပေါ့၊ င်းကို ဘယ်သူက ဘာပြောမှာလဲ၊ ဘေးကကြည့်ရင် အသိတွေ ့ို့ သွားနှုတ်ဆက်တဲ့ပုံစံပေါ့၊ လုပ်စမ်းပါ ဒီလောက်တော့ မင်းဖြစ် ါတယ်ကွာ"

ဖြိုးရောင်နှင့် အာကာက သူ့ကို မသိမသာ တွန်းလွှတ်နေ ကြပါသည်။ ဒီကောင်တွေ သူ့ကိုကျပ်ပေးတာလည်း ဖြစ်ချင်ဖြစ် ည်။ ဒါပေမဲ့ ကြယ်တစင်းကလည်း အခွင့်သာတုန်းလေး သူမနှင့် ကားတစ်ခွန်းနှစ်ခွန်းတော့ ပြောကြည့်ချင်သည်။

သူသတ္တိမွေးကာ ထရပ်လိုက်သည်။

ဘာပဲဖြစ်ဖြစ် သူမှာ ပြောစရာကရှိနေသည်။ ခုနရယ်မိ ာကို ပြန်တောင်းပန်ရမည်။

ဖြိုးရောင်တို့ မသိလိုက်တဲ့ သူတို့နှစ်ယောက်ကြားက ဖြစ်အပျက်ကလေးအတွက် သူရယ်မောမိတာကို ဝန်ခံတောင်းပန် င်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းအပြုံအမူလေးတစ်ခုကို ကျီစယ်တာမဟုတ်ပါဘူး ကောင်မလေးရယ်၊ ဒီတိုင်းပဲ မင်းကိုသဘောကျမိလို့ မမှိတ်မသုန် ကြည့်နေမိတာပါ။ ဒါကို ကောင်မလေးသိအောင်တော့ သူပြောပြ ချင်သေးသည်မဟုတ်လား။

“အိုကေ ငါခဏသွားထိုင်လိုက်မယ်”

ခပ်ဖြိုးဖြိုးနှင့် ယုံကြည်မှုအပြည့်ရှိနေသော ကြယ်တစင်းကို သူတို့ နည်းနည်းတော့ အံ့အားသင့်မိသည်။

ဖြိုးရောင်က ကြယ်တစင်း သွားရဲမည်လို့မထင်ထား။

“အာကာ ဒီကောင်ဘယ်လိုဖြစ်တာလဲ၊ ကောင်မလေး က အော်လွှတ်ရင်တော့ ငါတို့ပါ အရှက်ကွဲလိမ့်မယ်”

“ကိုဖြိုးပဲ သွားမြှောက်ပေးတာပဲ”

ဖြိုးရောင်က တဟဲဟဲရယ်လိုက်သည်။ သူငယ်ချင်း ကြယ်တစင်းတစ်ယောက် ဒီလောက်ရဲတင်းသွက်လက်မယ်လို့ မထင်မှတ်ဘူးလေ။

သူတို့နှစ်ယောက်သား ဟိုဖက်က အခြေအနေကို အသာ စောင့်ကြည့်နေမိသည်။ ❖

ကြယ်တစင်းရဲ့ အစွမ်းအစကမသေးပါ။ တဇယ်ပဲ





[illegible]အာင်မလေးနား သွားရပ်ပြီး တစ်စုံတစ်ရာ ပြောနေပါသည်။

ကောင်မလေးက မျက်နှာလေးမော့ပြီး သူ့ကို တစ်စုံတစ်ခု [illegible]ပြောသည်။

ဘာပြောနေသလဲတော့ မကြားရချေ။ သူတို့ ဒီဖက်ကနေ [illegible]လွှန့်အခင်း သိချင်သွားမိကြ၏။

ကြယ်တစင်း အနားသွားရပ်တော့ ကောင်မလေးက တအံ့ [illegible]ဩ မျက်ခုံးလေးပင့်သွားပါသည်။

“ကျွန်တော့်ကို ခဏလောက် ထိုင်ခွင့်ပေးပါ”

“ဘာကိစ္စထိုင်မှာလဲ”

“မေးစရာလေးရှိလို့ပါ”

ကြယ်တစင်းအသံက ခပ်တိုးတိုး။ မေးစရာရှိတယ်ဆို [illegible]ခြင့် အသည်းစွဲမှာ မျက်ခုံးလေးရှုံ့ရင်း ခပ်အမ်းအမ်းဖြစ်သွားရ [illegible]ည်။

သူမတ်တပ်ရပ်လိုက်တော့ ကော်ဖီဘားဖက် သွားပြီး [illegible]ချင်တာ ထပ်သွားယူဖို့ပဲလို့ထင်တာ အသည်းစွဲရဲ့စားပွဲကို [illegible]လျှောက်လာတာဟုမထင်။ အနားလာရပ်လိုက်တော့မှ အမှတ်မထင် [illegible]င်က ဒိန်းခနဲတုန်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်တစင်းသည် ရိုးရိုးသားသား မျက်နှာလေးဖြင့် သူ
ရှေ့က ဖန်ခွက်ဆီ လက်ညှိုးညွှန်ကာ

"ခင်ဗျားသောက်နေတာ ဘာခေါ်လဲ"

"ရှင်"

"အဲဒါဘာလဲလို့၊ ကိုကိုးလား၊ ချော့ကလက်လား၊ ကော်
လား၊ ကျွန်တော်လည်း အဲဒါမျိုးမှာသောက်ချင်လို့ပါ"

"ရှင်လာနောက်နေတာလား"

"ဟာ မဟုတ်တာဗျာ မနောက်ပါဘူး၊ ကျွန်တော်
တကယ်သိချင်လို့မေးတာပါ၊ ခင်ဗျားက နှစ်ခွက်တောင်
ဆင့်သောက်တယ်ဆိုတော့ တော်တော်အရသာကောင်းလို့ ဖြစ်မှာ
ဆိုပြီး ကျွန်တော်လည်း မြည်းကြည့်ချင်လာလို့ပါ"

"ရှင်နော် ကျွန်မဘာသာ ဘယ်နှခွက်ဆင့်သောက်
သောက် ရှင်နဲ့ဘာဆိုင်လဲ၊ ရှင် ဘာလို့ သူများစားတာသောက်တာ
လိုက်ကြည့်နေတာလဲ၊ အဲလိုလိုက်ကြည့်နေတာ ရှင်မရှက်ဘူးလား"

"အမှန်အတိုင်းပြောရရင် ကျွန်တော်ကတော့ သိပ်မရှက်
တတ်ဘူးဗျ၊ တချို့ကောင်မလေးတွေသာ မျက်နှာလေးတွေ နီရဲ
အောင် ရှက်တတ်တာပါ"





"ဘာ"

"အခုန ကျွန်တော် ဘာမှမပြောလိုက်ပါဘူး"

"ရှင်ဘာတွေလာပြောနေတာလဲ"

"ခင်ဗျား စိတ်ဆိုးသွားမှာစိုးလို့ လာတောင်းပန်တာပါ၊
င်ဗျားကိုရယ်တာ မဟုတ်ဘူးနော်၊ တဲ့ရဲ့တာလည်း မဟုတ်ဘူး၊
မျိုးက အမှတ်တမဲ့နဲ့ ဖြစ်တတ်ပါတယ်"

အရေးထဲ သူသည် မသိချင်ယောင်မဆောင်တဲ့အပြင် ဟား
ိုက်မိတာကိုပါ ပုံကြီးချဲ့ပြီး အကြောင်းရှာလာတောင်းပန်ရသတဲ့။

တော်တော် အူကြောင်ကြောင်နိုင်တဲ့ရုပ်။

အသည်းစွဲသည် သူ့ကို အမြင်ကပ်ကပ်နှင့် စိတ်ထဲလည်း
ီးမနေဘဲ နောက်ထပ်မျက်စောင်းရွယ်မိပြန်ကာ...

"တောင်းပန်လည်း မကျေနပ်ပါဘူး၊ ရှင်က မိန်းကလေး
စ်ယောက် ကသိကအောက်ဖြစ်အောင် အကွက်ချောင်းပြီး လှောင်
ယ်တတ်တဲ့သူပဲဟာ"

"မဟုတ်ပါဘူး၊ ခင်ဗျား အဲလိုထင်မှာစိုးတာ၊ ဟား
ား စိုးရိမ်တဲ့အတိုင်းပဲ အထင်ကစလွဲနေပြီ၊ ပွင့်ပွင့်လင်းလင်းပြော
ရင် ကျွန်တော်က ခင်ချင်လို့ကြည့်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



“အံမယ် သိလည်းမသိဘဲ ဘာကြောင့်ခင်ရမှာလဲ”

“မိတ်ဆက်လိုက်ရင် သိသွားမှာပဲ၊ အင်တာနက်ထဲ… နေတောင် တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖွဲ့ကြတာပဲဗျာ၊ … မကြိုက်ဘူးဆိုရင် ခင်ဗျားနာမည်နဲ့ ဖုန်းနံပါတ်ပြောပြပါလား၊ ကျွန်တေ… က ကြယ်တစင်းပါ၊ ဖုန်းကတော့ မရှိသေးဘူး၊ အိမ်လိပ်စာ… တော့ (......)အိမ်ရာမှာ”

သူပြောနေဆဲမှာ ရည်မွန်နွေးထွေးပြီး ရိုးသားမှုတ… ပျော်ဝင်နေပါသည်။ သူနှင့်စကားပြန်မပြောရင်ဘဲ အသည်းစွဲ… မယဉ်ကျေးတဲ့သူ၊ မာနကြီးပြီး မောက်မာဘဝင်မြင့်တဲ့သူ ဖြစ်ရတေ… မလိုလိုပါ။

နီးနီးကပ်ကပ် စိုက်ကြည့်နေတဲ့ သူ့မျက်ဝန်းတွေက ရိ… ဝေနှင့် နူးညံ့ရွှန်းရီပျော့ပျောင်းပြီး နွေးထွေးနေတာမို့ အသည်းစွဲ… မှာ နွေးခနဲ ဖိုခနဲ ဖြစ်သွားရပါသည်။

အကြည့်နှစ်ခုဆုံတဲ့အခါ နှစ်ဦးသား အငိုက်မိနစ်မျောမိ… သည်။ သူ စိတ်လှုပ်ရှားနေတယ်ဆိုတာလည်း အသည်းစွဲ ရိပ်… သည်။

အသည်းစွဲ ရင်ဖိုနေရပြီဆိုတာ သူသိမှာပဲ စိုးရွံ့မိ…





ဘာမှမဖြစ်ယောင်ဆောင်ပြီး

“ရိုးရိုးသားသားပြောပြတာနော်၊ ဘာသဘောမှမပါဘူး၊ ငါ့စကားပြောတာနဲ့ ဖော်ဖော်ရွေရွေပြန်ပြောတာပဲလို့ လျှော့တွက်ရင်တော့ ရှင်မှားသွားလိမ့်မယ်”

“ဟုတ်ပါပြီ၊ ကျွန်တော်ကလည်း လျှော့မတွက်ရပါဘူး၊ ပိုပိုသာသာပဲ တွက်ထားပါ့မယ်”

“ဟွန်း အသည်းစွဲ”

“ဗျာ...အသည်းစွဲ”

“အင်းလေ”

“အဲဒါ ခင်ဗျားနာမည်ရင်းလား၊ ရှေ့မှာ ဟွန်းပါသေးတာပေါ့၊ L ဆိုင်းဇီတို့ ဂျေးမီတို့လိုမျိုး ဟွန်း...အသည်းစွဲပေါ့ နော်”

သူက ဤသို့ ခပ်စည်တည်ပြန်နောက်ပါသေး၏။

သူနဲ့သာ ခင်သွားပြီဆိုရင် တရင်းတနှီးနဲ့ အတော်နောက်ပြောင်တတ်မည့်ပုံရသည်။

“အံမယ် ရှင်ကရော ကြယ်တစင်းတဲ့၊ ဒါပေးလေ့ပေးထရှိတဲ့ နာမည်မျိုးမှမဟုတ်တာ၊ မှတ်ပုံတင်ထဲက နာမည်အစစ်ပဲပြော၊ ရှင်ထပ်ပေးထားတဲ့ ပေါက်ကရနာမည်တွေ ကျွန်မက မှတ်ထားရ…



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်"

"ဟာဗျာ ပေါက်ကရမဟုတ်ပါဘူး၊ ဒါ ကျွန်တော့်အဖေ ကိုယ်တိုင်ပေးခဲ့တဲ့ နာမည်ပါ၊ မှတ်ပုံတင်ထဲလည်း ဒါပဲ၊ ခင်ဗျား ကိုမညာပါဘူးဗျာ၊ ကျွန်တော့်ရုပ်က လူလိမ်လူညာရုပ် ပေါက်နေလို့လား၊ ခင်ဗျားက မယုံသင်္ကာနဲ့ဗျာ"

"မသိဘူးလေ အဆိုတော်နာမည်လိုလို ဘာလိုလိုနဲ့မို့လို့"

"ကဲပါဗျာ အဲဒါထားပါဦး၊ အသည်းစွဲအကြောင်း ပြောပြလေ၊ အခု ဒီမှာတစ်ယောက်တည်း ဘယ်သူ့ကိုစောင့်နေတာလဲ"

"တစ်စုံတစ်ယောက်ကိုပေါ့"

"ဗျာ"

သူ အလန့်တကြားဖြစ်သွားလျှင် သူမက ပခုံးကလေးလှုပ်ကာ ရယ်မောပါသည်။ ရယ်သံလေးက ဆည်းလည်းလေး လှုပ်ခါသွားသလို ချိုလွင်သာယာလှသည်။

ပြီးတော့ အင်မတန် 'သွား' လှတဲ့ ကောင်မလေးဆိုတာလည်း သူသိလိုက်ရသည်။ သွားစွယ်ရှည်ရှည်ချွန်ချွန်လေး နှစ်ချောင်းက သူမအပြုံးအရယ်ကို အရမ်းရွှန်းတင့်လှပအောင် ဖန်တီးထားသည်။





ရယ်လိုက်တဲ့အခါ အံ့သြရလောက်အောင် မျက်နှာလေးက နုစဖွယ်ကောင်းသွားသည်။

"သူသင်တန်းဆင်းလာတဲ့အချိန်ကို အသည်းစွဲ ထိုင်စောင့်နေတာ"

"သူဆိုတာ ဘယ်သူလဲ"

"ပြောမပြပါဘူး"

"ရည်းစားလား"

သူမကမဖြေဘဲ သူ့ကိုကြည့်ပြီး ရယ်ချင်နေဟန်။

"ရည်းစားဆို ကြိုပြောနော်၊ တော်ကြာ ဘာမသိဘာမသိနဲ့ ကျွန်တော် ဆွဲထိုးခံနေရဦးမယ်"

"ရှင်ကလည်းနော် သတ္တိတွေကောင်းလိုက်တာ၊ အသည်းစွဲက ညီမလေးကို လာကြိုတာပါ၊ သူက အလှအပ အရမ်းဝါသနာပါတာ၊ အခုလည်း ဒီဇိုင်နာကိုစ်တစ်ခု လာတက်နေတာလေ၊ ကဲပါ ဟိုမှာ ရှင့်သူငယ်ချင်းတွေက ကြည့်လှုပြီ၊ ကိုယ့်ဝိုင်းဖွဲ့ကိုယ်ပြန်တော့လေ"

တကယ်လည်းပဲ ဖြိုးရောင်တို့က စိတ်ဝင်တစား စောင့်ကြည့်နေကြတာ တွေ့ရသည်။ အခုမှတွေ့တဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ဒီလောက်ကြာအောင် သွားစကားပြောနိုင်တဲ့အတွက် အားကျအထင်ကြီးတဲ့ အရိပ်အယောင်တွေက သူတို့မျက်လုံးတွေမှာ အထင်းသားပေါ်နေသည်။

ကြယ်တစင်းရဲ့ ပြုံးမြဲမြဲမျက်နှာကြီးမှာလည်း ကျေနပ် ဂုဏ်ယူဝံ့ကြွားမှုတွေက အပြည့်အလျှံနှင့်ပါ။

"အိုကေ ကျွန်တော့်ပြန်မှာပါ၊ အသည်းစွဲ ဖုန်းနံပါတ်ပေး ဦးလေ"

အသည်းစွဲက သူမရဲ့လက်ကိုင်ဖုန်းနံပါတ်ကို သဘော ကောင်းစွာ ပြောပြသည်။

သူမဖုန်းက အလွန်မှတ်ရလွယ်သည်။ ဖိုက်ဝမ်းဖိုးရဲ့နောက် မှာ ကျန်တဲ့ဂဏန်းလေးလုံးက တူနေသည်။ ကြယ်တစင်းစိတ်ထဲ ဟုတ်မှဟုတ်ရဲ့လားလို့ပင် သံသယဖြစ်မိသည်။

သူက ဖုန်းနံပါတ်ကို သေချာအောင် တစ်ခေါက်ပြန်ခေါ် ရွတ်ပြပြီးမှ ဒီဖက်စားပွဲကို ပြန်ကူးလာပါသည်။

"ဟော့ကောင် ပြုံးနေတာက ပါးစပ်ကြီး နားရွက်နားထိ ရောက်နေပြီကွ၊ ကောင်မလေးက ဘာတဲ့လဲ၊ မင်းကို ဒီလောက် အကြာကြီး ဘာတွေပြောနေတာလဲ၊ မင်းဘာတွေ လျှောက်ဖော

ဒီလောက်ထိ အဆင်ပြေနေရတာလဲ ကြယ်စင်း"

"အဲဒါခဏထားဦး အာကာ မင်းဖုန်းခဏပေး"

ဂျပန်က ပြန်ရောက်စမို့ သူနှင့်မြို့ရောင်မှာက ဖုန်းမကိုင် ဖြစ်သေးပါ။ အာကာ့ဖုန်းကို ကမန်းကတန်းဆွဲပြီး အသည်းစွဲထံ ချက်ချင်းဖုန်းခေါ်သည်။

ဒီဖက်ကနေ သူမစတိုင်လ်ကျကျလေး ဖုန်းခွင့်နားထောင် လိုက်ပုံလေးကို ကြယ်တစင်း အသာငေးနေမိသည်။

"ဟဲလို"

"အဟဲ သေချာလားလို့ ခေါ်ကြည့်တာပါ၊ ဘာမှမဟုတ် ဘူးနော်၊ ကျွန်တော် ညကြမှ ဆက်မယ်"

သူမက အဖြစ်သည်းရန်ကောဆိုတဲ့ အကြည့်လေးနှင့် မျက်စောင်းခဲတာမို့ ကြယ်တစင်းရင်တွေက ဖြောင်းဆန်အောင် တုန်ရီလှုပ်ရှားသွားရသည်။

သူမကို မျက်လုံးတစ်ဖက် ခပ်ရွှင်ရွှင်မှိတ်ပြရင်း သူငယ် ချင်းတွေဖက်လှည့်ကာ…

"အသည်းစွဲတဲ့ကွာ၊ သူ့အမေက နာမည်ပေးသိပ်တော် တာပဲ၊ ငါမြင်တာနဲ့ သူ့သမီးကို စွဲသွားမယ်ဆိုတာ ကြိုသိနေပုံပဲ







www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ်၊ ဟား ဟား''ဟု ခပ်သောသောလေးရယ်သံနှင့် ပြောပြနေမိသည်။

သူ့ရင်မှာ ထူးထူးကဲကဲ မြှုပ်ပွတက်ကြွနေတာလည်း အမှန်ပဲဖြစ်သည်။

❀ ❀ ❀



ကြယ်တစင်းသည် စီးကရက်တစ်လိပ်ကို ထုတ်ယူပြီးနောက် စီးကရက်ဗူးကို ထိုင်ခုံတန်းအပြာလေးပေါ် ချထားလိုက်သည်။

ပြီးတော့ စီးကရက်ကို နှုတ်ခမ်းဖျားမှာချိတ်ပြီး ဇစ်ပိုမီးခြစ်နှင့် ဖောက်ခံနဲ့ မီးညှိကာ တစ်ဆက်တည်း ရှိုက်ဖွာပစ်လိုက်သည်။

ခုတလော စီးကရက်တွေ ပိုသောက်နေမိတယ်ဆိုတာ သူကိုယ်သူတော့ သတိထားမိပါသည်။ သို့သော် လျှော့သောက်လို့ မဆင်ခြင်မိ။

သူ့အိမ်မှာလည်းမနေချင်။ ဒီလောက်တားနေတဲ့ကြားက ကိုကြီးက မနက်ဖြန် လက်မှတ်ထိုးလက်ထပ်ဖို့ စီစဉ်နေပြီ။ သူဝတ်မည့် တိုက်ပုံ၊ အပေါ်အင်္ကျီနှင့် ပိုးပုဆိုးတို့ကိုပင် အသေအချာ မီးပူတိုက်ရင်း ကိုယ်တိုင်တက်တက်ကြွကြွ ပြင်ဆင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



သူမျက်မြင်။

ကြယ်တစင်းသည် ကိုကြီးကို သိပ်မကျေနပ်သဖြင့် တစ်နေ့လုံးလည်း စကားတစ်ခွန်းမှမပြော။ ထမင်းစားတော့လည်း သူနှင့်ဖြိုးရောင်က ဆိုင်မှာသွားစားသည်။ ကိုကြီးကလည်း သူ့ဘာသာ အပြင်ထွက်စားသည်။

သူ့သဘောကတော့ ကိုကြီးကို အန်တီခွာညိုအိမ်သို့ လိုက်မနေစေချင်ပါ။ အန်တီခွာညိုသမီးနှင့် ပြဿနာတက်မှာ ကျိန်းသေပေါက် သေချာနေလို့ပါ။

ဒါကို ကိုကြီးက လက်မခံ။ ခေါင်းမာမြဲ ခေါင်းမာနေသည်။

ဟိုတစ်နေ့က သူထပ်ပြောမိသေးသည်။

"ကိုကြီး အဲဒီမိန်းမကိုပဲ မယူမဖြစ်ယူမယ်ဆိုရင်လည်း မိန်းမအိမ်တော့ အောက်ကျနောက်ကျ သွားတက်မနေပါနဲ့ဗျာ၊ ကိုကြီး အောက်ပါတယ်၊ ခေါ်ခွာညိုသမီးက ကိုကြီးကို ဘယ်လိုဆက်ဆံလွှတ်မလဲဆိုတာ ကိုကြီးလည်း ကြုံဖူးသားပဲ၊ တကယ်ဆို ကိုကြီးက သူတို့အဖေနေရာမှာ ရှိတဲ့သူ၊ အဲဒီကောင်မလေး ဒီလောက်ရိုင်းတာ ကျွန်တော်တော့ ခွင့်မလွှတ်ဘူး၊ ကိုကြီး အခုအိမ်မှာ မာစတာ





...တက်ရှန်းတစ်ခန်းကို သေချာပြင်ပြီး ဧဂံလာခန်းဝင်ပစ္စည်းတွေ သွားဝယ်လိုက်၊ ဒီမှာပဲလာနေဗျာ၊ အဲဒါပိုကောင်းပါတယ်"

"မဖြစ်ဘူး ကြယ်စင်း ညီတို့အိမ်မှာနေဖို့ အားလုံးစီစဉ်ပြီးပြီ၊ ခန်းဝင်ပစ္စည်းအားလုံးလည်း ဝယ်ပြီးပြီ၊ ညီတို့အိမ်က နှစ်ထပ်တိုက်အကျယ်ကြီးပါကွာ၊ သူ့သမီးတွေနဲ့ မပြေလည်လည်း ခဏပေါ့ကွာ၊ ပြီးရင် မိသားစုတွေလို တရင်းတနှီးဖြစ်သွားမှာပါ၊ ညီကလည်း သူတို့နဲ့ပဲ နီးနီးကပ်ကပ် နွေးနွေးထွေးထွေး နေစေချင်တယ်၊ သူ့သမီးနှစ်ယောက်ကို ပစ်ထားနိုင်မှာမဟုတ်ဘူး"

"သမီးကနှစ်ယောက်လား၊ ကိုကြီးကို ဟောပြောလေးလွှတ်လိုက်တာ ဘယ်သူလဲ"

လမင်းဆော့က မဖြေပါ။ ညီလေ ကြယ်တစင်း စိုးမျက်ခြင်းနေမှာ မလိုလား။ သူလည်း မေ့ပစ်လိုက်ပြီ။ ကလေးတွေကို ခွင့်လွှတ်သည်။

ကြယ်တစင်းရင်မှာလည်း တေးတေးမှတ်မှတ်ကြီး မထားစေချင်ပါ။

"နှစ်ယောက်စလုံးက တချိုးတည်း တချက်တည်းပေါ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေထားစမ်းပါကွာ၊ မင်းနားမလည်ပါဘူး"

ကိုကြီးက စကားဖြတ်ပြောလိုက်သည်။ ပြီးတော့ သူလုပ်ချင်ရာ ရှေ့ဆက်လုပ်သည်။

ကြယ်တစင်းစကားကို အရေးလည်းမလုပ်။ ထည့်လည်းမတွက်။

ခေါ်ခွာညိုနှင့် လက်ထပ်ပြီးလျှင် မိန်းမအိမ်မှာပဲ လိုက်နေမည့်ဆိုတဲ့သဘော။

ဘယ်အချိန် ပြဿနာဖြစ်မလဲ စောင့်ကြည့်လိုက်ဦးမည်။

ကြယ်တစင်းသည် ကိုကြီးလက်ထပ်မည့်ကိစ္စကို အဆိုအမှတ်လည်းမပြုချင်။ မြင်လည်း မမြင်တွေ့ချင်သဖြင့် တစ်ရက်ကြိုတင်၍ အိမ်ကထွက်ခဲ့သည်။

"ဖြိုးရောင် မင်းဒီမှာနေခဲ့ရင်နေခဲ့၊ ငါတော့မနေဘူး"

"ဘာဖြစ်လို့လဲကွ"

"ကိုကြီး ပျာယာခတ်နေတာ ကြည့်မရလို့"

"မင်းက ဘယ်သွားနေမှာလဲ"

"အာကာ့အိမ်"

"အဟက် ဟက် အာကာ့အိမ်ဟုတ်လား၊ သူတို့ကိုးမိုင်





...က ဝိုက်ပြန်ဆောက်နေလို့ အာကာ့အဖေတောင် သူ့ညီမအိမ် ...ပြောင်းနေတာ"

"ဟာ ဟုတ်လို့လား မနေ့က အာကာပြောတော့ ကိုးမိုင် ...မှာဆို"

"အဲဒါကဟုတ်တယ်လေ၊ အိမ်ဆောက်နေတော့ သူ့အဖေ ...ကြည့်နေရတာပေါ့၊ သူက ယောကျ်ားလေးတစ်ယောက်တည်း ...သလိုနေတာပေါ့၊ ခြံထဲမှာ သစ်သားအိမ်သေးသေးလေး တစ်လုံး ...ရှိတယ်၊ အစတုန်းက အာကာတို့ ကားဒရိုင်ဘာမိသားစုနေ ...တာ"

"ဟုတ်လား၊ မိသားစုနေလို့ရတဲ့ အိမ်ပဲကွာ၊ ငါတို့သွား ...လို့ရလောက်ပါတယ်"

"မင်း အာကာ့ကို ပြောထားလို့လား"

"ပြောတာတော့ ဘယ်ပြောထားမလဲကွ၊ အစက ငါ့မှာ ...အစီအစဉ်မှမရှိတာ၊ အခုတော့ တစ်ပတ်လောက်ဖြစ်ဖြစ် နားအေး ...အေး ရှောင်နေချင်တယ်ကွာ၊ တော်ကြာ ငါ ဒီမှာရှိနေရင် ကိုကြီး ...သူတစ်သက်တစ်ခါ မင်္ဂလာဆောင်တဲ့နေ့ ရန်ကုန်မှာ သွေးသား ...ချာ ဒီညီလေးတစ်ယောက်တည်းရှိတာ ဘာညာဆိုပြီး ငါ့ကိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖို့ ခေါ်နေမှာစိုးလို့ကွ၊ မင်္ဂလာဆွမ်းကျွေးတဲ့နေ့ကြ မင်းပါလိုက်ရ ဆိုရင် မတတ်နိုင်ဘူး၊ အဲဒါကြောင့် ကြိုပြီးလစ်မှဖြစ်မယ်၊ ပြော ကြာတယ်ကွာ အဝတ်အစားထည့်၊ အာကာက မင်းညီဆိုတေ မင်းပါတာပိုကောင်းမယ်၊ လုပ် လုပ်"

ကြယ်တစင်းက ဖြူးလင်းရောင်ကိုပါ တိုက်တွန်းကာ ဆောင်အိတ်ထဲ အဝတ်အစားလေးငါးစုံနှင့် လိုအပ်တာတွေ ထည့် နိုင်း၏။ ပိုက်ဆံနှင့် ဘဏ်စာအုပ်တွေဘာတွေကအစ ကြယ်တ က ယူဆောင်လာသည်။

အာကာ့အိမ်နေလို့ မဖြစ်ခဲ့ရင်လည်း ဈေးသက်သာ ဟိုတယ်တစ်ခုလောက် တက်နေလိုက်မည် စိတ်ကူးသည်။

ဂျီအက်စ်အမ်ဖုန်းတစ်လုံးလောက်လည်း ကိုင်မှဖြစ်တေ မည်။ ဒီအခန်းမှာမနေရင် ဒီဖုန်းကို ဘယ်လို သုံးမလဲ။

အိမ်ကထွက်ခါနီး တံခါးတွေပိတ်၊ မိန်းချရင်း စိတ်ထဲ အသည်းစွဲကို ဖျတ်ခနဲ သတိရမိသေးသည်။ အသည်းစွဲ ဘာကြောင့်မှန်းမသိ ခုတလော သူ့လက်ကိုင်ဖုန်းကို ပိတ်ထားသည်

ကြယ်တစင်းကလည်း အဲဒီဖုန်းနံပါတ်တစ်ခုပဲ သိတ လေ။ ဖုန်းပိတ်ထားတော့ ဘယ်လိုမှ ဆက်သွယ်လို့မရ။ ❀





ဒီလိုနှင့် သူတို့နှစ်ယောက်သား ကိုးမိုင်က အာကာတို့ခြံ သို့ ရောက်လာကြပါသည်။ လမ်းက ရှည်လျားပြီး ခြံကအတွင်း ဝိုင်းကျသည်။

တိတ်ဆိတ်ငြိမ်သက်သော ပတ်ဝန်းကျင်မို့ ကားဟွန်းပင် တျယ်ကျယ်မတီးရဲခဲ့။

အလုပ်သမားဖြစ်ဟန်တူသူတစ်ယောက်က ခြံတံခါးလာ ဖွင့်ပေးသည်။ ကားကို ခြံထဲဝင်ရပ်လိုက်လျှင် နှစ်ထပ်တိုက်တစ်လုံး ဆောက်လက်စတန်းလန်းကို တွေ့ရ၏။

သူတို့ကိုမြင်လျှင် အာကာက အံ့သြနေသည်။

"ငါ့ကိုလာခေါ်ကြတာလား၊ စောလှချည်လားကွ၊ ဆိုဒ် တောင်မသိမ်းရသေးဘူး၊ ငါက ညမှအပြင်ထွက်မယ် စဉ်းစားနေ တာ"

"ဟောကောင် ကားထဲကိုသေချာကြည့်၊ ဟိုမှာအဝတ်အိတ် တွေမြင်လား၊ မင်းကိုလာပင့်တာလို့ မထင်နဲ့၊ ငါတို့နှစ်ယောက် မင်းအိမ်မှာနေမလို့"

"မနောက်စမ်းပါနဲ့ကွာ၊ ငါတောင် ဒီမှာကြီးကြပ်မယ့်သူ မရှိလို့ လာနေရတာ၊ အိမ်ဆောက်ပြီးသွားရင် မင်းတို့ ကြိုက်သ



www.burmeseclassic.com

www.burmeseclassic.com



လောက် လာနေစမ်းပါ”

“မရဘူးဟေ့ကောင် မင်းအိမ်ပြီးတာမပြီးတာ မသိဘူး ငါတို့ ဖြစ်သလိုနေမယ်၊ လုပ် လုပ် ကြယ်စင်း ကားပေါ်ကအိတ်တွေချလေကွာ”

ဂျယ်ပြန် သူငယ်ချင်းနှစ်ယောက်ကို သူ့ရဲ့သစ်သားအိမ်ပုပုအဟောင်းလေးထဲ ခေါ်ရမှာ အားနာနေဟန်ရှိပါသည်။ ကိုဖြိုးတစ်ယောက်တည်းဆို ဒီလောက်မဟုတ်။ အခုက ကြယ်စင်းကို ပိုအားနာမိသည်။ သူ့မှာ ကွန်ဒိုတိုက်ခန်းအသစ်ကြီးလည်း ကိုယ်ပိုင်ရှိသားနှင့်မို့ ရှုပ်ယှက်ခတ်နေတဲ့ သူ့ခြံထဲ လာနေမည်ဆိုတာကို သိပ်မယုံချင်။

အစ်ကိုဖြစ်တဲ့ ကိုဖြိုးက အိတ်တွေဆွဲပြီး သစ်သားအိမ်ရဲ့လှေကားထစ်ပေါ် လွှားခနဲတက်သွားပြီမို့ ဘာမှမတတ်နိုင်။

“မြင်တဲ့အတိုင်းပဲ မင်းတို့ဘယ်လိုနေမှာလဲ”

သစ်သားအိမ်ဟောင်းလေးက အကျယ်ဆယ်ပေခန့်နှင့် နောက်ကို ပေနှစ်ဆယ်ခန့်လောက်သာ ရှိလိမ့်မည်။ သုံးထပ်သားနှင့် အခန်းကျဉ်းလေးတစ်ခု ဖွဲ့ထားသည်။

အိမ်ရှေ့မှာ သစ်သားစားပွဲထိုင်ခုံလေးလုံးနှင့် အဲဒီစားပွဲ





ပေါ် တီဗီတစ်လုံးနှင့် LG ဒီဗီဒီပလေယာတစ်လုံး တင်ထားသည်။

အခန်းထဲမှာ အာကာအိပ်ပုံရတဲ့ ခေါက်ကုတင်တစ်လုံးနှင့် မွေ့ယာခေါင်းအုံး၊ စောင်တို့သာ ရှိပြီး မီးဖိုခန်းသဘော အနောက်ဆက်တောင့်လေးမှာ အိုးခွက်ပန်းကန် ခွက်ယောက်တချို့နှင့် ဟော့ပလိတ်တစ်လုံး၊ တစ်အိမ်လုံးမှာ ပစ္စည်းက ဒါအကုန်ပဲဖြစ်သည်။

ကြယ်စင်းနှင့် ဖြိုးရောင်က ခရီးဆောင်အိတ်တွေချပြီးတာနှင့် ဝရန်တာမှာ တပ်ထားတဲ့ ပလပ်စတစ်ထိုင်ခုံတွေ ဆွဲယူပြီး ထိုင်လိုက်ကြပါသည်။

ဟိုဘက်ဆိုဒ်ထဲက တူရိုက်သံ၊ ဂ်န်းနှင့် အခေါက်အောက်သံတွေကို ဒီဘက်မှ ကြားနေရ၏။

“မင်းတို့တိုက်က ဘယ်တော့ပြီးမှာလဲ”

“လိုသေးတယ်၊ နောက်လေးငါးလတော့ အသာလေးကြာဦးမှာ”

“ကိစ္စမရှိဘူး၊ လောလောဆယ် မင်း အဆော်ရအောင် ငါတို့လည်း ဒီမှာပဲနေကြမယ်”

“ဖြစ်ပါ့မလား ဖြိုးရာ၊ မေမေမရှိတော့ ငါက ဒီမှာ ထမင်းချက်စားတာလည်း မဟုတ်ဘူး၊ ကိုကြယ်စင်းဆို အနေမှာ



www.burmeseclassic.com

www.burmeseclassic.com



စရာကြီး”

“သြော် မင်းက ငါ့ကိုတော့ အားမနာဘူးပေါ့”

“ဖြိုးက အစ်ကိုပဲဗျာ”

သူတို့က တစ်နှစ်ထဲ လပိုင်းလေးသာခြားပြီး မွေးလာကြတဲ့ တစ်ဝမ်းကွဲညီအစ်ကိုပါ။ သူငယ်ချင်းလိုလည်းဖြစ်နေပါသည်။

သူတို့စကားပြောနေကြတုန်း ဆောက်လက်စဆိုဒ်ထဲက အလုပ်သမားတွေ တစ်ယောက်ပြီးတစ်ယောက် ရေချိုးအဝတ်လဲကာ ပြန်ဖို့ပြင်ဆင်နေကြတာ လှမ်းမြင်နေရသည်။

ဆိုဒ်မန်နေဂျာက အားလုံးကို ငွေရှင်းပေးပြီးတာနှင့် လုပ်လက်စ လုပ်ငန်းအားလုံး သိမ်းဆည်းပြီးနောက် အာကာ့ကို ပြန်ဖို့လာနှုတ်ဆက်ကာ ပြန်သွားပါသည်။

ထိုအခါ ခြံထဲမှာ သူတို့သုံးယောက်နှင့် ခြံစောင့်ဖိုးချစ်တို့သာ ကျန်ခဲ့ပါသည်။

ဖိုးချစ်က လိုအပ်တာမှာရင်တော့ စက်ဘီးဟောင်းလေးနင်းကာ လှစ်ခနဲထွက်ဝယ်ပေးတတ်သည်။ အာကာက ဖိုးချစ်အဖော်ပြုပြီး ဒီမှာနေခဲ့တာလည်း ဖြစ်သည်။

“စားတာသောက်တာ မင်းဘာမှမပူနဲ့၊ ငါတို့ အပြင်ထွက်





အယ်”

“ဖြိုးကကွာ မင်းတို့ကြိုပြောရင် ငါစီစဉ်ထားမှာပေါ့”

“ရပါတယ်ကွာ၊ အရေးမကြီးပါဘူး”

အာကာက အိမ်ရှေ့ဧည့်ခန်းမှာပဲ ပလပ်စတစ်ဖျာကိုခင်းပေါ်က မွေ့ရာခင်းက သူတို့နားဖို့ အိပ်ရာပြင်ပေးသည်။

ညနေစောင်းတာနှင့် ခြံထဲမှာ ခြင်တွေက မတရားများလာသည်။

အာကာက ခြင်ဆေးခွေတွေ နေရာအနှံ့ ထွန်းပေးတောင် ခြင်တွေက ဟိုဒီပျံဝဲနေတုန်းပါ။

ဒီမှာ ညအိပ်ရင် ခြင်ထောင်ထောင်အိပ်မှ ဖြစ်ပါလိမ့်မည်။ ထောင်သာ မထောင်မိလို့ကတော့ သူတို့ကို ခြင်တွေ ဝိုင်းသယ်သွားလိမ့်မည်။

ပြီးလျှင် သူတို့သုံးယောက်သား ဆယ်မိုင်ဖက်သို့ ကားနှင့်ထွက်ကာ ညစာသွားစားကြသည်။ ဘီယာလေးဘာလေးပါသောက်ကြတာမို့ အိမ်ကို ဆယ်နာရီကျော်မှသာ ပြန်ရောက်သည်။

ကြယ်တာစင်းသည့် လရောင်မှိန်မှိန်လေး လင်းနေသောလမ်းကောင်းကင်ကို မော့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲ ဘယ်သူ့ကို လွမ်းမိမှန်းမသိ ဆွတ်ပျံ့ပျံ့လေး ခံစားနေရသည်။

ဆိတ်ငြိမ်သော ပတ်ဝန်းကျင်အနေအထားလေးကပင် တစ်မျိုးတဖုံ လွမ်းမောစရာလို ဖြစ်နေပါသည်။

သူ့အာရုံထဲ မြင်ယောင်လာမိသူလေးက အသည်းစွဲပဲဖြစ် သည်။ သွားစွယ်ရှည်ရှည်မျောမျောလေးတွေ လှစ်ခနဲပေါ်လာတတ် တဲ့ ချစ်စဖွယ် အပြုံးလေးကို လွမ်းဆွတ်တမ်းတမိသည်။ ရင်ထဲ လှုးလှုန့်လှုပ်ခတ်သွားစေတဲ့ အပြုံးနုလေးကို ပိုင်ဆိုင်သူလေး။

အသည်းစွဲ ဖုန်းကိုခေါ်ကြည့်ရင် ကောင်းမလား။ စက်ပိတ်ထားဦးမှာပဲထင်သည်။ ပြီးတော့ သိပ်ညဥ့်နက်နေပြီ။ ဒီအချိန် ခေါ်လို့မကောင်းတော့ပါဘူး။

ကြယ်တစင်းက သူ့စိတ်ကူးကို သူ့ဘာသာ ပြန်ပယ်ချ လိုက်သည်။ ပင့်သက်တစ်ချက်နှင့် ဝရန်တာလေးဆီမှ အောက်ဖက် သို့ ဆင်းလာခဲ့သည်။

ခြံထဲမှာ မီးတိုင်ရဲ့ အလင်းရောင်တော့ ရှိပါသည်။ ဝင်းတံခါး တစ်ဖက်တစ်ချက်က အုတ်တိုင်ထိပ်မှာ မီးပုံးလေးတွေ လည်း ဖွင့်ထားဆဲပါ။ ဟိုဖက်က ဆောက်လက်စတိုက်ကြီးကတော့





မည်းမှောင်နေသည်။

ကြယ်တစင်းက ဆွယ်တာလက်ရှည်အပွ၊ ချည်သောင်းဘီ မီးခိုးရောင်ပွပွနှင့် ယိုးဒယားကွင်းထိုးဖိနပ်အနက်ရောင်ကို စီးကာ ခြံထဲလှည့်ပတ်လျှောက်နေမိသည်။

ထို့နောက် အိမ်ရှေ့က ခုံတန်းပြာလေးမှာ တစ်ယောက် တည်း သွားထိုင်သည်။

ပြီးတော့ စီးကရက်ကို ရှိုက်ဖွာမိသည်။ ခေါင်းထဲမှာ မာမီ့အကြောင်းလည်း တွေးမိသည်။ ကိုကြီးအကြောင်းလည်း တွေးမိသည်။ ပြီးတော့ အသည်းစွဲအကြောင်းကို တွေးမိပြန်တော့ ရင်ထဲ နွေးရှရှနှင့် ကြည်နူးမိသည်။

ပြန်စဉ်းစားတိုင်းမှာ ရင်ထဲနွေးလာတတ်တာ ဘာကြောင့် လဲကွာ။

ခင်ဗျားကတော့ ကျွန်တော်ဖုန်းဆက်ရင် စကားမပြောချင် လို့များ ဖုန်းကို စက်ပိတ်ထားတာလား။

ကြယ်တစင်းက မယုံမရဲ တွေးနေမိသေး၏။

ဘာပဲဖြစ်ဖြစ် အသည်းစွဲကို သူထပ်တွေ့ချင်သည်။ အခု ထက်ပိုပြီး ရင်းနှီးခင်မင်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲက ခံစားချက်တွေ အကုန်ဖွင့်ပြောပြလို့ ရတဲ့သူ လေးတစ်ယောက်လို စိတ်ထဲမှာ သိပ်ဖြစ်ချင်နေသည်။

အနည်းဆုံး သူသတိရနေတယ်ဆိုတာ ပြောပြချင်သည်။

"ကြယ်စင်းရော အာကာ"

"ခြံထဲဆင်းသွားတယ်"

"သို့ကောင် မှောင်ကြီးမည်းကြီးထဲ ဘယ်လျှောက်သွားတာ လဲ"

"ဟိုးမှာလာကြည့် ကိုဖြိုးဘော်ဒါက တစ်ယောက်တည်း စိတ်ကူးယဉ်နေတာ၊ တွေ့လား"

အာကာနှင့် ဖြိုးရောင်က ကြယ်တစင်းကို လှမ်းကြည့်၏။

"အေးကွာ ခေါ်လိုက်မယ်"

"မခေါ်နဲ့၊ သူရောက်လာမယ့်နည်းရှိတယ်၊ ဒီမှာကြည့်"

အာကာက သူ့ရဲ့ပော်လိုဂစ်တာကို သွားဆွဲလာပါသည်။

ကြယ်တစင်းက တေးဂီတကိုတော့ အင်မတန် နှစ်သက် တတ်သူပါ။ သူက အင်္ဂလိပ်သီချင်းသာမက ဂျပန်သီချင်း၊ ကိုရီးယားသီချင်းတွေပင် တစ်ခါတစ်ခါ ဆိုတတ်သေးတာ။

ဒါကိုသိသော အာကာက သူ့ဂစ်တာကို ဖွဖွတီးခတ်လို့





အသံစမ်းလိုက်ပါသည်။

ညဥ့်ယံမှာ ထွက်ပေါ်လာသော ဂစ်တာတီးခတ်သံလေးက တစ်မျိုးတစ်ဖုံ ဆွတ်ပျံ့ဖွယ်ကောင်းအောင် ငြိမ့်ငြိမ့်ကလေး တိုးဝှေ့ လာပါသည်။

ထင်တဲ့အတိုင်း ကြယ်တစင်းက ဒီဘက်ဝရန်တာဆီ မျှော်ခနဲ လှည့်ကြည့်သည်။

ပြီးလျှင် ဆတ်ခနဲထကာ လျှောက်လာလေသည်။

အာကာက ခေါင်းငုံ့ပြုံးလိုက်သည်။

တကယ်တော့ အာကာ ဒီမှာတစ်ယောက်တည်း ဖြစ်သလိုလာနေတဲ့အကြောင်းရင်းကို ဖြိုးနှင့် ကြယ်စင်း မသိသေး ပါ။

သူ ညညဂစ်တာတီးတတ်တာလည်း ဘယ်သူ့ကိုရည်ရွယ် သလဲ သူတို့သိမှာမဟုတ်။

အာကာသည် ပေါ်တီကိုမီးရောင်လေး လင်းနေသော ဆိုဖက်ခြံက နှစ်ထပ်တိုက်သစ်လေးဆီ မသိမသာ မျှော်ကြည့်မိ၏။

လူသူအရိပ်အယောင် မတွေ့ရပါ။ ဘွားလေးလည်း အိပ် လောက်ပြီ။ အန်တီဝေလည်း စောစောအိပ်တတ်သည်။ အာကာက



www.burmeseclassic.com

www.burmeseclassic.com



ဒီဖက်စွန်းကျတဲ့ အပေါ်ထပ်ထောင့်ခန်းလေးကိုပဲ ထပ်ကြည့်သည်။ အခန်းမီး ဖွင့်ထားသေးသည်။ ပြတင်းပေါက်ကတော့ ပိတ်ထားသည်။ လိုက်ကာလည်း အပြည့်ချထားသည်။ အဲယားကွန်းက ရေတွေတောင်ကျနေ၏။

ချစ်ရသူလေးရဲ့ အခန်းမီး ကြည့်ရတာနှင့်ပင် ရင်ခုန်ချင်စရာကောင်းသည်ဟု အာကာထင်မိသည်။

"ဂစ်တာက ဒီတစ်လုံးပဲရှိတာလား"

ကြယ်တစင်းက မေးရင်း ဝရန်တာဆီ လှမ်းခဲ့တက်လာပါသည်။ ပြီးတော့ ဝရန်တာလက်ရန်းမှာ ခုန်ပြီးထိုင်လိုက်ပါသည်။

"ဒါပေါ့ကွာ၊ အစက သူတစ်ယောက်တည်းပဲ တီးတာကိုး"

"ဒါဖြင့်လည်း လုပ်ကွာ၊ နားထောင်မယ်"

အရင်တုန်းက ဂျပန်မထွက်ခင်တုန်းကတော့ ကြယ်တစင်းလည်း ဒီလိုပဲ အပေါင်းအသင်းတွေနှင့် ဂစ်တာတီး၊ သီချင်းတွေအော်ဆိုနှင့် ပျော်ခဲ့ဖူးပါသည်။

တစ်ခါတလေ အင်းလျားကန်ပေါင်ပေါ်တောင် အွေးသောင်းကျန်းကြသေးသည်။





အခုတော့ ဂစ်တာလည်း မတီးဖြစ်တာကြာပြီ။

အာကာက သူနှင့်နာမည်တစ်လုံးတူတဲ့ R ဇာနည်သီချင်းတွေကို သဘောကျတတ်သူပီပီ ရွှေရုပ်ကလေးကောက်ရသူ သီချင်းကိုပဲ ခပ်သွက်သွက် သီဆိုလိုက်သည်။

သိပ်ပျော်လိုက်တာ ××× ရင်တောင်တုန်တယ် ×××

ပြန်စာ ××× ပြန်စာ သူလေးထံပေးလာ ×××

ဝမ်းလည်းသာ ××× ပျော်တယ်အချစ်ရေ ×××

စိန်စီသောလမ်း ဖြောင့်တန်းစွာ ×××

ရှား…လား××× ဂုဏ်ရည်လေးများလူချစ်ချစ် ×××

အပြေးကလေး လက်ထပ်ထားမယ် ××× အမှတ်တကယ်×××

ဘီယာကလေး နည်းနည်းဝင်ထားသဖြင့် မူးမူး အဆိုလိုရှင်နေတာ သုံးယောက်သား သံပြိုင်အော်ဆိုနေမိကြသည်။

ဒီသီချင်းကို ကောင်းကောင်း အလွတ်ရနေအောင်ညည်းခဲ့ပါသည်။

ရွှေရုပ်ကလေး ကောက်ရသလို ××× ဝမ်းသာလှသည်××× ပျော်တယ်အချစ်ရယ် ×××× မာနကြီးလေး ဆောင့်ခဲ့ချစ်သူ×××



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တဲ့စာလေးကြောင့် အသည်းလေးရွှင် ×××

ကိုကိုခေါ်သံ သိန်းဆုထက်ခင် ××××

မိုးလေးအမြင့်ပေါ် ခုန်ကာတက်ချင်×××

ချစ်သူရှိတယ် ဆိုနိုင်ပြီကွယ် ×××

လှူလှူသူသူ အချစ်ကလေး ကိုယ့်နံဘေးမှာ ××××

ထမင်းလည်းမဆာ ××× ရင်မှာပြည့်လာ ××× ဘယ်နတ်မင်းကလေးကကူ ×××

မေတ္တာမြို့ဝယ်××× အတူတူနေမယ် ×××

အဖြူရောင် အကြင်နာလက်ကလေး ကမ်းလိုက်ကွယ်×××

မီးပင်လယ်ကျော်ကာဖြတ်မယ် ××× အိပ်မက်လေးထဲလာခဲ့ကွယ်၊ ရွာ ××× လား ××× ဂုဏ်ရည်လေးများတူရင်နော် အပြေးလေး လက်ထပ်ထားမယ် ××× အဟုတ်တကယ်×××

ဂစ်တာဝိုင်းသိမ်းပြီးလို့ အိမ်ရှေ့ခန်းမှာ သူ့ရယ် ဖြိုးရောင်ရယ် ခြင်ထောင်ဖွေးဖွေးဆွတ်ဆွတ် တစ်လုံးထဲ အတူအိပ်ကြသောအခါ ငါးမိနစ်တောင် မကြာလိုက်ပဲ ဖြိုးရောင်က တရှူးရှူးအသံပေးလို့ အသက်ရှူသံမှန်မှန်နှင့် အိပ်မောကျသွားပါတော့သည်။

တကယ်ကို အပူပင်ကင်းကင်း အိပ်ပျော်လွယ်တဲ့ကောင်။ ဘီယာကြောင့်ပဲဖြစ်မလား။

ကြယ်တစင်းမှာတော့ ခေါင်းထဲ ရီဝေဝေလေးသာရှိနေပြီး ချက်ချင်း အိပ်မပျော်။ လူက အဲကွန်းထဲ အိပ်နေကျမို့ အပူငွေ့တွေပဲ ကိုယ်ထဲက ထွက်နေသလိုလို။ မွေ့ရာကြီးကပဲ ခိုးလုခုလု အိုက်နေသလိုလို။

ရှိတဲ့ ပြတင်းပေါက်နှစ်ပေါက်လည်း ဖွင့်ထားတာမို့ အပြင်ကလေကတော့ ဝင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တအောင့်လောက်ကြာလျှင် အတွင်းခန်းက အာကာ့လှုပ်ရှားသံကို ကြားရသည်။ အပေါ့အပါးထသွားတာလို့ သူက ထင်ပေမယ့် သေချာနားစွင့်လိုက်တော့ မဟုတ်ချေ။

ဒီကောင် ဖုန်းနံပါတ်နှိပ်နေတဲ့အသံမျိုး ကြားရတာ။ သူတို့ အိပ်နေပြီထင်ပြီး ဖုန်းထဆက်နေတာ။ ဒီကောင့်ရည်းစားဆီကို ဆက်တာပဲဖြစ်မည်။

"မဦး…ကိုကိုအိပ်မပျော်လို့"

အလို့ မဦးဆိုပါလား။ သူ့ကိုယ်သူကျ ကိုကိုတဲ့။

"မဦး နေကောင်းလားလို့"

ထပ်တစ်ခွန်းအသံမြှင့်ပြောလိုက်တဲ့အခါ အိပ်ရာထဲက ကြယ်တစင်း မပြုံးဘဲမနေနိုင်။

အာကာ့အသံကိုက ကောင်မလေးကို ဂရုတစိုက် ဖုန်းထဲက အလွမ်းသယ်နေတဲ့အသံ။

"ဟုတ်တယ်၊ မလာချင်လို့မဟုတ်ဘူး၊ ဒီမှာ ကိုကို့အစ်ကို ဝမ်းကွဲနဲ့ ညီ့သည်တစ်ယောက် ရောက်နေလို့ပါ"

"……"

"ထမင်းစားတော့ သူတို့နဲ့သွားစားတာ"





"……"

"ထွက်သွားတာ တွေ့လိုက်လား၊ ဟာ မသောက်ပါ"

ဒီကောင် ညာနေပြန်ပြီ။

တွေ့လိုက်တယ်ဆိုတော့ အာကာ့ရည်းစားက ဒီအနီးအနား ဖြစ်မည်။

ကြယ်တစင်းသည် မျက်စိမှိတ်ပြုံးမိရင်းက ခံစား…ည်။

"သီချင်းသံကြားရဲ့သားနဲ့ ဘာလို့ထွက်မကြည့်တာလဲ"

"……"

"မဦးမအိပ်သေးပါဘူး ကိုကိုသိပါတယ်၊ မဦးအခန်းက …င်းနေတာတွေ့တယ်"

"……"

"ဪ ဒီလိုလား၊ အခန်းကျယ်ထဲ ဖြောင်းအိပ်တာလား၊ …ဖြစ်လဲ သူငယ်ချင်းတွေသိရင် သိပစေပေါ့၊ သီချင်းဆိုနေတာ …ကိုကိုလို့ ပြောလိုက်တာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"........"

"ဟား ဟား ဟား ကိုကိုကကြွားချင်နေတာ"

အာကာသည် ပြောရင်းက စိတ်ပါလာတာမို့ ရယ်သံအု[illegible] အုပ်ပင် ထွက်လာသည်။

"တစ်နေ့လုံး သတိရနေတာကွ",

".........."

"မဦးရော ကိုကို့ကို မလွမ်းဘူးလား၊ နီးတာက နီးတာ[illegible] လေ၊ မတွေ့ရရင် လွမ်းတာက လွမ်းတာပဲ၊ နီးရက်နဲ့ဝေးရ[illegible] ကိုကိုကြောက်တယ်"

"......."

"ဒါဆို ချစ်လား ပြောကွာ၊ ပြောပြီးသွားလည်း ဘာ[illegible] လဲ၊ ထပ်ပြောပေါ့၊ နေ့တိုင်းပြော၊ နေ့တိုင်းကြားချင်တာ"

လွမ်းအောင်ချွဲနေသော အာကာ့အသံကို ကြယ်တစ[illegible] အတော်ရယ်ချင်လာမိသည်။ ဒီကောင် ရည်းစားရနေတာ ဖြိုးရော[illegible] တောင်သိရဲ့လား။ သူ့ကောင်မလေးက နီးနီးနားနား ခြံချင်းကပ်ရ[illegible] ကလား။

သူတို့သီချင်းဆိုနေကြတဲ့ ဝရန်တာကို လှမ်းမြင်ရတ[illegible]





ဆိုတော့ အခန်းမီးလည်း ဖွင့်ထား[illegible]ဆိုတော့ ဒီဘက်ညာဘက် ခြမ်း ကပ်ရက်က နှစ်ထပ်တိုက်[illegible]နိုင်သည်။

မျက်နှာချင်းဆိုင်ခြံဆိုရင် [illegible] ဒီလောက် နီးနီးကပ်ကပ်မတွေ့နိုင်။

အာကာက နိုးကြောင်နိုးဂုက် [illegible] အိပ်မပျော်သေးတဲ့ ကြယ်တစင်းကတော့ မဦးဆိုတာ [illegible] ဝင် သိသွားရပြီ။

မနက်ကြမှ ဖြိုးရောင်ကို ပြန်ချွန်ပေးရမည်။

သူတို့ကို ဒိုင်လျှိုထားလို့ရမလား။ အာကာ့ကို ဝိုင်းညှ[illegible] ခြေးစားထားလိုက်သည်။

မဦးလို့ခေါ်ပုံကြည့်ရတာ သူထက်အသက်ကြီးတဲ့ မိန်းက လေးလား။ ဒီလိုလည်း တထစ်ချမပြောနိုင်။ အာကာက ကိုကိုလို့ ထည့်ပြောနေသည်မဟုတ်လား။

သူနှင့် အသည်းစွဲသာ ရည်းစားဖြစ်ခဲ့ရင်ရော အသည်းစွဲကို သူဘယ်လို အဖျားခွတ်ခေါ်မိမလဲ။

အသည်းလေး ကျွန်တော်ရင်ခုန်လာပြီ။

အသည်းလေးဆီမှာ ကျွန်တော့်ထက်ဦးသူ မရှိပါစေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါဆုံဖြစ်ရင် ကျွန်တော့်ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်း ရှိနေပြီဆိုတာ ဖွင့်ပြောချင်တယ်။

အသည်းစွဲရဲ့ မျက်နက်ဝန်းရွှန်းလဲ့လဲ့လေးကို မြင်ယောင် သတိရမိသည်။

မေ့မရတဲ့ ညို့မျက်ဝန်းကလေးအကြောင်းကို သူအကြိမ် ကြိမ် ပြန်စဉ်းစားနေမိသည်။

လှတဲ့မိန်းကလေးတွေ အများကြီးကြုံဖူးပါတယ်ဗျာ ဒါပေမဲ့ အသည်းစွဲနဲ့ ပတ်သက်ရတော့မယ်လို့ အကြောင်းပြချက်မရှိ ဘဲ ကျွန်တော့်စိတ်ထဲ သေချာနေတယ်။

ပြီးတော့ အဲဒီအထင် မှန်မမှန် ရင်ခုန်စွာ စောင့်ကြည့်နေမိ တယ်။

✿ ✿ ✿

"ဦး...နင်ညက ဘယ်သူနဲ့ဖုန်းပြောနေတာလဲ"

မနက်စာ ဘရိတ်ဖတ်စ် နန်းကြီးသုပ်အတူစားရင်းက မြိန်က မေးလိုက်သည်။

ယမင်းဦးက နန်းကြီးသုပ်ပန်းကန်ထဲ တူကလေးနှင့် မွှေမွှေ ယ်ရင်းက မျက်လွှာပင် ပင့်မကြည့်ပေ။

ပြီးတော့ မပွင့်တပွင့်နှင့်...

"ဘယ်သူနဲ့ပြောတာလဲ၊ ဖုန်းပြောတာတွေ အများကြီးပဲ ဘယ်မှတ်မိပါ့မလဲဟဲ့"

"အံမယ် မိဦး ငါတို့ကို လာပြီးပဲများနေပြီ၊ ကြည့် ည့်နက်သန်းခေါင်မှ နင်ဝရန်တာမှာ အသာလေးပုပြီး ဖုန်းခိုးပြောနေ တာ ငါတို့မသိဘူးမှတ်လို့လား၊ ကိုကို ကိုကိုဆိုပြီး ချွဲနေတာလေ"

"ဟာ...ရှူး တိုးတိုး၊ မေမေကြားသွားဦးမယ်ဟာ၊ နင်တို့





www.burmeseclassic.com

www.burmeseclassic.com



ကလည်း သိရင်လည်း အေးဆေးပေါ့ဟာ”

ယမင်းဦးမျက်နှာက ပြုံးကျဲကျဲလေး ဖြစ်လာပါသည်။

မလှမ်းမကမ်း မီးဖိုချောင်နားရှိတဲ့ သူ့မေမေ အန်တီဝေ မတော်တဆကြားသွားမှာလည်း စိုးရိမ်ပူပန်သေးတဲ့ ရုပ်နဲ့လေ။

အသည်းစွဲနှင့် ချိုမြိန်က တစ်ယောက်ကိုတစ်ယောက် မျက်ခုံးပင့် ပြမိကြသည်။ ညက အိပ်ခန်းထဲကနေ ယမင်းဦးအသံ ကို သူတို့ သဲသဲကွဲကွဲတော့ ကြားတာမဟုတ်ပါ။

ဒါပေမဲ့ သိတော့သိသာသည်။ ကိုကိုခေါ်တာလည်း နားစွန်နားဖျား ကြားခဲ့သည်။ ဒါကြောင့် ဒီမနက် ပြန်အစ်အောက် ကြည့်ဖို့ ဆုံးဖြတ်တာ။ အခုတော့ ထင်တဲ့အတိုင်းပဲ ယမင်းဦးက ရည်းစားရနေပြီ။ ငယ်ပေါင်းသူငယ်ချင်းတွေမို့ သူ့ရည်းစားရှိနေတာ ကို နည်းနည်းတော့လည်း မခံချင်သလို၊ မနာလိုသလို ဖြစ်သွားရ ပါသည်။

တကယ်တော့ ယမင်းဦးက ခါးထိရှည်တဲ့ ကျောပြင် အပြည့် ဆံပင်မည်းမည်းခဲခဲ အုပ်အုပ်ဖားဖားကြီးဖြင့် ယဉ်စစဖြစ်နေ တာကလွဲရင် သူတို့တစ်ဝက်ပင် မလှပါ။ အသားညိုပြီး ရုပ်ကလေး ကလည်း ရွက်ကြမ်းရေကျိုသာသာပါ။





ဒါပေမဲ့ သူက သူဘာယ်လိုနေရင် လှမလဲ၊ ထင်ရှားမလဲ ဆိုတာသိသည်။ ဆံပင်ရှည်ကြီးကို ဘယ်တော့မှ တိုတိုညှပ်ပစ် လိုက်တယ်လို့မရှိပါ။ ဒီဆံပင်က သူ့အရုပ်ဝတာကိုလည်း အရုပ် ရှည်တယ်ထင်ရစေသလို ဒီဆံပင်ရှည်ကြောင့်ပဲ ကောင်ကလေးတွေ သူ့ကို သတိထားမိတယ်ဆိုတာလည်း ကောင်းကောင်းသဘော ပေါက်ထားသည်။

ဒီတော့ ဆံပင်ရှည်ရှည်လေးနှင့်ပဲ တစ်ဖက်သားကို ညှို့ငင် ဆွဲဆောင်တတ်သည်။ လမ်းလျှောက်ရင်လည်း ဖြည်းဖြည်းလေး တစ်လှမ်းချင်း ဆင်မယဉ်သာလှမ်းပြီး ပဲများတတ်တာ ချိုလေးတို့ က ငယ်ပေါင်းမို့ အကြောင်းသိ။

ငယ်ပေါင်းတွေဆိုတော့ တစ်ခါတစ်ရံ မဟုတ်တာလေး ကိုလည်း တွက်ကပ်စကားနိုင်လုတတ်သည်။

ဒါပေမဲ့ ယမင်းဦးက သဘောကောင်းတာတော့အမှန်။

မေမေ့ကို စိတ်ကျောက်ပြီး အိမ်ပေါ်ကဆင်းမယ်ကြံတော့ အသည်းစွဲတို့ညီအစ်မနှစ်ယောက်သား ဘယ်ကိုသွားနေကြမလဲ ခေါင်းမူအောင် စဉ်းစားခဲ့ကြသေးသည်။

မကျေနပ်ကြောင်း ပြသဖို့ကလည်း ဒီနည်းပဲရှိတော့တာ



www.burmeseclassic.com

www.burmeseclassic.com



လေ။

မေမေက ဦးလမင်းဇော်နှင့် လက်ထပ်ဖို့ အသေအချာစီစဉ်

ချပြီ။

ဟိုအန်ကယ်ကြီး အိမ်ပေါ်ရောက်လာလျှင် မျက်နှာချင်း

ဆိုင်ချင်။

ဒါနှင့်ပဲ အသည်းစွဲရော ချိုမြိန်ပါ လက်ကိုင်ဖုန်းတွေ

စက်ပိတ်၍ အိမ်ပေါ်ကနေ မေမေမသိအောင် ဆင်းလာကြသည်။

ဒါပေမဲ့ သူငယ်ချင်းအိမ်တွေမှာပဲ ရှိလိမ့်မယ်ဆိုတာ မေမေ

တွက်ဆနိုင်မှာပါ။ သူတို့မျက်စိထဲ အရင်ဆုံး ယမင်းဦးကို ပြေးမြင်

သည်။

အခုနောက်ပိုင်း ကျောင်းချင်းမတူလို့ နေ့တိုင်းမတွေ့ရပေ

မဲ့ ယမင်းဦးနှင့် ဖုန်းအဆက်အသွယ်တော့ မပြတ်ခဲ့။ တရင်းတနှီး

ပြောနေရဆိုမနေရရှိတဲ့အပြင် ယမင်းဦးတို့ ပြောင်းသွားတဲ့ ကိုးမိုင်က

အိမ်နှင့်ခြံက အတော်ကျယ်ဝန်းသားနားတာ သူတို့သိထား၏။

ပြီးတော့ ယမင်းဦးတို့အိမ်မှာ ယောကျ်ားသားရယ်လို့

ဘယ်သူမှမရှိ။ ယမင်းဦးအမေ အန်တီဝေဟာလည်း ခင်ပွန်းသည်

ကွယ်လွန်သွားပြီဖြစ်တဲ့ မုဆိုးမပါပဲ။ ဒါပေမဲ့ အန်တီဝေက သူ့ဟာ





သူ စတိုးဆိုင်လေး အထည်ဆိုင်လေးဖွင့်ကာ တစ်ယောက်တည်း

ရပ်တည်သည်။ အိမ်ထောင်ထပ်မပြု။ ယမင်းဦးတို့မှာ အတူနေ

ဘွားလေးတစ်ယောက်လည်းရှိသည်။

မိသားစု စုစုပေါင်းက ထိုသုံးယောက်ထဲသာ။ အသည်းစွဲ

တို့ ခေတ္တခဏသွားနေထိုင်ဖို့ အခင်ပြေဆုံးနေရာပဲလေ။ အန်တီဝေ

ကလည်း စွဲတို့ညီအစ်မကို ချစ်ခင်သည်။ ငယ်ငယ်ကတည်းက

စွဲတို့ပါစားရအောင် ထမင်းချိုင့်ထဲမှာ ဟင်းတွေ ပိုပိုလျှံလျှံ ထည့်ပေး

တတ်သူပါ။

အသည်းစွဲတို့ ရောက်လာတော့ သူ့သမီး အဖော်ရပြီဆိုပြီး

ဝမ်းသာနေသည်။ သူတို့မိသားစုက ဖော်ရွေပွင့်လင်းပါသည်။

ယမင်းဦးက သူ့အမေနှင့် အဘွားကို ကြောက်ရသူလည်းမဟုတ်ပါ။

ဘာမဆို သူ့သဘော၊ သူ့စိတ်ကြိုက် လွတ်လွတ်လပ်လပ်

နေခွင့်ရသူပါ။ အခုကိစ္စကြမှ အန်တီဝေကို မကြားစေချင်တာတဲ့

လေ။

"ဘာအေးဆေးပေါ့လဲ၊ မအေးဆေးနိုင်ပါဘူး၊ ဦးကို

အန်တီနဲ့ကိုတိုင်ဦးမှာ၊ အန်တီရေ ဟောဒီမှာ"

"ဟော ဘာလဲသမီးတို့၊ ဘာလိုလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီဝေဏ မီးဖိုခန်းကနေ လှမ်းမေးသဖြင့် ယမင်းဦးက မျက်လုံးပြူးသွားသည်။

"နင်တို့နော်"

"ဒီမှာ ဦးက ကြက်စွပ်ပြုတ်ထမ်းထည့်မေးဦးတဲ့"

"အေး အေး ငြိမ်းငြိမ်းရေ နင့်အစ်မတွေစားပွဲမှာ လိုတာ ချပေးလိုက်လေ"

"ဟုတ်ကဲ့ မာမီကြီး"

ငြိမ်းငြိမ်းဆိုသော ယမင်းဦးတို့အိမ်က ကောင်မလေးက ကပျာကယာ ဟင်းရည်ပွဲလာချပေး၏။ ယမင်းဦးက ချိုလေးကို မျက်စောင်းခဲပါသည်။

"ဒိုင်လှိုထားတာကိုး နင်က"

"ပြောမှာပေါ့ဟဲ့၊ ဘယ်လိုဖြစ်နေတာလဲ"

ယမင်းဦး ရည်းစားထားလိုက်တာလည်း ဆယ်ရက် တောင် မပြည့်သေးပါဘူး။ ကိုအောကာက ချစ်ရေးဆိုထားတာတော့ ခြောက်လလောက်ရှိပြီ။ အခုတလော နားပူနားဆာ အဖြေတောင်း လွန်းလို့ ဦးက ချစ်တယ်လို့ ဖြေလိုက်တာ။

သူနှင့်အတူ ဘယ်မှတောင် အပြင်တွေကွဲသွားတွဲလာ





မလုပ်ဘူးသေးပါ။

အခု မထင်မှတ်ဘဲ စွဲတို့နှစ်ယောက်က အိမ်မှာလာနေ ကြလို့သာ သိသွားကြတာ။ ဦးအနေနှင့်က ဘယ်သူ့ကိုမှ အသိပေး ကြေညာဖို့ မရည်ရွယ်ဘူးလေ။

"ပြောမှာဖြင့်လည်း မြန်မြန်ပြော၊ ဘယ်သူလဲ၊ ဘယ်က လဲ၊ နင်နဲ့ဘယ်လိုတွေ့တာလဲ"

စွဲနှင့်ချိုက စစ်ဆေးသည်။ သူတို့အမေ နောက်အိမ်ထောင် ပြုတာကိုတောင် မကျေနပ်လို့ အိမ်ပေါ်ကဆင်းလာတဲ့ သူငယ်ချင်းမ နှစ်ယောက်ကို ဦးကတော့ ခပ်လန့်လန့်ပင်။

ဒီမိန်းမနှစ်ယောက်က အချစ်ဆိုတာကို မကြုံဘူး မတွေ့ ဘူးတော့ ကိုယ်ချင်းလည်း မစာနာတတ်ဘူးလေ။ သူတို့လုပ်ချင်ရာ တွေ ကလေးလို တစွတ်ထိုးလုပ်တတ်တဲ့နှစ်ယောက်။

စိတ်တူကိုယ်တူ တလေသံတည်းလည်း ထွက်တတ်တော့ ဦး ချစ်သူကို ဘယ်လိုဝေဖန်မလဲဆိုတာ ဦးက ကြောက်နေပါ သည်။

"ကိုကိုဆိုတော့ နင့်ထက်အသက်ကြီးတာပေါ့"

"လေးနှစ်လောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးက ခပ်တိုးတိုးဖြေသည်။ ပြီးမှ ဘရိတ်ဖတ်စ်စားပြီး အပေါ်ထပ်အခန်းထဲရောက်မှ အကြောင်းစုံပြောချင်သည်။

"နင့်အမေ မကြားပါဘူးဟယ်"

သူတို့ကလည်း အခုဆိုအခု သိချင်နေကြ၏။

ဦးက နန်းကြီးသုပ် စားလက်စ တူနှစ်ချောင်းကိုချထားပြီး ရေအနည်းငယ် သောက်လိုက်၏။ ပြီးမှ ခေါင်းကိုငုံ့ချကာ ပြောမည့်နှုတ်ခမ်းပြင်ဆဲ မေမေက လက်ကို လက်သုတ်ပဝါနှင့်သုတ်ရင်း ထွက်လာပါသည်။

"ငြိမ်းငြိမ်းရေ ဒီမှာ နန်းကြီးတစ်ပန်းကန် ပြင်ထားတယ်၊ ဟိုဖက်ခြံက မောင်အာကာစားဖို့ သွားပို့ပေးပါဦး၊ ဒီနေ့ သူမလာ အားဘူးထင်တယ်၊ ခါတိုင်းတော့ မနက်ဆိုရောက်လာပါတယ်"

မေမေ့စကားကြောင့် ယမင်းဦးက ဒီဖက်လှည့်ပြီး

"မေမေ ကိုအာကာလာမှာမဟုတ်ဘူး"

"အေး ထင်တယ်၊ ဒါကြောင့် ငြိမ်းငြိမ်းပဲ သွားပို့ခိုင်းနေတာ"

"ပို့ရင်လည်း များများသာပို့ မေမေရေ ဟိုဘက်မှာ သူ့အစ်ကိုနဲ့ သူငယ်ချင်းတစ်ယောက် ရောက်နေတယ်"





"ဟုတ်လား၊ ညှို့သည်တွေနဲ့ပေါ့"

"ညှို့သည်မဟုတ်ဘူး၊ ကိုအာကာနဲ့ ခဏလာနေကြတာ၊ မေမေပြင်ရင် သုံးပွဲစာပြင်ပေးလိုက်တော့"

"ဟယ် သုံးပွဲစာဆိုရင် ဒီမှာပဲခေါ်ကျွေးလိုက်တာ မကောင်းဘူးလား၊ ငြိမ်းငြိမ်း နင့်အစ်ကိုသွားခေါ်၊ ညှို့သည်ပါခေါ်ခဲ့လို့ ကြားလား"

"ဟုတ်ကဲ့ မာမီကြီး"

ငြိမ်းငြိမ်းက အပြေးကလေးထွက်သွား၏။

"ဒါကြောင့် သူ့အားနာလို့ ထမင်းတောင်လာမစားတာကိုး၊ မသိပါဘူး မေ့မေက သူပျောက်နေလို့ သမီးသွားလေးကိုတောင် မေးကြည့်နေသေးတာ"

အန်တီဝေပြောပုံအရ ဟိုဘက်ခြံက လူရွယ်တစ်ယောက်ဟာ ဒီဖက်မှာ စားအိမ်သောက်အိမ်လို တရင်းတနှီး ဝင်ထွက်သွားလာပတ်သက်နေတာ ရှိပုံရ၏။

"အဲဒီမောင်အာကာဆိုတာ မွန်မွန်ရည်ရည်လေးပါ၊ အန်တီဝေတို့ ဒီကိုပြောင်းလာကတည်းက သူတို့သားအမိပဲ အစစအရာရာ ကူညီပေးကြတာ၊ ဒီဘက်မှာက အားကိုးအားထား



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ချောသကြည်း မရှိဘူးမို့လား။ ဒရိုင်ဘာက မနက်သွား ညမှန်ခေါ်ထားဆာ ကားပျက်လည်း မပြင့်တတ်တော့ ဆောင်အာကာပဲ လာပြင်ပေး၊ အဲကွန်းပျက်လည်းသူ၊ မီးစက်လာနိူး ပေးလည်းသူ၊ ဘာလေးဖြစ်ဖြစ် သူက နှံ့နှံ့စပ်စပ်သိတယ်၊ တော်ရှာ ပါတယ်၊ အခုတိုက်ဆောက်နေတဲ့ခြံလေ၊ တိုက်ဆောက်တဲ့ကိစ္စ လည်း သူပဲဦးစီးပြီးလုပ်တာ၊ အန်တီတို့နဲ့ ဆွေမျိုးရင်းချာလို ဖြစ်နေ ပါပြီ၊ ဦးနဲ့လည်း တော်တော်ခင်တယ်"

"ဟုတ်လား အန်တီ၊ ဦးက သူငယ်ချင်းအသစ်ရနေတာ ချိုလေးတို့ကို တစ်ခွန်းမှမဟဘူး သိလား"

ချိုလေးက အန်တီဝေပြောနေတဲ့ သူကို ဦးရဲ့ရည်းစား မှန်းရိပ်မိလို့ ပြောတာမဟုတ်ပါ။ ဒီတိုင်းပဲ ရောနှောတိုင်တောလိုက် တာဖြစ်သည်။

"မောင်အာကာလာရင် မိတ်ဆက်ပေးလိုက်မေ့ ဦးရယ်"

သူ့အမေက ဤသို့ပြောလျှင် ဦးက အဓိပ္ပာယ်ပါပါ ပြုံးစိစိ ရယ်ကျဲကျဲလေးနှင့် သူတို့ကိုကြည့်ပါသည်။

ပြီးတော့ အန်တီဝေအနားက ထွက်သွားတာနှင့် လေသံတို့ တိုးနိမ့်ပြီး





"မေမေပြောနေတာ ဘယ်သူမှတ်လဲ၊ ဟင်း ဟင်း အဲဒါ နင်တို့တွေ့ချင်တဲ့ ငါ့ကိုကိုပဲ"

"ဘာရယ်"

"ရုပ်ကတော့ သိပ်မချောဘူးနော်၊ မကွဲရဲ့တြဲနဲ့"

ယမင်းဦးဟာ တကယ်တော့ ချစ်သူကိုကိုကို သူမရဲ့ သူငယ်ချင်း အချောအလှလေးနှစ်ယောက်နှင့် မိတ်ဆက်ပေးဖို့ စိတ်ကူးမရှိပါ။ လှတဲ့မိန်းကလေးတွေမို့ ကိုကို မြင်စေချင်မမြင် ဘူးစေချင်။

တတ်နိုင်သမျှ ဖုံးကွယ်လျှို့ဝှက်ထားဖို့ပဲ ရည်ရွယ်ခဲ့တာပါ။

ဒါပေမဲ့ အခုတော့ မရှောင်လွှဲဘဲ ကိုကိုနှင့်သူတို့ ဆုံတွေ့ ကြတော့မည်။ မတွေ့ဆုံမီလေး ကြိုကြေညာထားရတာ။

အသည်းစွဲတို့ ညီအစ်မဟာ တစ်မျိုးစီ ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးတွေမို့ မြင်သူငေးရလောက်သည်။ နှစ်ယောက်ထဲမှာ တော့ အသည်းစွဲက ပိုလှသည်။ သွားတက်ကလေးနဲ့ ပြုံးကြည့် လိုက်ရင် တော်ရုံကောင်လေး မခံနိုင်ဘူးဆိုတာ ကျူရှင်အတူတက် ကတည်းက သိခဲ့တာပဲမဟုတ်လား။

ထို့ကြောင့် ယမင်းဦးက စိုးရိမ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတို့က ထူးခြားတာကမောနှင့် လှလိုက်တာဟုပင် ဖြစ်မသွား

စေချင်။

ချစ်သူစဖြစ်တဲ့ နေ့ကတည်းက ဦး ကြိုပြီးတော့လည်း မှာထားခဲ့ပါသည်။

ဘယ်မိန်းကလေးကိုမှ စေ့စေ့မကြည့်ရ။ အထူးသဖြင့် ဦးသူငယ်ချင်းတွေနှင့် တွေ့ဆုံကြုံကြိုက်လာလျှင် စကားလက်ဆုံ မပြောရ။ တတ်နိုင်သမျှ အရောမဝင်ဘဲ ကိုယ့်ဟာကိုယ် ရှောင်နေရမည်ဟု အမိန့်ချမှတ်ပေးထားသည်။

စွဲတို့သည် ဦးကို စကားနှာထိုးမည်ပြင်နေဆဲမှာပင် အိမ်သို့ ညှို့သည်ကောင်ကလေးသုံးဦး ရောက်လာကြပါသည်။

"လာပြီထင်တယ်၊ ဦး မိတ်ဆက်ပေးမယ်"

ယမင်းဦးက စွဲတို့နှစ်ယောက်ကို ဧည့်ခန်းဆီသို့ ခေါ်လာခဲ့ပါသည်။

အာကာ၊ ဖြိုးလင်းရောင်နှင့် ကြယ်တစင်းတို့က သပ်ရပ်လှပတိတ်ဆိတ်နေသော ဧည့်ခန်းတွင်းသို့ အနည်းငယ် ရှိန်းတိ့ရှိန်းတန်းနိုင်စွာ ဝင်လာခဲ့ပါသည်။

အာကာကတော့ ခပ်တည်တည်ပါ။ ဒီအိမ်နှင့်ရင်းနှီးပြီး





...းမဟုတ်လား။ သူကောင်မလေးအိမ်မို့ လိုက်ခဲ့ပါအတင်းဖွတ်ခေါ် ...သာ ကြယ်တစင်း ပါလာရသော်လည်း အားနာသလိုကြီးတော့ ...မိသည်။

ကိုယ်နှင့်လည်း မသိကျွမ်းပါဘဲ ဧည့်သည်လုပ်ရမှာလေ။

ကျွန်းကနုတ်ဆက်တီတစ်ခုမှာ ထိုင်ပြီး နီးရာဂျာနယ် ...စောင်ကို ဆွဲယူကြည့်နေလိုက်မိသည်။

ဖြိုးရောင်ကတော့ ဧည့်ခန်းထဲဝင်လာမည့် အာကာ့ချစ်သူ ...ဟာကို မျှော်ကြည့်နေမိသည်။ ရွှေရောင်ခန်းဆီးစလေး လှုပ်သွား ...း မိန်းကလေးတစ်ယောက် ထွက်လာသည်။

ဟာ...တစ်ယောက်မဟုတ်ပါဘူး။

နှစ်ယောက် သုံးယောက်။

ရှေ့ဆုံးက ဆံပင်ရှည်ရှည်ကောင်မလေးရဲ့ နောက်မှာ ...ကလေး နောက်ထပ်နှစ်ယောက် ပါသေးသည်။

အရပ်မြင့်မြင့်၊ ဖြူဖြူသွယ်သွယ်၊ ကော်ဖီရောင်စင်းစင်း ...ဖြောင့် ဆံပင်လေးနှင့်တစ်ယောက်က ဟိုတစ်ခါ ကော်ဖီဆိုင်မှာ ...ယ်တစင်း သွားစကားပြောတဲ့ ကောင်မလေးပဲဆိုတာ ဖြိုးရောင် ...ချင်းမှတ်မိသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကောက်ကောက်၊ နားဆွဲအဝိုင်းခပ်ကြီးကြီး... ကောင်မလေးကိုတော့ သူမသိပါ။

"မဦးသူငယ်ချင်းတွေလေ၊ ကိုအာကာနဲ့ မိတ်ဆက်... မလို့"

"ကိုယ်လည်း သူတို့ကို မဦးနဲ့မိတ်ဆက်ပေးချင်... ခေါ်လာတာ၊ ဒါက ကိုယ့်အစ်ကိုဝမ်းကွဲ ကိုဖြိုးလင်းရောင်၊ ဒီဖက်... ဖြိုးသူငယ်ချင်း ဟိုတလောကမှ ဂျပန်ကနေ အတူတူပြန်လာ... တာလေ ကိုကြယ်တာစင်းတဲ့"

"ဩော် ဟုတ်လား၊ ကိုကြယ်တာစင်း နာမည်ကလည်း... အဆန်းပါလား"

ကြယ်တာစင်း မျက်လုံးတွေက အသည်းစွဲမျက်နှာလေး... မှာ တအံ့တသြ ငြိမ်သက်စိုက်တန့်နေမိ၏။ အသည်းစွဲကလည်း... ကြယ်တာစင်းကို တုံ့ပြန်ငေးကြည့်နေမိသည်။

ဒုတိယအကြိမ် အမှတ်မထင် ပြန်ဆုံကြပြီ။

ပေါင်ပေါ်မှာ ဂျာနယ်တစ်စောင် ဖွင့်ဖတ်လက်စနှင့်... ဆက်တီမှာ ခပ်မတ်မတ် ခြေချိတ်ထိုင်နေတဲ့ သူ့ပုံစံကို ရုတ်တရက်... မြွန်းဆို မြင်လိုက်တဲ့အခါ အသည်းစွဲလည်း မယုံနိုင်အောင် ထိတ်...





ရင်ခုန်မြန်သွားရပါသည်။

မီးခိုးရောင် ချည်သားဘောင်းဘီရှည်နှင့် အပေါ်က တီရှပ်အနက်ကို ဝတ်ထားသဖြင့် ဖြူသော အသားအရေက ထင်းလင်းပြီး သွေးကြောစိမ်းတွေ ယှက်ဖြာနေတာကိုတောင် မြင်နေရသည်။

ရှင်ဟာ ဘာကြောင့်များ ဒီလောက်ထိအောင် ချောမော ခန့်ညားရှင်းသန့်ရတာလဲကွယ်။

"သူတို့က ညီအစ်မလေ၊ သူက အသည်းစွဲ၊ သူက ချိုမြိန်နွေးတဲ့၊ ချိုလေးက အငယ်ပေါ့၊ အသည်းစွဲကိုတော့ မဦးတို့က စွဲလို့ပဲခေါ်တယ်"

"အဟား ဒါဆို အသည်းစွဲလို့ခေါ်လို့ မရဘူးဆိုတဲ့ သဘောလား၊ ဒီကောင် ကြယ်တာစင်းက ကွယ်ရာမှာ အသည်းလေးလို့ခေါ်နေတာ"

"ဟာ ဟေ့ကောင်"

ဖြိုးရောင်ပါးစပ်ရဲပုံကိုတော့ ကြယ်တာစင်း သြချရပါသည်။ ဒီကောင့်ပေါင်ကို လက်သီးတစ်ချက်ထိုးကာ ဟန့်တားရ၏။

"ကိုကြယ်စင်းနဲ့ အသည်းစွဲက ခင်တယ်"

အာကာက ကမန်းကတန်း ဝင်ရှင်းရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ရှင်တို့က ဒီလိုလား"

ယမင်းဦးက အသည်းစွဲကို ခပ်ကြိမ်းကြိမ်း တစ်ချက် ကြည့်လိုက်သည်။

သူကြတော့ရော မလှို့လို့လား။

ဖြိုးလင်းရောင်သည် နားကွင်းဝိုင်းလေးဆီ ကြည့်ရင်း သူ့ပါ ရောယောင်ရင်ခုန်ချင်လာပါသည်။

မဦးဆိုတာက အာကာ့ရည်းစား။

အသည်းစွဲက ဟိုကောင်ချိန်ထားပြီးသား။ ဒါဆိုရင် ဖြိုးရောင်အတွက် နားကွင်းဝိုင်းလေးပဲ ကျန်တာပေါ့။

ဘုရားသိကြားမလို့ နားကွင်းလေးမှာ ရည်းစားမရှိပါစေနဲ့။

မတော်တဆ ရည်းစားရှိနေရင်တော့ သေပြီ။ ဖြိုးရောင် တစ်ယောက်တည်း မျက်နှာငယ်ငယ်နှင့် အထီးကျန်သမားဖြစ်သွား ပါလိမ့်မည်။ သူသည် အလန့်တကြားနှင့် နားကွင်းလေးဆီသာ စူးစူးရဲရဲ စိုက်ကြည့်နေမိသည်။

နှုတ်သွက်လှေ့ရှိသော ချို့မြိန်သည် ဒီတစ်ချီတော့ နှုတ်ဆိတ်နေပါသည်။



အခုတလော ဘယ်လိုတွေများ ကြုံနေရသည်မသိပါ။

မေကလည်း အနံကယ်ဓော်နှင့် လက်ထပ်သွားပြီ။

အစ်မရင်းဖြစ်တဲ့ အသည်းစွဲကိုလည်း စိတ်ချရ။

အခု သူ့ဓာတ်လမ်းက ပေါ်လာပြီလေ။

ကိုကြယ်တစင်းတဲ့။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက် တဲ့ တွယ်ငြိလွန်းတဲ့ အကြည့်ငေးဟာ သေးကလူတွေပင် ရင်ဖိုချင် ရာဖြစ်နေသည်။

ကိုကြယ်တစင်းဟာ မမစွဲကြိုက်တဲ့ ခရေဓိဖြစ်တဲ့ ရုပ်ရည် တကာမျိုး ပိုင်ဆိုင်သည်။

စွဲ စိတ်ထဲမှာ ကြိတ်ပြီး ကြိုက်နေပြီဆိုတာ ညီအစ်မချင်း အတပ်သိလိုက်ပါသည်။

ရော်…နေစမ်းပါဦး ဟိုတစ်ယောက်က ချိုလေးကိုပဲ ဘာကြောင့် မျက်လုံးတွေ ကျွတ်ကျမတတ် ငေးစိုက်ကြည့်နေရ တာတုန်း။

ဟွန်း နေရင်းထိုင်ရင်း အခုမှတွေ့ကြတာကို သူကလည်း ရောဂါတစ်မျိုးပဲ။



www.burmeseclassic.com

www.burmeseclassic.com



အားမနာတက်လိုက်တာနော်။ မမိုတ်မသုန်စိုက်ကြည့်ပြီး ချက်လုံးလွှဲမသွားတော့လည်း ချိုမြိန် အနေရခက်မဲ့တာအမှန်ပါ။

သူအသည်းအသန် ဒီလိုငေးရီရီကြည့်နေတာကို ဘေးက ခရိပ်မိကြဘူးလား။

ဘယ်ရိပ်မိပါ့မလဲလေ။

ကိုအာကာရဲ့ အကြည့်က မဦးဆိမှာ။ မျက်နှာကြီးက လည်း ပြုံးရွှိုမြလို့။

ကိုကြယ်တစင်းကတော့ မပြုံးမရယ် တည်တည်လေးနဲ့ပဲ စွဲကိုကြည့်နေတာ။ သူတို့ချင်း စကားတောင်မပြောနိုင်။

ထိုအချိန်မှာပဲ ကံကောင်းယောက်မစွာ အန့်တီဓေ ထွက် လာပါသည်။

"သားတို့ရောက်နေကြပြီလား" ဘာညာလောကဝတ် စကားတို့နှင့် သူတို့သုံးယောက်ကို မုန့်ပွဲတွေပြင်ဆင်ထားရာ ထမင်း စားခန်းစားပွဲဆီသို့ ခေါ်ဆောင်သွားသဖြင့် ချိုလေးမှာ ခုမှ ပင့်သက် ကလေးခိုးရှိုက်ရင်း ဖြူးလင်းရောင်အကြည့်က လွတ်မြောက်၍ ဟန်ကျသွားရပါသည်။

❀ ❀ ❀



၆

အိပ်ခန်းကျယ်ကြီးရဲ့ ရှင်းလင်းပြောင်လက်နေသော ကြေးခင်းပြင် သန့်သန့်ပေါ်မှာ ဂွမ်းကပ်မွေ့ရာအပါး ခပ်ကြီး ကြီးအရွယ်ကို ခင်းလျက် သုံးယောက်သား အတူအိပ်စက်ကြဖို့ ရှိသည်။

ခုတင်ပေါ်ဆိုရင် သုံးယောက်အိပ်လို့ ရမှာမဟုတ်။ ကယ်တော့ ယမင်းဦးအခန်းထဲက ခုတင်က ခပ်သေးသေးမဟုတ် ။ နှစ်ယောက်အိပ်အရွယ်ဆိုဒ်လောက်ပဲ ရှိပါသည်။

သို့သော် အသည်းစွဲတို့ အိမ်မှာရောက်နေတုန်း မဦးက ည်း စကားစမြည်လေး ပြောရင်း အိပ်ချင်သည်။

တစ်ယောက်တည်း အမြဲအိပ်နေကျဖြစ်သဖြင့် အခု သူတို့ ဦးအစ်မနှစ်ယောက်ကြား ခလယ်ကောင်မှာ ဝင်အိပ်ရတာ တစ်မျိုး လား ပျော်စရာဖြစ်နေပါသည်။

ဆယ်နာရီကျော်လို့ အိပ်ရာသာခင်းရော သုံးယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



မှာ မအိပ်ချင်သေးဘဲ မျက်စိတွေ ပြူးကျယ်နေကြ၏။

အခန်းထဲက ဖန်ပန်းဆွဲမီးဆိုင်းကို ပိတ်ပြီး နံရံကပ် မီးဖို

ပြာလဲ့လဲ့လေးကိုသာ ဖွင့်ထားသဖြင့် အပြာရောင်သန်းနေသော

အိပ်ခန်းလေးဟာ တစ်မျိုးတစ်ဖုံ ကဗျာဆန်နေသည်။

အဲယားကွန်းရဲ့ အအေးဓာတ်ကလေးက လွှမ်းခြုံထားရော

နေလို့အတော်ပင်။ ချမ်းလည်းမချမ်း၊ အိုက်လည်းမအိုက်။

မဦးက သူ့လူကို သတိရသွားသလို

"ငါတို့ကတော့ အဆင်ပြေနေတယ်၊ သူတို့တော့

ဘယ်လိုနေမလဲမသိဘူး"

"ဘာကိုလဲ"

"ဩော် အိပ်ခန်းကျဉ်းလေးထဲမှာ ခြင်တွေဘာတွေ ရှိမှာ

ပေါ့၊ ညှိသည်တွေကို ကိုကိုအားနာနေတော့မှာပဲ"

"ဘာဖြစ်လဲ ယောကျ်ားလေးတွေပဲ"

ချိုလေးက တစ်ခွန်းဝင်ပြော၏။

"ယောကျ်ားလေးလည်း ခြင်ကိုက်ခံရရင် ရောဂါရနိုင်

တယ်"

"အံမယ်လေးဟယ် ကလေးမှမဟုတ်တာ၊ ပူစရာမရှိ





တာကိုပဲ လိုက်ပူနေတယ်၊ နင် အဲလောက်အဖြစ်သည်းနေရင်

နင့်အိမ်ခေါ်ထားလိုက်ပေါ့"

"ဩော် ခေါ်လို့မဖြစ်သေးလို့ပေါ့ဟဲ့၊ အဲဒီ ချိုလေး

တစ်ယောက်က ကိုယ်ချင်းလည်းမစာတတ်ဘူး၊ နော် စွဲရယ်"

"အင်း"

"ရည်းစားမရှိတဲ့သူတွေများ ပြောရလက်ပေါက်ကပ်

တယ်၊ အဟုတ်ပဲ"

"အောင်မာ မိဦး၊ သူမနေ့တစ်နေ့က ရည်းစားရတာကို

များ ကြွားချင်သေးတယ်"

"ကြွားတာမဟုတ်ပါဘူး ချိုလေးရဲ့ ငါပျော်နေတာ"

"ဘာကြောင့်ပျော်ရတာလဲ"

"နင်တို့လာနေကြလို့ပေါ့၊ ပြီးတော့ ကိုကို့သူငယ်ချင်း

ကိုကြယ်စင်းနဲ့ စွဲနဲ့ကလည်း ဟဲ ဟဲ ဟဲ"

မဦးက စကားကို မဆက်ဘဲ တဟဲဟဲနှင့် ရပ်ထားတာ

တိုက စွဲရဲ့လက်သည်းစာမိဖို့ပါပဲ။ အသည်းစွဲက နံဘေးက ဦး

လက်မောင်းကို ဖိဆိတ်ပစ်လိုက်၏။

"အား ဘာလဲ အမှန်အတိုင်းပြောတဲ့ဥစ္စာ၊ နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်စိုက်ကြည့်နေတာ သူအရမ်းကြွေနေပြီ စွဲ၊ နင်ဘယ်လို ပြုစားထားတာလဲ"

"မပြုစားရပါဘူး"

"ကိုကြယ်စင်း နင့်ကိုကြိုက်နေပါတယ်"

"မဟုတ်ပါဘူးနော်"

အသည်းစွဲက သူမကို ချိုလေး အပြစ်တင်စကားနာထိုးမှာ စိုးရိမ်နေသည်။ ကြယ်တစင်းရဲ့အကြောင်းတွေ ညီမဖြစ်သူ ချိုလေးကိုပင် ဖွင့်မပြောထားရသေးပါ။

ဖုန်းနံပါတ်ပေးထားပေမဲ့ သူဆက်မဆက်လည်း မသိရ။ အခုတလော စွဲတို့က ဖုန်းကို စက်ပိတ်ထားခဲ့ကြသည်မဟုတ်လား။

သူနဲ့ ဒီလို တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ရမယ်လို့လည်း စွဲမှ မျှော်လင့်မထားတာ။

"နင်ကသာငြင်းနေတာ ဘေးလူတွေတောင် သိသာပါတယ်ဟာ နော် ချိုလေး"

"လာမပြောနဲ့၊ အဲဒီကိစ္စ လုံးဝမကျေနပ်ဘူး၊ မမ ငါ့ကို လျှို့ထားတာ ဦးရဲ့ သိလား၊ သူနဲ့ ကိုကြယ်တစင်းနဲ့ ခင်တယ်ဆို တာ ဒီနေ့မှ ချိုလေးသိတာ၊ ဘယ်တုန်းက ဘယ်မှာ ဘယ်လိုတွေ့





ပြီး ခင်နေတာလည်း ခုထိ သူမပြောသေးဘူး၊ ဟိုက ဂျပန်ပြန်ဆို စွဲနဲ့ဘယ်လိုသိတာလဲ၊ ဝက်ဘ်ဆိုက်ကတစ်ဆင့် သိတာလား"

"ဟင့်အင်း မဟုတ်ပါဘူး၊ နှင့်သင်တန်းကို လာကြိုရင်း (.....)ကော်ဖီဆိုင်မှာ တွေ့ဖူးတာ"

"ကော်ဖီဆိုင်မှာတွေ့တာ၊ တွေ့တာနဲ့ ဘယ်လိုခင်တာလဲ"

"သူလာစကားပြောပြီး မိတ်ဆက်တာပေါ့"

"တွေ့တွေ့ချင်းပဲ စွဲကိုစိတ်ဝင်စားတဲ့ သဘောပေါ့နော်"

ယမင်းဦးက မှတ်ချက်ချသဖြင့် ချိုလေးက ယမင်းဦးကို ...ဘ်စောင်းတစ်ချက် ခဲလိုက်သည်။

သူက အာကာသူငယ်ချင်းဆိုတာနှင့် စွဲနှင့် ကြယ်တစင်း ...ကို ကျပ်ပေးနေတာ။ မြှောက်ပေးနေတာလေ။

"စိတ်ဝင်စားတယ်တော့ ဟုတ်ချင်မှဟုတ်မှာပါ၊ ဒီတိုင်း ...ရှော်သဘောဖြစ်ချင်ဖြစ်မယ်"

"ကိုကြယ်တစင်းပုံစံက တကယ်အလေးအနက်ပါဟယ်၊ ...ဘာပါတယ်"

"အို သူကတောင် ဘာမှမဟုတ်သေးဘဲ နင်က ဘာဖြ...



www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ ဦးရဲ့"

စွဲ ရှက်ရှက်နှင့် ဟန့်တားမိတော့သည်။

မေမေ့ကို အိမ်ထောင်သစ်ထူထောင်တဲ့ ကိစ္စနှင့်ပတ်သက်ပြီး ပြဿနာရှာကာ အိမ်ပေါ်ကဆင်းလာမိတဲ့ အချိန်မှာ စွဲက အချစ်အကြောင်းတွေ စဉ်းစားရမှာ ကိုယ့်ဘာသာ စိတ်ထဲ မလုံသလိုဖြစ်နေပါသည်။

ဒါပေမဲ့ သူ့ကို ခုလို နီးနီးစပ်စပ် ဦး ရည်းစားရဲ့ ဘော်ဒါအရင်းအချာအဖြစ် တွေ့လိုက်ရတော့ တထိတ်ထိတ်နှင့် ပျော်ရွှင်ရင်ခုန်သွားခဲ့ရတာ အမှန်ပဲဖြစ်သည်။

သူနှင့်စွဲတို့ကြားမှာ အဆက်အစပ် အပတ်အသက်တစ်ခုက အနိုင်အမာရှိနေခဲ့ပြီ မဟုတ်လား။

"သူတို့လည်း ငါတို့အကြောင်း ပြောနေမှာပဲနော်"

"အိပ်လို့သိုးနေမှာပေါ့၊ ဒီည ဂစ်တာသံတောင်မကြားရဘူး"

"ဟေး မိပြီ၊ ကောင်မလေးတစ်ယောက် ဂစ်တာသံလေးကို မျှော်လင့်နေရှာတယ်"

"ဦးနော်"





စွဲက မနေ့ညကတည်းက အဲဒီဘက်ကအသံတွေ နားစွင့်ထားကာ သီချင်းသံနှင့် အိပ်ပျော်သွားခဲ့ရတာမို့ ဒီညလည်း ဂစ်တာဝိုင်း စတော့မလား ထင်မိနေတာပါ။ အခုလို ဦးကစတော့ ရှက်သွားရသည်။

"နင့်ကိုကိုပဲ ဆိုတာပါနော်"

"ဩော် နင်က ကိုကြယ်တစ်ဆင်းရဲ့ အသံတို့မှ နားထောင်ချင်တာလား၊ စိတ်ချ ငါပြောပေးမယ်"

"ဦး နင်ဘယ်လိုဖြစ်နေတာလဲ"

စွဲက ချိုလေးဖက် မျက်စပစ်ပြီး ဟန့်မိ၏။

"ချိုလေးက ဒီလောက်အမြင်မကျဉ်းပါဘူးဟဲ့၊ နားလည်မှုရှိပါတယ် နော်"

"ဘာနားလည်မှုလဲ၊ ဘာမှမရှိဘူး၊ နားကိုညည်းနေတာပဲ၊ နင်တို့နှစ်ယောက် ဒီညအိပ်ဖို့အစီအစဉ် မရှိဘူးလား"

ဟိုဖက်အစွန်းက ချိုမြိန်ဆီက စိတ်တိုတိုနှင့် ဘုကျကျဖြေသံ ထွက်လာပါသည်။

"အဟက် ဟက် ဟဲ ဟဲ"

ယမင်းဦးက ချိုမြိန့်အပြောကို ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မှာပါဟယ် မအိပ်ခင် စိတ်ကူးလေးတော့ ယဉ်ပါရစေဦး"

"စိတ်ကူးယဉ်ရင်လည်း တိတ်တိတ်ယဉ်ပါလား၊ နင်တို့နှစ်ယောက် ဘာလို့ ပကျိပကျိ ပြောနေကြလဲ"

"အင်းပါ၊ အိပ်မှာပါ"

ချိုမြိန်က သူတို့ကိုကျောပေးပြီး ဟိုဘက်လှည့်အိပ်လိုက်သည်။ ရင်ထဲမှာ ဝမ်းနည်းသလိုလိုလည်း ခံစားမိသည်။

မေမေကလည်း ခုလောက်ရှိ ဘဝခရီးဖော်သစ် အနံကယ်ဖော်နှင့် ပျော်နေလောက်ပြီ။ အသည်းစွဲကလည်း အမှတ်မထင်သူမကို ရင်နာစေပြီ။ တကယ်တော့ ဘဝမှာ ချိုလေးတစ်ယောက်တည်းပါလားဆိုတဲ့ အသိတရားကို ချက်ချင်းလက်ငင်းရလိုက်ပါသည်။

မေမေ့အပေါ် အငေါ်တူးတူး ပြောခဲ့ဆိုခဲ့မိတာတွေကြောင့် ချိုလေး ဝဋ်လည်နေပြီလား။ ရင်ထဲမှာ ဖြောင်းဆန်ပြီး လူကအိပ်မပျော်။ မျက်စိကိုသာ အတင်းမှိတ်ထားရတာ။

အသည်းစွဲနှင့် ယမင်းဦးကတော့ လေသံတိုးတိုးနှင့် ကြားရရုံလေး ပြောနေကြဆဲပါ။





"စွဲ"

"ဘာလဲ"

"သူ ပရိုပို့စ်လုပ်ရင် နင်စဉ်းစားပေးမှာလား"

"မသိဘူးလေ၊ မပြောတတ်သေးဘူး"

"ငါတော့ ကိုကြယ်တစင်း နင့်ကို ပရိုပို့စ်လုပ်လိမ့်မယ်လို့ ထင်တယ် စွဲရဲ့"

စွဲက ပြုံးသက်သက်လေး တိတ်သွားပါသည်။

အချစ်ဆိုတာ ဘယ်လိုမျိုးအရာလဲ။ စွဲ အရင်ကမသိ။ စိတ်လည်းမဝင်စားခဲ့ပါ။ ဘဝမှာ ကလေးတစ်ယောက်လိုပဲ လွတ်လပ်ပျော်ရွှင်စွာနေလာခဲ့တာ။ ရည်းစားထားဖို့ကို စိတ်ပင်မကူးခဲ့။ အခုတော့ သူမပတ်သက်ရမည့်သူကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ခဲ့ရပြီလား။

"နင်တို့က အရမ်းနီးစပ်သွားပြီ၊ ကိုကိုကနေတစ်ဆင့် သူပြောဖို့လွယ်သွားပြီလေ၊ ဒါက နင်တို့ကို ဖူးစာရေးနတ်က ဖန်ဆင်းပေးတဲ့အကွက်ပဲ"

"ဦး လျှောက်မပြောနဲ့ ငါ့ကို ချိုလေး အထင်လွဲပြီး မုန်းနေဦးမယ်"

အခုတော့ ကိုယ့်ရဲ့ နှလုံးသားရေးရာကိစ္စကြောင့် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး အမြင်စောင်းမှာ စွဲရှင်ထဲ ပူပန်စိုးထိတ်ရပြီ။

မမေ့အနားက စွန့်ခွာလာမိချိန်မှာပဲ စွဲကို တစ်စုံတစ်ရာ နားလည်မှုရှိအောင် ပညာပေးနေတာလား။

မေမေကလည်း စွဲတို့ ကလန်ကဆန်လုပ်၊ ဖျက်လိုဖျက်ဆီး လုပ် နှောင့်ယှက်ပေးလွန်းလို့ ဘယ်လောက်ထိ စိတ်ကျဉ်းကျပ် ပင်ပန်းလိုက်မလဲ။

နှလုံးသားထဲ နွေးထွေးသော ခံစားမှုကလေးတစ်ခု ဝင်လာတာနှင့် စွဲ အရင်ဆုံး ပြေးမြင်မိတာ မေမေ့မျက်နှာကိုပါ။ ကိုယ်ချင်းစာ နားလည်မှုက သူမနှလုံးသားမှာ စီးဖြာလှုပ်ရှားလာရပြီ။

"ဘာလို့မှန်းရမှာလဲ။ သူလည်း ကလေးမှမဟုတ်တာ၊ တော်ကြာ အလိုလိုနားလည်လာမှာပါ၊ ဟဲ့ ဒါနဲ့ပြောရဦးမယ်သိ လား၊ ကိုဖြိုးကိုရော နင်ဘယ်လိုထင်လဲ စွဲ"

"ဘာကိုမေးတာလဲ"

"ကိုဖြိုးက ချိုလေးကိုကြည့်နေတယ်ဟ၊ မတွေ့ဘူး လား"

"ဟင့်အင်း"

"ဒီတစ်ခါ နင်သေချာအကဲခတ်ကြည့်"



"ရှူး တိုးတိုး ချိုလေးကြားသွားရင် ပြဿနာပဲ"

"သူအိပ်နေပါပြီ"

"မအိပ်သေးဘူး"

"ငြိမ်နေတဲ့ဥစ္စာ"

"တိတ်တိတ်နေစမ်းပါ ဦးရယ်၊ ချိုလေးအကြောင်း နင် သိပါဘူး"

"ဟီး ဟီး ငါကအောင်သွယ်လုပ်ပေးချင်တာ"

"လျှောက်မစနဲ့နော်၊ သူတို့အထင်သေးစရာဖြစ်မယ်၊ ကလေးဖက်က သိက္ခာကျနေဦးမယ်"

"မကျစေရပါဘူး၊ ဦး ဒီလောက်တော့နားလည်ပါသေး တယ်"

"ကိုအာကာက နင်တို့တစ်အိမ်လုံးနဲ့ ရင်းနှီးပြီးသားနော်၊ အထင်ပြောတာပေါ့ ဦးရဲ့"

"ငါတို့ ဒီကိုးမိုင်ရောက်လာကတည်းက သူက ဘာမဆို ညီပေးတာ၊ သူ့မေမေနဲ့ ငါ့မေမေလည်း အတော်ခင်ကြတယ်"

"နင်ကတော့ ပန်းခင်းသောလမ်းပေါ့"

"နင်လည်း ပန်းခင်းသောလမ်းပဲ ဖြစ်မှာပါ၊ ကိုကြယ် ခင်းက ရိုးသားအေးဆေးပုံရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုမှတွေ့တာဟာယ် သူ့အကြောင်းဘာသိမှာလဲ"

"ကိုကိုကို ငါမေးကြည့်ပေးမှာပေါ့"

"မမေးပါနဲ့ဦး၊ သူတစ်မျိုးတွေးစရာ ဖြစ်နေဦးမယ်"

"သူ နင့်ကိုဖွင့်ပြောရင်တော့ ငါစုံစမ်းပေးမှာပါ၊ ဘာမှ စိတ်မပူနဲ့"

"အဲဒီဦးက သိပ်အပိုင်ပြောတာပဲ"

"မယုံရင်ကြည့်နေစမ်းပါ"

အသည်းစွဲ နှုတ်ခမ်းလေးက ရှက်စနိုးပြုံးချင်လာသည်။ သူ့မျက်လုံးထဲက အဓိပ္ပာယ်ကို စွဲလည်း မိန်းကလေးပီပီ နားလည်နေပါပြီ။ မပြောဘဲလည်း ရင်ထဲမှာတော့ သိနေပါပြီ။

မိန်းကလေးတို့ရဲ့ သဘာဝ သူ့စိတ်ဝင်စားတာကို အလိုလို သဘောပေါက်ပြီးသားပါ။

မျက်လုံးအကြည့်လေးတစ်ချက်နှင့် တစ်ယောက်ကို တစ်ယောက် နားလည်သွားကြတာဟာ ဆန်းပြားနက်ရှိုင်းတဲ့ အချစ် ဆိုတဲ့အရာပဲလား။

သူ့အကြောင်းတွေးမိတာနှင့်ပင် စွဲရင်မှာ ပီတိခပ်စိမ့်စိမ့် လေးတစ်ခုက လှုပ်ခတ်လူးလွန့်လာသည်။



*

စွဲက ဂါဝန်ရှည် မရမ်းပြာရောင်လေးနှင့် ဧည့်ခန်းဆက်တီမှာ [illegible] ထိုင်နေဆဲမှာ သူက အာကာနှင့်အတူ ရောက်လာပါသည်။

သူတို့ စွဲက အရင်ဦးဆုံးလှမ်းမြင်တာက ယမင်းဦးက တော့ တံခါး[illegible]နေတဲ့ သူတို့ကို မမြင်သေးဘဲ တီဗွီကလာနေတဲ့ [illegible] သီချင်းလေးကိုသာ အာရုံစိုက်ကြည့်နေ၏။

What can I do...

Baby, you spin me around.

The earth is moving.

But I can't feel the ground

Every time you look at me

My heart is jumping it's easy to see.

www.burmeseclassic.com

www.burmeseclassic.com



oh. oh. oh crazy.

But it feels all right.

ဘုရစ်တနီးက အဖြူရောင်ဝတ်စုံနှင့် ဆန်းဆန်းပြားပြား ကနေတာမို့ ဦးက ကြည့်ကောင်းကောင်းနှင့် ငြိမ်ကြည့်နေတာ။

သူတို့က မှန်တံခါးချပ်ရဲ့ အပြင်ဖက်မှာ ရပ်နေပြီး ဘဲလ်လည်းမနှိပ်ကြ။

စွဲက တံခါးသွားဖွင့်ပေးဖို့ မဝံ့မရဲနှင့်မို့…

"ဦး ဟိုမှာဧည့်သည်"

"ဟင်"

"ကိုအာကာတို့လာတယ်"

"ဟယ် အဲဒါ ငါ့ကိုပြောနေတယ်၊ တံခါးတော့ သွားဖွင့်မပေးဘူး၊ အဲဒီစွဲဟာလေ"

ယမင်းဦးက စွဲကို ပြစ်တင်ရှေ့ရှုတ်ရင်း သူ့ဟာသူ အပြေးကလေး တံခါးသွားဖွင့်ပါသည်။

အိမ်မှာ ယမင်းဦးတို့သုံးယောက်နှင့် ဘွားလေးသာရှိသည်။ ဘွားလေးကလည်း သူ့အခန်းမှာ။ မေမေက ဆိုင်သွားသည်။

"လာလေ ထမင်းစားချိန်ကတည်းက ကိုဖိုးချစ်ကို ခေါ်နိုင်းနေတဲ့ဥစ္စာ၊ ဘာလို့မလာတာလဲ"

"ဒီကောင်တွေက အားနာတယ်လေ၊ ကိုကိုတစ်ယောက်တည်း ဘယ်လိုလာလို့ကောင်းပါ့မလဲ"

"သူတို့ပါခေါ်လာပေါ့၊ ဘာဖြစ်လဲ ရပါတယ်၊ ဓဦးတို့ အိမ်မှာ ထမင်းဟင်းတွေ ပိုချက်ထားပါတယ်နော်"

ယမင်းဦး မေမေက အာကာတို့အိမ်သောက်နေတဲ့ အမျိုး အာကာတစ်ယောက်တည်း စားရေးသောက်ရေးခက်မှာစိုး၍ ဒီညတစ် အိမ်ဝဲ ထမင်းလာစားဖို့ စီစဉ်ပေးထားသည်။

အာကာကလည်း ချစ်သူ့အိမ်မို့ အားမနာပါ။ ဝင်ထွက်စားသောက်နေကျပါ။ အခုမှ ဖြိုးရောင်နှင့် ကြယ်စင်း ရောက်လာလို့သာ သူ မဦးတို့အိမ် ထမင်းစားရောက်မလာဖြစ်တာ။

"အခုလည်း နာနတ်သီးတွေ တအားချိုလို့ လာပို့ပေးတာ"

အာကာက နာနတ်သီးသုံးလုံးပါတဲ့ ကြွပ်ကြွပ်အိတ်ကို ယမင်းဦးထံပေး၏။

အာကာ ဒီဖက်လာဖို့ ရှိတဲ့အခါ ဖြိုးရောင်နှင့် ကြယ်တစင်းက ချန်မနေနိုင်တော့ပါ။





www.burmeseclassic.com

www.burmeseclassic.com



ကြယ်တစင်းက ကျော်ပါပုပေမဲ့ အသည်းဖွဲ့ရုက်နုလေး မြင်ချင်တာကြောင့် လိုက်လာခဲ့တာပါ။

"ထိုင်ကြဦးလေ လာပါ"

ယမင်းဦးက ဖိတ်ခေါ်သည်။ အသည်းခွဲက လှမ်းဖြူဖြူ သဖြင့် ကြယ်တစင်းရှိမှာ နေ့ဆနဲ ကျေနပ်သွားဆီသည်။

ဂါဝန်အတိုလက်ပြတ်ကလေးနှင့် အိမ်နေရင်း ဟန်ဖော ပင် တစ်မျိုးချစ်စရာကောင်းနေ၏။

ဖြိုးလင်းရောင်က ကြမ်းပြင်ကော်ဇောပေါ် ဆင်းထိုင်ကာ ကာတွန်းစာအုပ်ဖတ်နေတဲ့ ချိုမြိန်နေ့ဆီ ကြည့်မိသည်။

ချိုမြိန် မျက်လွှာလေးပင့်လာနိုက်မှာ ဖြိုးရောင်က နှုတ်နေး မနေဘဲ

"ဘာတွေဖတ်နေတာလဲ"

"ကာတွန်းပေါ့၊ မမြင်ဘူးလား"

ဖြေပုံလေးက ဂျစ်ကန်ကန်။ သို့ပေမဲ့ ထိုဖြေသံလေးကိုပဲ ဖြိုးရောင် အသည်းနိုက်သွားရ၏။

"သူက ခုထိ ကာတွန်းပဲဖတ်တယ်၊ ပိုးစေဆို အရမ်းကြိုက် တာ"





စွဲက အသံချိုအေးအေးနှင့် ဝင်ဖြေပေး၏။

ကလေးဆန်ဆန် ကာတွန်းစာအုပ်ကြိုက်သော ကောင်မ လေးကို ဖြိုးရောင် အသည်းတယားနှင့် ချစ်စနိုးဖြစ်ရပါသည်။

ဒီနေ့တော့ သူမရဲ့ နားရွက်ကားကားလေးမှာ အပြာရောင် နားကွင်းအဝိုင်းကြီး ပန်ထားပြန်၏။

ဝတ်ထားတာက ဂုတ်ပိုးကြိုးချည်တီရှပ်သား အဖြူရောင် လေး။ စကတ်က အောက်ခြေပွပွကားကားနှင့် သူမကိုကြည့်ရတာ အရုပ်ကလေးတစ်ရုပ်နှင့် တူနေသည်။

"ကာတွန်းကြိုက်ပေမဲ့ အထင်မသေးနဲ့ကိုဖြိုးရေ၊ သူက ကော်ရှင်ဒီဇိုင်းနာနော်၊ ဘန်ကောက်မှာတောင် သင်တန်းသွားတက် ထားတာ"

ယမင်းဦးက ပြောလျှင် ဖြိုးလင်းရောင်က သူမကို ဖြူးစစ ကြည့်သည်။

ဒီကောင့်မျက်နှာကိုကြည့်လေ သိပ်မငမ်းပါနဲ့လို့ ကြိုမှာ ထားတာတောင် မရပါလား။

အာကာက ပခုံးတွန့်သည်။

မဦးသူငယ်ချင်းနှစ်ယောက်' ရောက်လာတာမလွှယ်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်မဦး ခါတိုင်းလို အေးအေးဆေးဆေး နှစ်ယောက်တည်း စကားပြောခွင့်မရတော့ပါ။

ကိုဖြိုးက ချိုလေးအကြောင်းပဲ တမေးထဲမေးသည်။ ကြယ်တစင်းကလည်း အသည်းစွဲမှာ ရည်းစားရှိမရှိ မဦးကတစ်ဆင့် စုံစမ်းနိုင်းနေသည်။

အာကာ့မှာ နားတွေပူနေရပါပြီ။ ဖုန်းပြောရင်တောင် ချစ်သူ ချင်း အလွမ်းမသယ်ရဘဲ ဟိုဟိုဒီဒီ မေးမြန်းစပ်စု အကျိုးဆောင် နေရသည်။

မဦးဆီက သိရတာတော့ နှစ်ယောက်စလုံးမှာ လက်ရှိ... နေတဲ့ ရည်းစားမရှိသေးဘူးဆိုတာပဲ။ ဒါကိုသိရကတည်းက ကြယ်တစင်းနှင့် ကိုဖြိုးလည်း အားတွေတက်ပြီး ဒီဘက်အိမ်... ဆိုက်ဆိုက်လာချင်နေတာဖြစ်သည်။

"တော်ပါတယ်ဗျာ၊ ဒါပေမဲ့ ချိုမြိမ့်တို့သင်တန်းမှာ လူ... ဆက်ဆံရေးတော့ သင်မပေးခဲ့ဘူးနဲ့တူတယ်"

ဖြိုးရောင်စကားကြောင့် မဦးက မျက်ခုံးလေးပင့်သွားပြီး

"ဘာလို့လဲဟင်"

"သူ့မျက်နှာလေးက စူပုတ်နေတာပဲ၊ ကြည့်ပါလား"





"ဟင်း...ဟင်း...ဟင်း"

ကိုဖြိုးစကားကို ရယ်မိကြသည်။ ချိုလေးကလည်း သူ့ကို ပဲ မျက်စောင်းဖိထိုးတာကိုး။ မျက်နှာလေးလည်း တကယ်ပဲ စူပုတ် နှုတ်ခမ်းစူထားတာ။

ချိုလေးက ကာတွန်းစာအုပ်ပစ်ချပြီး ခြေဆောင့်ထွက်သွား ပါသည်။

"မင်းကို စိတ်ကောက်သွားပြီ"

အာကာနှင့် ကြယ်တစင်းက သူ့ကိုဝိုင်းစနေကြ၏။ ဖြိုးလင်းရောင် မျက်နှာရှုံ့မဲ့သွားသည်။ သူတစ်ယောက်ပဲ အခြေ အနေမကောင်းသေးတာလေ။

အာကာကတော့ မနှာလိုချင်စရာကောင်းအောင် ပြုံးဖြီးဖြီး နှင့် ကျေနပ်နေသည်။ ယမင်းဦးက သူသောက်ဖို့ ကော်ဖီအေးကို ကိုယ်တိုင်သွားဖျော်လာသည်။

ဖြိုးလင်းရောင်နှင့် ကြယ်တစင်းရှေ့ကိုတော့ အိမ်ကကောင် မလေး ငြိမ်းငြိမ်းကပဲ ကော်ဖီဗန်း လာချပေးသည်။

ဖြိုးရောင်က သူ့ရှေ့ကဖန်ခွက်ကို သူ့ဘာသာသူယူသောက်ပေ မဲ့ ကြယ်တစင်းက ဒီတိုင်းပဲ လက်ကို တင်းတင်းဝိုက်လျက်သား



www.burmeseclassic.com

www.burmeseclassic.com



မျက်စိရှေ့က အသည်းစွဲကိုသာ မမှိတ်မသုန် ကြည့်နေမိ၏။

"ဟော့ကောင် သောက်လေ"

ဖြိုးရောင်က အလိုက်မသိ တိုက်တွန်း၏။

ကြယ်တစင်းက စွဲကို စေ့စေ့ကြည့်နေရင်း

"အိမ်ရှင်ကမှ သောက်ပါဦးလို့ မပြောတာ"

"သြော် မင်းက သူသောက်ဆိုမှ သောက်မှာပေါ့"

"စွဲလည်း အိမ်ရှင်မှမဟုတ်တာ၊ ရှင်တို့လိုပဲ ဦးတို့အိမ်မှာ ဧည့်သည်တွေပဲလေ"

အသည်းစွဲက ထိုသို့ပြောလျှင် သူက ခေါင်းယမ်းပြီး

"ဘာပဲဖြစ်ဖြစ် စွဲက လောလောဆယ် ဒီမှာနေတာပဲလေ၊ ပြီးတော့ ကျွန်တော်တို့နှစ်ယောက်က ခင်ပြီးသားပဲ"

"ကဲပါ ဒါဆိုရင်လည်း သောက်တော်မူပါ"

"ပြောရုံလေးပဲလား"

"သြော် တာလုပ်ပေးရဦးမှာတုန်း"

"ဟိုမှာ စွဲသူငယ်ချင်း မဦးကိုကြည့်ပါလား"

ယမင်းဦးနှင့် အာကာက မသိမသာနှင့် စကားတပြော်ပြော ဟိုဖက်ထလျှောက်သွားပြီး မဦးက မတ်တပ်ရပ်ပြီး ကော်ဖီ





အအေးဖန်ခွက်လိုက်ပေးနေတုန်း။

"အို သူတို့နဲ့ ဘာဆိုင်လို့လဲ"

"မဦးက အာကာ့ကို ဂရုစိုက်တယ်"

"ဟော့ကောင် မနာလိုမရှိနဲ့၊ သူတို့က သမီးရည်းစားလေ ကွာ"

ဖြိုးလင်းရောင်က ပြုံးဖြီးဖြီးတစ်ခွန်းပြော၏။

စွဲ မျက်နှာလေးထဲမှာ နီမြန်းချင်၏။ သူ့အမူအရာက တစ်မျိုးပဲလေ။ စွဲကိုများ သူချစ်သူထင်နေသလားမသိ။

ပိုင်စိုးပိုင်နင်းနဲ့ ဟွန်း။

ကြယ်တစင်းသည် ဖြိုးလင်းရောင် သူ့ကော်ဖီဖန်ခွက်ကုန်လို့ ဖန်းထဲသာပြန်ချရော သူက သူ့အအေးခွက်ကို မတို့မထိသေးပါ။ ဖြိုးလင်းရောင်က လှစ်ခနဲထသွားကာ ဧည့်ခန်းအဝင် ဇိနပ်ချွတ်နားလေးက အလှမွေးငါးကန်လေးထဲ သွားငုံ့ကြည့်နေ၏။

"စွဲ"

"ရှင်"

"ကျွန်တော့်အပေါ် ဒီလောက်လေးမှ စေတနာမရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အို ဘာတွေလာပြောနေတာလဲ"

"စွဲကိုယ်တိုင်ပေးမှ သောက်ချင်တယ်"

"ရှင်ကလည်း တစ်မျိုးပဲနော်၊ ကဲပါ ရော့"

အသည်းစွဲက စိတ်မရှည်တော့သလိုလေးနှင့် ဗန်းထဲက တော်ဖီအေးခွက်ကို ကောက်ယူပြီး ကြယ်တစင်းဆီ ကမ်းပေး၏။

ကြယ်တစင်းသည် သူမလက်ကလေးကို ထိကိုင်ကြည့်ချင်လာသည်။ ဒါပေမယ့် သူမ စိတ်ဆိုးသွားမလား။

ဖွင့်ပြောရမယ့် အချိန်အခါကောင်းဟာ ဘယ်တော့ရောက်မလဲ။

အခု သူ့နားမှာ ဖြိုးရောင်လည်းမရှိ။ အာကာလည်းမရှိ။ ပြီးတော့ မဦးတို့အိမ်မှာ တခြားအိမ်သားတွေလည်း အရိပ်အယောင်မမြင်ရ။

ဒါဟာ သူ့အတွက် အခွင့်အခါသင့်တဲ့ အချိန်ပဲမဟုတ်ဘူးလား။

"အသည်းစွဲ"

သူမကပြောလေဆိုတဲ့ ပုံစံလေးနှင့် မေးဆတ်ပြမှမယ် ကြယ်တစင်းနှုတ်က ချက်ချင်းဘာမှထွက်မလာ။





ရှိစေစေနှင့် နုးညံ့ရွှန်းရှိလာတဲ့ သူ့မျက်ဝန်းတွေအောက်မှာ အသည်းစွဲ ဘယ်နားပုန်းရမလဲ မသိတော့။

ရင်ထဲမှာ ဖြောင်းဆန်အောင် ခုန်လှုပ်လာရသည်။

အဲဒါ သူဘယ်လိုကြည့်နေတာလဲ။ အသည်းစွဲရဲ့ အသည်းတွေ ပျွန်းထိုးမှောက်ခုံ ဖြစ်နေရပြီ။

စွဲကိုယ်တိုင်ပင် ငြိတွယ်နေမိရာမှ ရုတ်တရက် ရုန်းမထွက်နိုင်။

ကိုယ့်ဘာသာလည်း ရှက်ကိုးရှက်ကန်း ဖြစ်သွားရင်း

"ဘာကြည့်နေတာလဲ၊ မမြင်ဘူးတာကျနေတာပဲ"

ရှက်အမ်းအမ်း နှုတ်က ဘာရယ်မဟုတ် ရေရွတ်မိတာကို သူက

"ဘာလို့ကြည့်နေတာလဲ အသည်းမသိဘူးလား၊ ချစ်နော် အသည်းကိုချစ်လို့ပေါ့"

ခပ်တိုးတိုး ချစ်စကားမှာ သူမ ကြက်သီးနွေးပင် ဖျန်းခနဲ ထသွားရ၏။ သူ့ကို ကြောင်အမ်းအမ်းလေးနှင့် အငိုက်မိစွာ ငေးမိသက်ကြည့်နေမိသည်။

"အရမ်းချစ်တယ်၊ ကြားရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ကျွန်တော်ပြောတာ အသည်းကြားရဲ့လား"

ခပ်တိုးတိုး သူ့စကားသံက အသည်းစွဲရင်ထဲထိ တိုးဝင်သွားခဲ့ရတာပါ။

"ဘာတွေလာပြောနေတာလဲ"

"ဟာဗျာ ဒီလောက်ကြိုးစားပမ်းစား ရင်ဖွင့်ရတာ အသည်း အဲလိုမသိချင်ယောင်မဆောင်ပါနဲ့"

အသည်းစွဲက ပြုံးစိုက်သဖြင့်

"ဘာလို့ပြုံးတာလဲ"

သူက ရှုံ့တည်တည်ပြန်မေးပါသည်။

"စွဲ အံ့သြလို့ပါ၊ တွေ့တာဖြင့် ဘာမှမကြာသေးဘူး၊ ရှင် အဲလိုပြောတာ ဟုတ်မှဟုတ်ရဲ့လားလို့"

"ဟုတ်တယ်လေ၊ ချစ်လို့ချစ်တယ်ပြောတာပဲ"

"သူတို့ကြားသွားဦးမယ်၊ အသံကြီးကျယ်မလာနဲ့"

"ကြားပစေလေ သိတော့ဘာဖြစ်လဲ"

"စွဲ စိတ်တိုအောင် မပြောနဲ့နော်"

"ဘယ်တော့အဖြေပေးမှာလဲ"



"မပေးပါဘူး၊ အကြောင်းမှမသိဘဲ"

"အသည်းအကြောင်းရော ကျွန်တော် ဘာတွေသိလို့လဲ၊ ဒီတိုင်းပဲမြင်တယ်ဆို ရင်ထဲမှာ ချစ်သွားခဲ့တာ"

"ဒီလောက်မြန်မြန်ကြီးနဲ့ ဘယ်လိုယုံရမှာလဲ"

"ကြိုးစားပြီးတော့ ယုံပေးပါ၊ ကျွန်တော့်အကြောင်းတွေ သိချင်ရင် အာကာ့ဆီမေးလို့ရတာပဲ"

"ကိုအာကာက အကောင်းတွေပဲ ပြောပေးမှာပေါ့"

"ဒါဆို အသည်းကိုယ်တိုင် ကြိုက်သလို စုံစမ်းလိုက်"

ထိုအချိန်မှာ အလှမွေးငါးတွေ ကြည့်လို့ဝသွားပြီဖြစ်တဲ့ မြို့ရောင်ဟာ အရှိက်ကမ်းဆိုးမသိတတ်စွာ ဒီဖက်ဆက်တီတွေရှိရာ ပြန်လျှောက်လာပါသည်။

ကြယ်တစင်းက ပြောလက်စစကားကို ရပ်ထားလိုက်တာ တောင်

"ဟော့ကောင် မင်းဘာတွေ စုံစမ်းခိုင်းနေတာလဲ" ဟု မေးပါသေးသည်။

"ဘာမှမဟုတ်ပါဘူး"

"အသည်းစွဲ၊ ကြယ်စင်း ခင်ဗျားကို ဘာပြောနေတာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



အရမ်းသွားပြီး မယုံလိုက်နဲ့နော်''

''ဖြိုးရောင် မင်းစိတ်ပုပ်လှချည်လား''

''ပုပ်မှာပဲ''

ဟုတ်တယ်လေ။ ဖြိုးရောင်သဘောကျတဲ့ ချိုမြိန်လေးမှ ဒီနားမှာမရှိတော့ဘဲ။ ဒီကောင်တွေပဲ ကောင်းစားနေတာ ဖြိုးလင်းရောင် မရှုစိမ့်နိုင်ပါ။

''ကျွန်မကလည်း သူ့စကားကို မယုံပါဘူး''

''ဟုတ်တယ်၊ ချင့်ချင့်ချိန်ချိန် ယုံသင့်မှယုံတာ အကောင်းဆုံးပဲ''

သာသနာဖျက် ဖြိုးရောင် ရောက်လာတာ အတော်ဆိုးသည်။ ဆက်ပြီး အဖြေတောင်းခွင့်မရတော့။ ဒါပေမဲ့ ဘာပဲပြောပြော အရဲစွန့်ပြီး အသည်းလေးကို ပြောလိုက်ရတာကိုတော့ ကျေနပ်မိသည်။

သူချစ်ခွင့်ပန်လိုက်တာကို အသည်းစွဲလည်း ကြည်နူးအံ့သြနေတယ်ဆိုတာ သူမမျက်လုံး ရွှန်းရီရီလေးကို ကြည့်ရင်း သူနားလည်လိုက်ပါသည်။

ဓ

❀ ❀ ❀



ဆုံကြတာ တစ်ရက်နှစ်ရက်ကလေးအတွင်းမှာပင် သူတို့ခြောက်ယောက်သားဟာ လွယ်ကူလျှင်မြန်စွာ ရင်းနှီးကျွမ်းဝင်ခဲ့ကြပြီး အခုဆိုရင် ကြယ်တစင်းက တစ်ဆင့်တက်ကာ အသည်းစွဲကို ချစ်ရေးဆိုထားတဲ့ အခြေအနေထိ ရောက်ခဲ့ပြီ။

ခြံထဲမှာ ဆင်းဆော့ကစားကြ၊ ထမင်းဟင်းတွေ အတူချက်ပြုတ်စားကြ၊ အကင်တွေ အတူကင်ကြစားကြ။ ပျင်းလျှင် ခြောက်ယောက်သား ကော်ဖီဆိုင်ထွက်ထိုင်ကြနှင့် သူတို့ကိုကြည့်လိုက်လျှင် ငယ်ပေါင်းသူငယ်ချင်း အုပ်စုအဖွဲ့ပမာ ထင်ရလေသည်။

ခြောက်ယောက်မှာ ပွင့်လင်းတဲ့ စုံတွဲကတစ်တွဲ။ မပွင့်မလင်း မြဲစိစိနှင့် အကြည့်ချင်း မကြာခဏဖလှယ်နေကြတဲ့ ကြိုက်လုကြိုက်ခင် အတွဲမဖြစ်တဖြစ်က တစ်တွဲ။ ကောင်မလေးကို ကောင်ကလေးက မှုထိတထိ လိုက်စရင်း" တစ်ဆင့်တက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားစကားပြောဖို့ အကွက်ချောင်းနေတဲ့ ချစ်စရာကောင်းတဲ့ မဖြစ်သေးတဲ့ အတွဲလေးနဲ့ပါဆိုရင် စုစုပေါင်း စုံတွဲသုံးတွဲဟု ဆိုရမည်။

အဲဒီသုံးတွဲဟာ မနက်ခင်းစောစော အလင်းရောင်မပေါ်မီမှာ ကိုယ်စီပြင်ဆင်လျက် အင်းလျားကန်ပေါင်ပေါ် လမ်းလျှောက်ရအောင် ကားနှင့် တကူးတက ထွက်လာကြပါသည်။

မနက်ငါးနာရီ မှောင်မှောင်ထဲမှာပဲ အင်းလျားမှာက ကားတွေက အတော်များနေသည်။

သူတို့ယောကျ်ားလေးသုံးယောက်က ရှေ့ခန်းမှာပဲ ကျပ်ကျပ်နှင့် စုထိုင်ကြသလို အသည်းစွဲတို့ မိန်းကလေးသုံးယောက်ကတော့ နောက်ခန်းမှာ ခပ်ချောင်ချောင်ပဲ အေးအေးဆေးဆေး သက်တောင့်သက်သာ လိုက်လာကြသည်။

"မျက်စိတွေတောင် အခုထိစပ်နေတုန်းပဲ"

အိပ်ပုတ်သော ချိုလေးက ညည်းညူလိုက်၏။

"နင်ကလည်းဟာ ပျော်စရာကောင်းပါတယ်၊ ကြည့်ပါဦး ကိုယ့်ထက်စောတဲ့လူတွေချည်းပဲ၊ ဘယ်အချိန်ကများ အိပ်ရာနိုးကြသလဲမသိပါဘူး"





ရှင်းရှင်းပြောရရင် စွဲတို့ကတော့ နာရီက အလမ်းပေးပြီး ရအောင်ငုတ်တုတ်ထထိုင်ခဲ့ရတာ။ မနက်လေးနာရီမခွဲခင် ဘယ်လိုလုပ်ပြီး အိပ်ရာနိုးပါ့မလဲ။ ဒီလောက်အိပ်ကောင်းတဲ့အချိန်။

အဲဒီ ယမင်းဦးက စပ်စပ်ဆော့ဆော့ လမ်းလျှောက်ထွက်မယ် ဖြစ်လာလို့သာ သူ့အစီအစဉ်က

"အစတာ မင်းမိန်းကလေးတွေနဲ့ အိပြောင်အိပြောင် လမ်းလျှောက်မယ်မစဉ်းစားနဲ့၊ သတ္တိရှိရင် ငါတို့နဲ့ အပြေးပြိုင်၊ ဒီကန်ပေါင်အစကနေ အဆုံးထိနော်၊ မနားဘဲနဲ့ ဘယ်နှခေါက်ပြေးနိုင်သလဲ ပြိုင်မယ်"

ဖြိုးလင်းရောင်က အဆိုပြုရာ အာကာနှင့် ကြယ်တစင်းကလည်း ပြိုင်ပြေးဖို့ သဘောတူလက်ခံကြသည်။

"အိုကေ စိန်လိုက်၊ ဖတ်စ်တဲ့သူကို ဘီယာတိုက်ကြေးနော်"

"အေးပါ မင်းအရင်ပြေးပါဦး"

ကန်ပေါင်ပေါ် စည်ကားနေသည်မှာ တစ်မျိုးပျော်စရာကောင်းနေ၏။ လမ်းလျှောက်ကြတာ လူကြီးလူလတ်ပိုင်းတွေများပေမဲ့ လူငယ်တွေလည်း ပါပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက် ရှေ့ကနေ ရှုရှုပြေးသွားချိန်မှာ စွဲတို့လည်း ရင်ကိုဖွင့်လျက် လက်ကိုလွှဲကာ အားပါးတရ အသက်ရှူရင်း ဟန်ကျယန်ကျ လမ်းလျှောက်ကြသည်။ စကားပင်မပြောနိုင်။

ယမင်းဦးက သူကျန်ခဲ့မှာစိုး၍ ပြေးပြေးလိုက်တာကိုပင် လှည့်ကြည့်ပြီး ရယ်ရသေးသည်။

အာကာသည် ဟိုဖက်အိုင်ဘီစီထိပ်ဖက် ရောက်တာနှင့် အမောဖြေသလိုလို အကြောလျှော့လေ့ကျင့်ခန်းပဲ လုပ်သလိုလို ကုန်းလိုက်ကွလိုက်လုပ်ရင်း ယမင်းဦးကို စောင့်နေ၏။

ကြယ်တစင်းနှင့် ဖြိုးလင်းရောင် ဒီဖက်တစ်ခေါက်ပြန်ပြေးလာချိန်မှာ သူပါမလာတော့ဘဲ အသာလေးချန်ရစ်နေခဲ့၏။

ကြယ်တစင်းကလည်း ပထမတော့ ဒီဖက်ထိပ်တစ်ခေါက် ပြန်ပြေးတာပေါ့။ ဒါပေမဲ့ ဖြိုးရောင်လည်း သူနိုင်ဖို့ မျှော်လင့်ချက်နှင့် အရှေ့ကိုလည်း ကျော်တက်ရေ သူအသာလေး နောက်ချန်ရစ်ခဲ့သည်။

သဘာက်အသေးစားလေးနှင့် ချွေးသုတ်ရင်း ဆက်မပြေးတော့ဘဲ စွဲကို မသိမသာ စောင့်နေမိ၏။





တဖြည်းဖြည်းနဲ့ အလင်းရောင်လည်း ပေါ်ခဲ့ပြီ။ ဒါပေမဲ့ နေရောင်တော့ လင်းဖြာမလာသေးပါ။

အသည်းစွဲနှင့် ချိုမြိန်သည် ခြေလှမ်းမညီသဖြင့် ချိုမြိန်က ရှေ့ကိုကျော်တက်သွားပါသည်။ ပြီးလျှင် မုန့်ဆိုင်တန်းဖက် အဝင်ဝထိပ်ရောက်လျှင် စွဲနှပဲနှင့် နောက်တစ်ခေါက် ပြန်လှည့်လျှောက်သည်။

ကြယ်တစင်းက ဖူးန်းလျောအပင်ရိပ်နား အသာစောင့်နေတာ အသည်းစွဲလျှောက်အလာကို စောင့်ကြည့်နေလိုက်ပါသည်။

ထို့နောက် စွဲ ရှေ့သို့ထွက်လာကာ

"ဟော့ ခဏနားဦးလေ"

"မနားပါဘူး၊ ချိုလေးတောင် ပြန်လျှောက်သွားပြီဥစ္စာ"

"သူလည်း အလယ်လောက်ဆိုနားမှာပါ"

"ဘာလို့ အလယ်မှာနားမှာလဲ"

ကြယ်တစင်းက မဖြေဘဲ ရယ်နေသည်။ ပြီးတော့ သူ့ကြည့်က ချွေးလေးတွေစို့ပြီး နီမြန်းနေသည့် အသည်းစွဲမျက်နှာပေါ် မြတ်နိုးစွာ စူးငေးကျရောက်နေသည်။

အသည်းစွဲက ရွှေရင်လေးမို့အောင် အသက်ပြင်းပြင်းရှူနေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းထား နေတတ်စွာ မျက်လွှာချမိသည်။

ပြီးတော့ သူ့အနားကနေ ရုတ်တရက် ခြေလှမ်းပြန်ရွှေ့လိုက်ရချေ။ သူဘာလေးပဲပြောပြော သူ့မျက်နှာကို မော့ကြည့်၍နားထောင်ချင်သည်။

သူ့အပေါ် အားကိုးတွယ်တာခြင်းနှင့် အဲလိုမော့ကြည့်ရတာကိုပင် စွဲ ရင်ထဲချမ်းမြေ့လှုပ်နှိုးလှသည်။

အဲဒီနေ့က ကန်ပေါင်ဒီဇက်ထိပ်မှာ ကြယ်တစင်းနှင့် အသည်းစွဲက ရပ်စကားပြောနေပြီး ဟိုဖက်ထိပ်က အာကာနှင့် မဦးတို့ကလည်း တော်တော်နှင့်ပေါ်မလာ။ ကန်ပေါင်ရဲ့အလယ်နားမကျတကျနေရာ ခုံတန်းလျားမှာတော့

"ချိုလေး ကျွန်တော်ခဏထိုင်မယ်နော်"

သူ့ဘေးက လိုက်လျှောက်နေလို့ တမင်အမောပြေ ထိုင်နားချင်ယောင်ဆောင်လိုက်တဲ့ ချိုမြိန်က မျက်လုံးလေးပြူးသွားရင်း

"ဟိုဖက်ခုံတန်းလည်း အားနေတာပဲ၊ ထိုင်စရာတွေအများကြီးပဲ၊ ရှင်က ဘာကြောင့် ဒီမှာထိုင်ရမှာလဲ"

"ကျွန်တော်က ချိုလေးနားပဲ ထိုင်ချင်လို့ပါ"

"ဘာ"





"သြော် တစ်ယောက်တည်းဆိုရင် စိတ်မချဘူးလို့ ပြောတာပါ"

"တော်ပြီ၊ ဒါဆိုရင် ကျွန်မဆက်လျှောက်မယ်၊ ရှင်ဘေးနား ကပ်မလိုက်လာနဲ့"

ချိုမြိန် ဆတ်ခနဲ ခုံတန်းမှ ထရပ်လျှင် သူက ဖျတ်ခနဲလက်ကောက်ဝတ်ကို ဖမ်းဆွဲထားပြီးလျှင်

"ခဏပြန်ထိုင်ပါဦး၊ ဒီအချိန်လျှောက်လို့ မကောင်းတော့ပါဘူး"

"ဘာလို့မကောင်းရမှာလဲ၊ နေတောင်မထွက်သေးဘူး၊ ကျွန်မလက်ကိုလွှတ်"

"မဟုတ်ဘူး၊ ချိုလေးသွားရင် အနှောင့်အယှက်ဖြစ်လိမ့်မယ်"

"ရှင်"

"အလိုက်မသိတတ်ရာကျမယ်ဗျ၊ ဒါကြောင့်ပြောတာပါ"

ချိုမြိန်သည် မျက်နှာလေးနီမြန်းကာ ရှက်အမ်းသွားရင်း သူဘာကိုပြောတယ်ဆိုတာလည်း သဘောပေါက်သွားရပြီမို့ မဦးနှင့်တို့ကိုပဲ မေ့တွာပို့ရင်း စူပုတ်ပုတ်ဖြစ်သွားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အသည်းစွဲက ယမင်းဦးခြံထဲဆင်းပြီး ပန်းဝင်တွေ ကိုယ်တိုင်ရေလောင်းသောအခါ သူမပါ မနေနိုင်ဘဲ အတူဆင်းလာခဲ့သည်။

''နင်ရေစိုမယ် ဖွဲ''

''ရပါတယ်၊ နင်လည်း ဘောင်းဘီတွေစိုနေပြီပဲ''

ယမင်းဦးက အိမ်နေရင်း ကွာတားပင်နီ ရေနံချေးရောင်နှင့် တီရှပ်အညိုကို ဝတ်ထားသည်။

ရေလောင်းပေါင်းသင်ရင်းက အုတ်ခဲပေါ်တိုင်၊ အုတ်ဘောင်ပေါ်တိုင်ချနှင့် သူ့ဘောင်းဘီမှာ ရေစိုရုံမက ပေကျံညစ်ပတ်နေပါပြီ။

''ဟဲ့ ငါက ဒီဘောင်းဘီကို တမင်အကြမ်းခံဝတ်ထား တာ နင့်စကာဒ်က အရောင်ဖျော့လေးဥစ္စာ တူမလား၊ ဘွားလေးမြင်



www.burmeseclassic.com

www.burmeseclassic.com



ရင် ကိုယ့်ဆီခဏလာနေတဲ့ သူငယ်ချင်းကို အလုပ်ခိုင်းရပါ့မလား လို့ ငါ့ကိုဆူနေမှာ၊ သွား နင့်ဘာသာ ဒန်းပေါ်ထိုင်နေ"

"မနေပါဘူး"

အသည်းစွဲတို့ ညီအစ်မသည် သူတို့အိမ်မှာ ဘာမှမလုပ်ရပေမဲ့ ဒီအိမ်မှာ အလကားလာနေရတာ အားနာပြီး အိမ်မှုကိစ္စတွေ ဝင်လုပ်ကြ၊ သူတို့ကိုယ်တိုင် ဈေးတွေတစ်ပတ်စာ ထွက်ဝယ်လိုက်နှင့် မနေတတ်ကြီးတွေ ဖြစ်နေကြပါသည်။

ဘွားလေးနှင့် မေမေကတော့ စွဲတို့နှစ်ယောက်ကို ကြိုက်သလောက် ပျော်သလောက်လာနေ ဒါပေမဲ့ အန်တီညိုနှင့် ဦးဇော်ကိုတော့ ပြောခဲ့၊ ခွင့်တောင်းခဲ့ဟုမှာသည်။

သူတို့က ဖုန်းတွေဝိတ် အဆက်အသွယ် မလုပ်ပေမဲ့ အန်တီညိုက ဒီကိုဖုန်းဆက်မေးမြန်းစုံစမ်းပြီးပြီ။ ဦးတို့အမေကလည်း သူ့အိမ်မှာရောက်နေကြောင်း ကြည့်ရှုစောင့်ရှောက်ထားမှာမို့ စိတ်ချထားလို့ရကြောင်း ပြန်ပြောပြီးပါပြီ။ မဦးအနေနှင့်လည်း စွဲတို့ရောက်နေတဲ့အတွက် အဖော်ပင်ရနေပါသေးသည်။

"အားနာလို့လား၊ ဦးတို့အိမ်မှာ အားနာဖို့မလိုပါဘူး၊ နင်တို့ ဈေးတွေအများကြီး ဝယ်လာပေးတာကိုတောင် မေမေကပြောနေ





တာ"

"သြော် အလကား လာတက်စားနေတာ မျက်နှာပူစရာကြီး"

"အံမယ် သိပ်ကြီးကျယ်တာပဲ"

"မဟုတ်ပါဘူး၊ လူဆိုတာ သိတတ်ရမှာပေါ့"

"ဒီလောက်တောင် သိတတ်ရင်တော့ နင့်ပတွေး ဦးဇော်နဲ့ ပြေလည်မှာပါဟာ"

"ဇော် တော် သူ့အကြောင်းလာမပြောနဲ့၊ မနေ့က သတင်းစာထဲမှာ မေမေတို့လက်ထပ်သတင်း ပါလာတယ်၊ ဦးတွေ့လား"

"မတွေ့သေးဘူး၊ ငါမဖတ်ရသေးဘူး"

"ချိုလေးတောင် ကြိတ်ငိုနေသေးတာ"

"သူကအငယ်ဆိုတော့ နင့်အမေကို ပိုတွယ်၊ ပိုကပ်တဲ့ သဘောမျိုး ရှိမှာပေါ့"

"ဟုတ်တယ်၊ သူက ငါးနှစ်ရောက်တဲ့အထိ မေမေနို့ကို စို့တုန်း၊ ကျောင်းတက်စမှာ ကျောင်းကပြန်ရောက်ရင် စို့တယ်"

"ဟုတ်လား၊ ချိုလေးကို စ,ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်း၊နေဦး၊ ဦးပေါ် ဒေါသတွေ ပြုကျလာလိမ့်မယ် ဘာရှုတ်နေလဲ"

"ဟီး...ဟီး"

ယမင်းဦးက ပခုံးတွန့်ပြီး ရယ်လိုက်သည်။ လက်ထဲက ပိုက်စ်နှင့်လည်း မြက်ခင်းပေါ် ရေဖြန်းလျက်သား။

"ရွှတ်...ရွှတ်...ရွှတ်"

ခြံတံခါးဝကနေ ခေါ်နေသူက အာကာ။

ယမင်းဦးက သူ့အာရုံနှင့်သူမကြား။

"ဦး နင့်ကိုခေါ်နေတယ်"

"ဟယ် ကိုကိုပဲ"

ပိုက်ကိုချကာ အပြေးကလေး ခြံတံခါးသွားဖွင့်ပါသည်။ အာကာက လျှောက်ဝင်လာရင်း...

"အပြင်ခဏသွားမယ်၊ ဘာမှာဦးမလဲ"

"စီးတီးမတ်ရောက်မလား၊ ဘွားလေးအတွက် ဟိုတစ်ခါ ဝယ်တဲ့ လျှားစောင်းလက်ပတ်ဖျော်ရည် ဝယ်ခဲ့လေ"

"အင်း နောက်ရော"

"မဦးစားတဲ့ ကြက်ဥမြေပဲတစ်ဘူး"





ယမင်းဦးသည် မှာစရာအဆင်သင့်ရှိနေပါသည်။

အာကာက စွဲဖက်လှည့်ပြုံးပြရင်း

"အသည်းစွဲရော ဘာမှာမလဲ"

"ဟင့်အင်း မမှာတော့ဘူး၊ ကျေးဇူးပဲ"

"ကိုကိုတစ်ယောက်တည်း သွားမှာလား၊ ဟိုနှစ်ယောက် ရော"

"အဲဒါပြောမလို့ပဲကွ၊ ကိုကြယ်စင်းက ဖျားနေတယ်"

အာကာ့အကြည့်က စွဲဖက် ကွက်ခနဲရောက်သော်

"ဟယ် ဟုတ်လား၊ တုတ်ကွေးဖျားတာလား"

"မနေ့က ပြိုင်ပြေးတာ နည်းနည်းပင်ပန်းတာလည်းပါ မယ်၊ အပူရှပ်သွားတာလည်းဖြစ်မယ်၊ ပြန်လာတာနဲ့ ကိုကြယ်စင် က ရေတန်းချိုးပစ်လိုက်တာ"

"အခု အဖျားတော်တော်ကြီးနေလား"

"မသိဘူး"

"ကိုကိုကလည်း"

"အဖျားတိုင်းတဲ့ သာမိုမီတာမှမရှိတာ၊ မဦးတို့အိမ်မှာ ရှိရင် ခဏငှားလေ၊ အသည်းစွဲလည်း နည်းနည်းပါးပါး သတင်း



www.burmeseclassic.com

www.burmeseclassic.com



လေးဘာလေး သွားမေးဦးလေဗျာ"

"အင်းပါ ဖွဲ့ကိုကြည့်နိုင်းလိုက်ပါ့မယ်"

"သူကပြောနေတယ်၊ ဂျပန်မှာ ငါးနှစ်ကျော်ကြာတာတောင် တစ်ခါမှမဖျားဖူးဘူးတဲ့၊ အခု ကိုကိုခြံထဲလာနေမှ ဖျားတာတဲ့"

"အင်းပေါ့၊ ဒါဆို ကိုကို့အပြစ်ပေါ့"

"သူ့ကို ဆေးခန်းမပြဘူးလား"

အသည်းဖွဲ့က စိုးရိမ်စိတ်ကလေးဖြင့် မေးမိ၏။

"ညကတည်းက ဖျားလာတာ၊ ကျွန်တော်လည်း သွားနိုင်းတာပဲ၊ မသွားတာတော့ မတတ်နိုင်ဘူး"

"ကိုကို့သူငယ်ချင်းတ ခေါင်းမာမာ ပေကတ်တတ်ရှစ်ကြီး၊ ထင်သားပဲ"

ယမင်းဦးက မှတ်ချက်ချသည်။ ဖွဲ့ကတော့ ဒီလိုမထင်။ သူငယ်ချင်းညီရဲ့ အိမ်မှာလာနေခိုက် အလုပ်ရှုပ်မှာစိုးလို့ ဒီတိုင်းဇေကပ်နေတာပဲဖြစ်မည်။

ကိုယ့်မိသားစုရဲ့ နွေးထွေးပြီး ပြည့်စုံတဲ့ အရသာကိုတော့ ဘယ်မှာမှ မရနိုင်ပါ။ ဖွဲ့လည်း အခု ဒီမှာလာနေမှသိတာ။ ကိုကြယ်





တစင်းကိုလည်း ကရုဏာသက်မိပါ၏။

ကိုအာကာ ပြောပြတာတော့ ကြယ်တစင်းဒက်ဒီက ဂျပန်မှာတဲ့။ အစ်မကလည်း စင်ကာပူမှာတဲ့။ ကြယ်တစင်းနဲ့ ဖြိုးလင်းရောင်သာ ဒီကိုပြန်လာတာတဲ့။

ဒီတော့ သူ့မှာ မိသားစုရယ်လို့ ရန်ကုန်မှာ ဘယ်သူမှမရှိတော့ အပေါင်းအသင်းတွေနှင့် ဖြစ်သလိုနေရှာတာ။

အာကာက နှုတ်ဆက်ပြီး ထွက်ခွာသွားလျှင် ယမင်းဦးက ဖွဲ့လက်ထဲက ရေပိုက်လာပြန်ဆွဲရင်း...

"နင်သွားကြည့်လိုက်ဖွဲ့"

"ဟင် ဦးပါလိုက်ခဲ့လေ"

"ဒါလေးတွေပြီးအောင် ဆက်လောင်းလိုက်မယ်၊ ချောက်ဖက်က အပင်တွေလည်း ကျန်သေးတယ်၊ နေပူရင် အပင်ရေလောင်းရတာ မလွယ်ဘူးတဲ့၊ နဂိုကမှ ငါ့အသားကညိုတာ"

"မည်းပြီးပြာတာပါ"

"ထားပါ၊ ပြောရက်တယ်ပေါ့၊ သူ ကြယ်တစင်းက အသားဖြူတော့ ပြောအားရှိတာပေါ့၊ ကဲ ကဲ မြန်မြန်သွားပြီး ပြုစုလိုက်ပါဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"စွဲ ချိုလေးကို အဖော်ခေါ်သွားမယ်"

"လိုက်ရင်ခေါ်ပေါ့"

ချိုမြိန်နွေးမလိုက်မှာ ယမင်းဦးက သိနှင့်ပြီးသားပါ။ စွဲ အိမ်ထဲဝင်လာတော့ ချိုလေးက အခန်းထဲမှာ ရေချိုးဖို့ ထဘီရင်လျား လေးနှင့် ဖြစ်နေပြီ။

ဟိုဖက်ခြံ ခဏလိုက်ခဲ့ဆိုတော့ ခေါင်းယမ်းသည်။

"ကိုကြယ်တစင်း နေမကောင်းလို့တဲ့"

"နေမကောင်းတာများ ဆေးခန်းသွားနိုင်းလိုက်ပေါ့"

ချိုလေးပြောပုံက ပစ်စလက်ခတ်။ စွဲကတော့ ဒီလိုမတွေး နိုင်ပါ။ သူ့ခမျာ နေထိုင်မကောင်းတဲ့အချိန် စားရေးနေရေးကလည်း ခက်နေသေးတာလေ။ ကိုအာကာတို့က ယောက်ျားလေးတွေပဲမို့ သူစားချင်တာ ဝယ်ပေးကောင်းဝယ်ပေးမည်။ ဒါကလည်း အပြင် က အစာတွေမို့ ဒီအချိန်မှာ စားဖို့မသင့်တော်။

အသည်းစွဲသည် ချိုမြိန်ကို အဖော်ခေါ်၍ မရသောအခါ သူမဘာသာ မီးဖိုချောင်ဝင်လာပြီး ဟိုတစ်နေ့က ဝယ်ထားတဲ့ ငါးရံ့ခုတ်ပြီးသား ဆားနယ်ပြီးသားလေးကို ရေခဲသေတ္တာထဲက ထုတ်သည်။





ပြီးတော့ စွဲတို့နေမကောင်းတဲ့အခါ မေမေလုပ်ပေးနေကျ အတိုင်း ငါးရံ့ဆန်ပြုတ်မွှေးမွှေးလေး ပြုတ်လိုက်သည်။ ဆီချက်နှင့် ကြက်သွန်မြိတ်တလေးပါ ထည့်သည်။ ထမင်းချိုင့်နှင့်မို့ ခဏနှင့် ကျက်သွားပါသည်။

ပြီးတာနှင့် ချိုင့်ထဲထည့်ကာ ဟိုဖက်ခြံသို့ ကိုယ်တိုင်သွား ပို့သည်။

စွဲ ခြံထဲဝင်လာတာမြင်လျှင် ဆောက်လက်စတိုက်ထဲမှ အလုပ်သမားတချို့က လှမ်းကြည့်သည်။ မနက်စောပိုင်းမို့ လူစုံ အောင်မရောက်သေး။ တူထုသံ၊ သံရိုက်သံတွေလည်း မကြားရ သေးပေ။

ဖြိုးလင်းရောင်က အသည်းစွဲကိုမြင်လျှင် "ဟာဝ်"

"ဟာ အတော်ပဲဗျို့၊ ဟိုကောင်နားထိုင်၍ ဟိုကောင် နဲ့ မနက်ကတည်းက ဗိုက်မဖြည့်ရသေးဘူး၊ ကု လက်ဖက်ရည်ဆိုင် ခဏလိုက်သွားဦးမယ်နော် အခုပဲ ကိုဖိုးချစ်နဲ့

ဖြိုးရောင်က ဖိုးချစ်စက်ဘီးရဲ့ ကယ်ရီယ လိုက်ပါသွားသည်။ ကားကလည်း အာကာယူသွားပုံလားကြည့်တာ ထား။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်အားကိုးရတဲ့ လူနာစောင့်ပါမဲ့။ လှစ်ခနဲပါသွား
လေပြီ။

အသည်းစွဲက လက်ထဲမှာ သုံးဆင့်မယ်လမင်းချိုင့်ကလေး
နှင့် သစ်သားအိမ်ပေါ်သို့ မရဲတရဲတက်လာရသည်။

"ကိုကြယ်တစင်း"

နှုတ်ကလည်း တိုးတိုးခေါ်မိ၏။

ထူးသံမကြားရ။ သူအိပ်ပျော်နေသည်ထင်ပါရဲ့။

စွဲသည် ချီတုံချတုံနှင့် လှေကားရင်းလေးမှာပဲ ရပ်နေမိ

ရောက်မှတော့ မထူးပါဘူး။

"ကိုကြယ်စင်း"

နဲ့

သူတို့ခေါ်သလိုပဲ ကြယ်စင်းဟု ထပ်ခေါ်လိုက်သည်
ခက်နေ

သူစားချင်တာ ခန်းလေးမှာပဲ မွေ့ရာပါခင်းကာ သူက စောင်ခြုံကွေးနေ

က အစာတွေမို့ ဒီး

အသည်းစွဲသ ပ်ပျော်နေရင်လည်း မနှိုးတော့ပါဘူးဟု စွဲတွေး

သူမဘာသာ မီးဖိုချေ သော ချိုင့်နှင့် သာမိုမီတာ ဖန်ဘူးလေးကို

ငါးရံ့ခုတ်ပြီးသား ဥ်မှာပဲ ကြယ်တစင်းက ဖျတ်ခနဲ မျက်လုံးဖွင့်လာ

ထုတ်သည်။





"ဟောဗျာ အသည်းလေး"

သူက စွဲကိုမြင်တော့ တအံ့တသြ ငုတ်တုတ်ထထိုင်၏။
သူ့ဆံပင်တွေက နောက်ဖက်မှာ စည်းနှောင်ထားတာ ပြေကျနေ
သဖြင့် ဘုတ်သိုက်ဖြစ်နေရာ သူက လက်ဖဝါးဖြင့် သပ်တင်လိုက်
သည်။

ဆွယ်တာအင်္ကျီ အပြာဖျော့နှင့် ချည်သောင်းဘီအစင်း
အဖြူရောင်ကို ဝတ်ထားသော သူ့သဏ္ဌာန်နွမ်းနွမ်းဟာ နေမကောင်း
တဲ့ပုံဆိုပေမယ့် ပြေပြစ်တင့်တယ်သော ရုပ်ဆင်းအင်္ဂါက အထင်း
သားပင်။ သူ့ရဲ့ ရှင်းသန့်ခန့်ညားသော ဥပမိရုပ်က ဖိုသီဖတ်သီ
ဖြစ်နေတဲ့အထဲကပင် ပေါ်လွင်နေသေးသည်။

"ရှင်အဖျားကြီးနေတယ်မို့လား၊ မျက်နှာတွေရဲနေတာပဲ"

"အသည်းဘယ်လိုရောက်လာတာလဲ၊ ဟိုကောင်
ကြီးရောင်ရော"

"လက်ဖက်ရည်ဆိုင်သွားမယ်ဆိုပြီး အခုပဲ ကိုဖိုးချစ်နဲ့
လိုက်သွားတယ်"

"ဟုတ်လား၊ အသည်း ကျွန်တော့်ကိုလာကြည့်တာ
သား"



www.burmeseclassic.com

www.burmeseclassic.com



"ဆန်ပြုတ်လာပို့တာပါ"

"ထိုင်ပါဦး အသည်းလေးရာ"

"ရှင်နော်၊ ကျွန်မကို ဘာကြောင့် အသည်းလေး
လျှောက်ခေါ်နေတာလဲ၊ သူများတွေကြားရင် ရှာစ်မျိုးထင်မှာပေါ့"

စွဲက သူ့ကို ခပ်ကြိမ်းကြိမ်းလေး မျက်လုံးပြူး၍ ဟန်
သည်။

"ချစ်လို့ခေါ်တာ"

"တော်ပြီ ပြန်မယ်"

"နေပါဦး"

"ဒီမှာ ရှင်အဖျားတိုင်းဖို့ သာမိုမီတာ"

"တိုင်းမနေနဲ့၊ ထောင့်ငါးရာပဲ"

သူက ရွှတ်နောက်နောက်အပြောကို မလျှော့သဖြင့် စွဲ
မျက်စောင်းရွယ်သည်။

"ညက ကျွန်တော် ဖုန်းခေါ်တာ ဘာလို့မပြောတာလဲ"

"ကိုအာကာနဲ့ ဦးနဲ့ ပြောနေတာမို့လား"

"ကျွန်တော် အသည်းကိုခေါ်သေးတယ်လေ"ဟု

"မပြောချင်ပါဘူး၊ ပြောစရာမှမရှိတာ"





သူက နှုတ်ခမ်းကို တင်းတင်းစေ့ကာ အသည်းစွဲကို
တည်တည်ကြီး စိုက်ကြည့်လိုက်လျှင် စွဲ ရင်ခုန်သံတို့ လူမမှန်
င်တော့ပေ။

"ဒါက စိတ်ဆိုးတဲ့ရုပ်ကြီးပေါ့"

သူမရဲ့ ချော့မော့သလို ပြုံးစစလေးမေးလိုက်ဟန်ကြောင့်
ကြယ်တစင်းရင်ထဲ မချင့်မရဲ ဖြစ်သွားရသည်။

သူမနားသို့ တိုးကပ်သွားမိကာ

"စိတ်ဆိုးတာမဟုတ်ပါဘူး၊ အသည်းလေးက စကား
ပြောစရာမရှိဘူးဆိုလို့ စိတ်မကောင်းဖြစ်မိတာပါ"

သူ ဒီလိုတယုတယ ပြောတော့လည်း အသည်းစွဲနှလုံး
အားတို့က ယိုင်နဲ့အရည်ပျော်ချင်လာရသည်။

"ကဲပါ အဖျားတိုင်းကြည့်ရအောင်"

စွဲက စကားလွှဲပြီး ပြဒါးတိုင်လေးထုတ်ယူလိုက်၏။

သူက နာခံစွာပါးစပ်ဟာပေးတော့ လျှာဖျားအောက်သို့
သာမိုမီတာလေးထည့်ကာ စွဲက လက်ကနာရီလေးကို ဟန်ပါပါ
ကြည့်နေသဖြင့် ကြယ်တစင်းက ချစ်စနိုးငေးနေမိသည်။ ကြင်နာ
တတ်တဲ့ ဆရာဝန်မလေးတစ်ယောက်နှင့်ပင် တူနေပါသေး၏။



www.burmeseclassic.com

www.burmeseclassic.com



သူခဝတ်ထားတာက ခေါင်းဆောင်းပါတဲ့ စပို့ရှပ်လက်ရှည်ဝန်းနုရောင်လေး။ စကတ်ကလည်း အသားပျော့ပျော့ ပန်းနုရောင်အရှည်လေးပါပဲ။ ချစ်စဖွယ်ကောင်းသော မျက်နှာနုနုလေးမှာ အဝတ်အစားနှင့် အရောင်ဟပ်ကာ ပန်းနုသွေးပြေးနေသည်။

နက်ရှုန်းသော မျက်ခုံးကျယ်ကျယ်နှင့် မျက်တောင်ကော့ကော့လေးတွေက ဘယ်လိုကြည့်ကောင်းမှန်းမသိ။

အနီးကပ်ကြည့်မိတော့မှ သူမပိုလှနေတာသိရသည်။

"ကြည့်ဦး သူကိုယ်သူ အများမရှိသလိုလို့နဲ့ ဒီမှာကြည့်၊ ဟန်ဒရက်အင်ဝမ်းရှိတယ် တွေ့လား"

စွဲက ပြဒါးတိုင်လေးကြည့်ကာ ပြနေသေးသဖြင့် သူက အခွင့်အခါကို လက်လွှတ်မခံဘဲ သူမနှင့် ခေါင်းချင်းဆိုင်ဝင်ကြည့်လိုက်သည်။

"ဘာကိုကြည့်တာလဲအသည်း၊ ကျွန်တော်မကြည့်တတ်ဘူး"

"ဒီမှာလေ ဒီရောင်ပြေးလိုင်းကလေး"

"ဪ"

ကြယ်တစင်းက စကားရောဖောရောနှင့် သူမပခုံးကလေး





ကို မသိမသာ ဖက်လိုက်သည်။

"ရှင်နော် ဒါကဘာလုပ်တာလဲ"

အသည်းစွဲက ရိုပ်မိသွားပြီး မျက်စောင်းလှဲလှဲနှင့် သူ့လက်ကို ပခုံးစွန်းပေါ်မှ ပြန်ဖယ်ချသည်။

ရင်တွေကလည်း ပေါက်ကွဲမလို ဆူညံဝုန်းဒိုင်းကျဲသွားရပါသည်။

နွေးထွေးသော သူ့ရင်ငွေ့ဟာ စွဲထင်နေသလို လွယ်လွယ်ရှောင်ရှားဖို့မဖြစ်နိုင်။

အစကတည်းက သူနှင့်ပတ်သက်ရင် စွဲက အရှည်မျှော်တွေးတတ် နှစ်သက်နေရတာ။

လာမိတာတော့ မှားပြီလားမသိ။

"ကြင်နာတတ်တဲ့ ကောင်မလေးကို ပိုပိုချစ်လာလို့ ကျွန်တော့်ရင်ထဲမှာ မဆန့်တော့ဘူး၊ အဖြေပေးတော့ကွာ မစဉ်းစားနဲ့တော့၊ အသည်းလေးရင်ထဲမှာ ရှိတဲ့အတိုင်းပဲဖြေပါ၊ ကျွန်တော့်ကို ချစ်တယ် မဟုတ်လား"

"ဟင့်အင်း"

စွဲရဲ့ငြင်းဆိုသံလေးက မှုမမှန်ဘဲ စိတ်လှုပ်ရှားတုန်ယင်

www.burmeseclassic.com

www.burmeseclassic.com



နေတာ သိသာသည်။

သူက မြန်းဆို ပခုံးကာဆုပ်ကိုင်ပြီး စွဲမျက်လုံးထဲ ခုံကြည့်အဖြေရှာသည်။

မြတ်နိုးမှုတွေ ပျော်ဝင်နေးညှိနေသော သူ့အကြည့်စူးရဲရဲကို စွဲ ရင်မဆိုင်ရဲ။

"ချစ်လား"

တိုးဖွဖွသူ့အမေးကို စွဲ မဖြေရခင် သူက သဘောပေါက်သွားဟန်ရှိပါသည်။ စွဲကို ရင်ခွင်ထဲ တင်းကြပ်အောင် မြန်းခနဲ သိမ်းဖက်ပစ်လိုက်၏။

"အို"

အသည်းစွဲမှာ အလန့်တကြားလေးဖြစ်သွားရသည်။ အပျိုစင်အရိုင်းလေးမို့ ပထမဦးဆုံး အတွေ့အကြုံက သူ့မနလုံးသားအစုံကို သိမ့်သိမ့်ခါသွားစေသည်။

"စွဲကိုလွှတ်"

"ချစ်လားပြော"

"အင်း"

"တကယ်လား"





"ချစ်ခြင်းမေတ္တာဆိုတာ အသွားနဲ့အပြန် အတွဲ့အလှယ်ရှိတာပဲကွာနော်၊ အသည်းလေးကို မောင့်ဖက်က ဒီလောက်ချစ်နေတာ"

သူက စွဲ ခေါင်းညိတ်လိုက်ပြီမို့ ပိုရှုပ်ပင် မချင့်မရဲ တိုးဖက်လိုက်ပါသည်။ ပါးချင်းလည်း ကပ်ထားသည်။ မြတ်မြတ်နိုးနိုးနှင့် လည်တိုင်လေးပေါ်သို့လည်း အနမ်းခြွေသည်။

"ဝမ်းသာလိုက်တာဗျာ၊ မောင့်အတွက် ဒီနေ့က အမှတ်တရပဲ၊ အသည်းလေးနဲ့ ချစ်သူဖြစ်သွားပြီမို့"

"အို ဘာလို့လျှောက်အော်နေတာလဲ"

"ကြေညာနေတာ"

"ဘာမှန်းလည်းမသိဘူး"

စွဲက ရှက်စနိုးဟန့်တားမိ၏။ သူကတော့ စွဲကို သူ့ရင်ခွင်ထဲမှ မလွှတ်တော့ပါ။ အသည်းစွဲရင်မှာလည်း ဒီလောက်ထိ တစ်ခါမှ ရင်ခုန်ကြည်မွေ့ရတာ မရှိဘူးပါ။

ချစ်သူရင်ခွင်မှာ နားခိုခွင့်ရလိုက်တာဟာ တကယ့်ကို ပြီးပြည့်စုံခမ်းနားခြင်းပါပဲ။

ပူနွေးသော သူ့နှုတ်ခမ်းလေးတွေ တယုတယနှင့် ထိတွေ့



www.burmeseclassic.com

www.burmeseclassic.com



လာသောအခါ စွဲ ဘယ်လိုမှ မငြင်းဆန်နိုင်ဘဲ ကြည်နူးစွာ တုံ့ပြန်မိသည်။

အသည်းစွဲလည်း ရှင့်ကို အရမ်းချစ်ပါတယ် ကြယ်တစင်းရယ်။

❀ ❀ ❀

ရက်ပိုင်းကလေးအတွင်းမှာ အသည်းစွဲပုံစံတ မယုံနိုင်အောင် ချက်ချင်းကြီး ပြောင်းလဲသွားပါသည်။

ချိုမြိန်က သူ့အစ်မကိုကြည့်ပြီး အံ့သြနေသည်။

သူ့စိမ်းယောက်ျားတစ်ယောက်ကို ဒီလောက်မြန်မြန်ဆန်ဆန်ကြီး စွဲလမ်းချစ်မြတ်နိုးသွားလိမ့်မည်ဟု သူမ ဘယ်တုန်းကမှ မထင်။

မေမေ့ကို ဆန့်ကျင်ကြဖို့ နှစ်ယောက်သား လက်တွဲညီညီ ခေါင်းတင်မောင်းတင် အတူထွက်လာခဲ့ပေမယ့် အခုတော့ စွဲက ဗျတ်ခနဲ လက်တွဲဖြုတ်လိုက်ပြီ။

စွဲပုံစံကိုက ကြယ်တစင်းထံမှာ နက်နက်ရှိုင်းရှိုင်းကြီး ပျော်ဝင်နေလေပြီ။

ညဆို မဦးတစ်နေ့ရာ၊ သူတစ်နေ့ရာ ဖုန်းတွေပြောနေလိုက်





www.burmeseclassic.com

www.burmeseclassic.com



ကြသည်မှာ သန်းခေါင်လွဲကျော်တဲ့အထိပင်။ ဖုန်းဘက်ထရီကုန်မှပဲ မဝင်ချင်ဝင်ချင် အိပ်ရာဝင်ကြသည်။

ကြည့်လေ မေမေပြီးတော့ မမ။ အချစ်ကို လျှင်မြန်စွာ ရှာတွေ့သွားကြပြီ။

ချိုမြိန်နွေးရင်မှာ မနာလိုသဝန်တို နမြောစိတ်တို့နှင့် ပူလောင်ပျာယာခတ်နေရသည်။

သူမရဲ့အနာဂတ်အကြောင်းကိုလည်း အလန့်တကြား တွေးမိလာသည်။

"စွဲ နင်တို့ ချစ်သူတွေဖြစ်သွားကြပြီလား"

ချိုမြိန်နွေးရဲ့ မေးခွန်းကို အသည်းစွဲက ချက်ချင်းမဖြေ။ တကယ်တော့ ချိုလေးလည်း ရိပ်မိမှာပါ။ သေချာအောင်သာ ထပ်မေးနေတာ။

စွဲ ဘယ်လိုဖြေရမှာပါလိမ့်။..

ကံကြမ္မာရဲ့ တွန်းပို့စေစားချက်တွေက အံ့မခန်းပါပဲ။

ခုချိန်မှာတော့ စွဲရင်မှာ မောင်မှမောင်ပါပဲ။

ချိုလေး စိတ်ဆိုးတာလောက်တော့ အသေးအဖွဲ။

စွဲတို့အချစ်ရေးကို သိကြားမင်းဆင်းတားတောင် တားလို့





ရမည်မထင်တော့ပါ။

စွဲတို့နှစ်ယောက်ဟာ တစ်နေ့မတွေ့ရရင် မနေနိုင်။

တစ်နေ့လုံး မြင်တွေ့နေရတာတောင် အချိန်တွေက အကုန်မြန်လွန်းပြီး တွေ့လို့မဝကြပေ။ ညကြီးမင်းကြီး ဖုန်းပြောကြသည်မှာလည်း မပြီးနိုင် မစီးနိုင်တော့။

ဘေးလူတွေလည်း အမြင်ကတ်စရာကောင်းပြီထင့်။ ဦးအေအေက စတိုးဆိုင်သွားနေရတာမို့ စွဲ ရည်းစားရေးရာအကြောင်းကို သေချာ

ချိုလေးကလည်း ပြန်ပြီး အတို့အဟောင်းကိုလွမ်းတော့ တော်သေးသည်။

ချိုလေးသည် စွဲအပေါ် စိတ်ကောက်ပြီး စကားကိုပင် ဟက်ဟက်ပက်ပက် မပြောတော့ချေ။

အသည်းစွဲမှာ ချိုလေးကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရသည်။

ဒီကနေ့လည်း မြန်ချင်တော့အောင် ဖြစ်မိသည်။

အသည်းစွဲရော ကြယ်တာစရိုးရောဟာ အိမ်ပြန်ကြဖို့ စကားတွေမစကြ။ နီးနီးစပ်စပ် အနေအထားလေးကို လက်မလွှတ်ချင်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



သည်အထဲမှာ မဦးက အာကာနှင့် ချစ်နေကြပြီဆိုတာ သူ့အမေ အန်တီဝေကို ဖွင့်ပြောခွင့်တောင်းပြီး စေ့စပ်ထားပေးဖို့ တောင်းဆိုမှုတာပါသည်။

ဒီလိုနှင့် အာကာ့မေမေ ရောက်လာပြီး ယမင်းဦးတို့အိမ်မှာလည်း စေ့စပ်ပွဲကလေး ကျင်းပဖြစ်သွားဘသည်။

အဲဒီနေ့က စွဲတို့ ပိုပျော်ကြ၏။

ချိုမြိန့်မျက်နှာလေးမှာတော့ ပျက်သထက်ပျက်နေသည်။

မြိုးရောင်က သူမရယ်ရအောင် ရယ်စရာတွေ လျှောက်ပြောပေး၏။

စွဲနှင့် ကြယ်တစင်းလည်း အတွဲဖြစ်သွားပြီဆိုတော့ မြိုးရောင် မျှော်လင့်ချက်တွေက ပိုပြီးရှင်သန်တက်ကြွလာသည်။

သူသည် ချိုလေးကို မျက်စေ့အောက်က အပျောက်မခံဘဲ တရံမလပ် မြတ်နိုးစွာ ကြည့်နေခဲ့သည်။

ချိုမြိန့်မွေးဖက်ကသော မတုန်မလှုပ်ဖြစ်နေတာ။ သူ့ ပူပူ သလဲ သဘောတွေအကျုံးကြီး ကျနေတာ ဘေးကလူတွေက ရိပ်မိပြီး ရယ်လည်းရယ်ကြ အားလည်းပေးကြ။

ချိုလေးအလစ်မှာ ယမင်းဦးနှင့် အသည်းစွဲက ကြိတ်တိုင်





ပင်ကြရ၏။

"စွဲ ကိုမြိုး သနားပါတယ်နော်၊ သူ ချိုလေးကို တော်တော်ကြီးကြွေနေတာဟ၊ ချိုလေးဖက်က ပြန်ကြိုက်နိုင်ရင် သိပ်ကောင်းမှာပဲ၊ နင်ရော ဘယ်လိုထင်လဲ"

"သူက စိတ်ထဲက ကြိုက်ချင်ရင်တောင် ငါ့ကိုကဖျက်ကယက်လုပ်ချင်သေးတော့ ဘယ်ပြန်ကြိုက်မလဲ"

"အင်း ဟုတ်တယ်၊ အဲဒါဘယ်လိုလုပ်မလဲ"

"စွဲလည်းမသိဘူး၊ စွဲ ဝင်ပိုရင်တော့ သူ့အော်လွှတ်မှာ သေချာတယ်၊ နဂိုကတည်းက စွဲကို မကြည်တာ"

"အင်းလေ နင်ကလည်း ချိုလေးနဲ့မှ ကြိုမတိုင်ပင်ပဲ"

"ငါလည်း ဒီလိုမှန်း ကြိုမမျှော်လင့်မထားတာ"

"ကိုကြယ်စင်းက နင့်ကို တအားချစ်တာပဲနော်"

ယမင်းဦး အပြောလေးကြောင့် စွဲ နှုတ်ခမ်းလေးတွေ ကြည်နူးစွာ ပြုံးလာရသည်။

သူက စွဲမျှော်မှန်းထားတာထက်ပင် စွဲကို ပိုမြတ်နိုးဂရုစိုက်ပါသေးသည်။

ရရှိထားသော ချစ်သူအတွက် ကျေနပ်ဂုဏ်ယူစိတ်ရှင်သော



www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။

အခုတော့ မေမေ့အပေါ်လည်း ကိုယ်ချင်းစာတတ်သွားခဲ့ရပါပြီ။

စွဲတို့ကို ခွင့်လွှတ်ပါနော် မေမေ။

ကိုယ့်အချစ်ရေးမှာ သွေးသားရင်းချာတစ်ယောက် မကြည်ဖြူတာဟာ အဲဒီလူအတွက် စိတ်မိုးရတဲ့ အချက်တစ်ချက်ပဲဆိုတာ စွဲ နားလည်ပါပြီ မေမေ။

ပြီးတော့ တစ်ရံတစ်ယောက်ကို ချစ်မိဖို့အတွက် နောက်တစ်ယောက်နဲ့ ကြိုတင်တိုင်ပင်ဖို့ဆိုတာလည်း မလွယ်ကူမှန်းသိရပါသည်။

"ဦး"

"ဟင်"

"ငါ မေမေ့ကို ဖုန်းဆက်ပြီး တောင်းပန်ချင်တယ်ဟာ"

"ဆက်လိုက်လေ၊ အန်တီညို ဝမ်းတောင်သာဦးမှာ ချစ်သူတွေ့နေပြီဆိုတာပါ ပြောပြလိုက်ပေါ့"

"အံမယ် အဲဒါတော့ မပြောရဲသေးပါဘူး"

"သူ့အလှည့်ကျတွေ့လား ဟိုတစ်ယောက်လည်း လာပါဦးမယ်၊ မိချိုလေးတော့ ကြည့်နေဦး"

"ချိုလေးက ကလေးဆန်ပါတယ်"

"နင်ရော ကိုဖြိုးနဲ့ သဘောတူလား"

"ချိုလေးဖက်က လက်ခံရင် ငါကန့်ကွက်စရာမရှိပါဘူး၊ အောင်ကလည်း ဖြိုးရောင်က လူကောင်းတစ်ယောက်ပါလို့ အာမခံထားပဲဥစ္စာ၊ မောင်နဲ့သူက ဟိုမှာကတည်းက အတွေ့တူနေလာတဲ့ အကြောင်းသိချင်းပဲ"

"ဟဲ့ အကြောင်းသိဆိုလို့ ပြောရဦးမယ်၊ ကိုကိုက ပြောတော့ ကိုကြယ်စင်မှာ သူပိုင်ဝယ်ထားတဲ့ ကွန်ဒိုမိနီယံတိုက်ခန်း ရှိတယ်တဲ့၊ အဲဒါ နင်သိလား"

"ဟင့်အင်း မမေးမိသေးဘူး"

"နင်တို့တော့ လက်ထပ်ပြီးရင် အဆင်ပြေပြီ၊ နေစရာ အတွက် မပူရတော့ဘူး၊ နင်က ပထွေးနဲ့ တစ်အိမ်တည်းမနေချင်ဘူးဆိုတော့ အတော်ပဲပေါ့၊ အခု ကိုကြယ်စင်က ဖုန်းလည်းဝယ်ထားပြီနော်၊ နင်လည်း ရည်းစားရကံကောင်းတယ်လို့ ပြောရမှာပဲ"

ယမင်းဦးက လူကြီးမလေးလို တွက်ချက်တတ်နေသည်။




မိုးမိုး - တပေ

www.burmeseclassic.com

www.burmeseclassic.com



သူလည်း ခေါ်စပ်ထားပြီမို့ သိပ်မကြာခင် လက်ထပ်ကြမည့်သူဆို တော့ နေရေးထိုင်ရေးတွေအထိ စဉ်းစားနေပြီထင်သည်။

စွဲက ဒီလောက်ထိ မတွေးရသေးပါ။

"သူ့မှာ ကွန်ဒိုတိုက်ခန်းရှိရင် သူကဘာလို့ ကိုအာကာနဲ့ လာနေတာလဲ၊ သူ့အခန်းက ငှားထားလို့လား"

"မငှားပါဘူး၊ ဒီအဝိုင်း လော့ခ်လုပ်ထားတယ်လို့ ပြော တာပဲ"

စွဲက မျက်မှောင်လေးကုပ်ကာ စဉ်းစားမိသည်။

"သူက ဒီတိုင်းအပျော်လာနေတာပေါ့၊ ဟုတ်လား"

ယမင်းဦးက စွဲမျက်နှာကို စေ့စေ့ကြည့်ရင်း ပြောရကောင်း နိုး မပြောရကောင်းနိုး တစ်ချက်စဉ်းစားဟန် ပြုနေပြီးမှ…

"ကိုကိုကတော့ ပြဿနာတစ်ခုခုရှိမယ်ထင်တယ်လို့ ပြော တယ်၊ နင်တို့က ချစ်သူချင်းပဲ နင်မေးကြည့်ပါလား၊ ဘာပြဿနာ လည်းဆိုတာတော့ ငါမသိဘူး"

စွဲက တွေတွေဝေဝေလေး စဉ်းစားရင်း ခေါင်းဆတ်မိ

စွဲကိုယ်တိုင်လည်း မေမေ့အကြောင်းတွေ ပြောမပြချင်သေး၍ ဒီမှာ မဦးနှင့် အပျော်သဘော လာနေသယောင်ယောင်ပဲ





မျှောထားတာ။

ကိုယ့်ကို မမေးစေချင်တဲ့အတွက် သူ့ကိုလည်း ဘာမှ မမေးဘဲ ဒီတိုင်းလေး အလိုက်သင့်လိုက်လျောညီထွေ နေနေမိတာ ပါပဲ။

အခုတော့ သူ့မှာ ဘာပြဿနာတွေရှိနေသလဲ အသည်း စွဲ သိချင်လာခဲ့ပြီ။

တွေ့မှမေးကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

သို့သော် အသည်းစွဲသိချင်သော ထိုအကြောင်းအရာကို မကြာခင်မှာပဲ သိခွင့်ရလိုက်လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

ထိုညနေစောပိုင်းမှာ ရေမချိုးခင် ခြံထဲဆင်းပြီး တင်းနှစ်အပျင်းပြေရိုက်ဖို့ စတင်စိတ်ကူးရသူမှာ ယမင်းဦးပဲဖြစ်သည်။

"တင်းနှစ်ရိုက်ရအောင်၊ အားကစားလည်း ဖြစ်တာပေါ့၊ ငါနဲ့ကိုကိုနဲ့ အမြဲကစားနေကျသိလား"

ယမင်းဦးရဲ့ အစီအစဉ်ဖြင့် အသည်းစွဲနှင့် ချိုမြိန်နွေးကလည်း အားကစားဝတ်စုံ ထရက်စ်စုလေး လဲလှယ်ဝတ်လိုက်သည်။

အသည်းစွဲဝတ်တာက ခွယ်တာလေးလို အထက်အောက်တီရှပ်နှင့် ဘောင်းဘီရှည် လှိုမွှော်ရောင်ပေါ် သားလိုင်းအမဲစင်းလေးပါတဲ့ဝတ်စုံ။

ချိုမြိန်က ရိုးရိုးတီရှပ်ဖြူနှင့် ကျွာတားဘောင်းဘီအပွအသားရောင်။ ယမင်းဦးကတော့ သူ့ဆံပင်ရှည်ရှည်ကို သေချာကိုတေးစည်းနှောင်ပြီး တီရှပ်အနက်၊ ဘောင်းဘီရှည်အနက်နှင့် ထင်းလင်းနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်က လူကိုလည်း ပိန်သွယ်စေသည်။ အသားအရေကိုလည်း ဖြူဝင်းစေသည့်မို့ ယမင်းဦးရဲ့ အကြိုက်ပဲဖြစ်သည်။

ယမင်းဦးက မိန်းကလေးသုံးယောက်ထဲမှာ သူမအလှဆုံး မဖြစ်နိုင်ရင်တောင် ဆွဲဆောင်မှုရှိတဲ့သူတော့ ဖြစ်ချင်သည်။

ချိုလေးကတော့ ဘာဘာညာညာ ဒသိပ်မစဉ်းစား။ တစ်ယောက်တည်း အခန်းအောင်းနေရမှာ ပျင်းလို့သာ တင်းနစ်ဘောလုံးလေးကိုင်ပြီး ဆင်းလာခဲ့တာ။

စွဲကတော့ မောင်ရောက်လာမှာမို့ ကြိုတင်ရုံးခုန်နှင့်သည်။

တစ်ခဏအကြာမှာ သူတို့သုံးယောက်လည်း ရောက်လာကြသည်။

အဝေးကနေပင် တစ်ဦးကိုတစ်ဦး မြတ်နိုးစွာ ပြုံးကြည့်နေမိ၏။ မောင်ဝတ်ထားတာ စပို့ရှပ်ဖြူဆွတ်ဆွတ်နှင့် ခဲရောင်ဘောင်းဘီရှည်။ မောင့်ပုံစံက ဘယ်အချိန်ကြည့်ကြည့် ရှင်ပျလန်းဆန်းစွာ ကြည့်ကောင်းနေသည်။

အရင်ဦးဆုံး ပိုက်တန်းချည်ပြီးတာနှင့် ဟိုဖက်ဒီဖက် နေရာယူလိုက်သည်မှာ အာကာနှင့် ယမင်းဦးဖြစ်သည်။

ဖြူးရောင်နှင့် ကြယ်တစင်းက တမင် အာကာ့ကို အရင်တွန်းလွှတ်တာ။ ဒါမှ ကြယ်တစင်းကလည်း စွဲနှင့် စကားပြော





ပြောလို့ရမည်။ ဖြူးရောင်ကလည်း ချိုမြိန်မျက်နှာလေး တိတ်တဆိတ်ငေးလို့ ရမည်မဟုတ်လား။

ဒါပေမဲ့ ခြံပြင်ဖက်မျက်နှာမူကာ တန်းစီထိုင်နေကြတဲ့သူတို့ဟာ လမ်းထဲ ဖြည်းဖြည်းပတ်ရှာနေတဲ့ ကားမ်ဖရီနက်ပြာရောင်ကို လှမ်းမြင်သည်။

ယမင်းဦးတို့အိမ်က ဒရိုင်ဘာက ကားကို အပြင်လမ်းမကြတ် ထုတ်ဆေးရင်း ခြံတံခါးပါ ဟင်းလင်းဖွင့်ထားတာကြောင့် ဦးရှေ့ရပ်လိုက်သော ကားလေးက သူတို့မျက်စိထဲ တန်းဝင်လာခဲ့တာဖြစ်သည်။

ဟောတော့...

ဦးလမင်းဇော်ကားပဲလား။

စွဲကို ချိုလေးက လက်ကုပ်သည်။ ပြန်ခဲ့ပါ့မယ်စွဲပြောထားသည့်အတိုင်းစွာ မမေကိုယ်တိုင်လာခေါ်ပြီလား။

ကားဆီ အလန့်တကြား ကြည့်မိဆဲမှာ မောင်းသူဖက်ကတံခါးပွင့်လာပြီး ဦးလမင်းဇော် ဆင်းလာသည်။

ရှပ်လက်ရှည် မီးခိုးနုစတိုင်လ်ဝင်နဲ့ မီးခိုးရင့်နှင့် သူဟန်ကကြည့်လိုက်တာနှင့် ဂျဲတင်းလ်မင်းဆန်နေသည်။

"ဟာ မင်းကိုကြီးလိုက်လာပြီကွ"

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးလင်းရောင်က နံဘေးမှ ကြယ်တစင်းပခုံးကို ပုတ်ကာ ပြခဲ့ ကြယ်တစင်းကလည်း မြင်ပြီးသားပါ။

"ဘာ အဲဒါဘယ်သူ"

အလန့်တကြား ပြန်မေးမိတာက အသည်းစွဲပါ။

ဖြိုးလင်းရောင်က

"အဲဒါ ကြယ်တစင်းအစ်ကိုလေ၊ သူတို့က အသက်အများကြီးကွာတဲ့ ညီအစ်ကိုတွေပေါ့၊ ကြယ်တစင်းက သူ့အစ်ကိုကြီးနဲ့ စိတ်ဆိုးပြီး အိမ်ကထွက်လာခဲ့တာ"

"ဟင် ရှင်ပြောတော့ သူ့မှာ သူ့ဒက်ဒီနဲ့ အစ်မနဲ့ပဲရှိတာဆို ကိုဖြိုးရဲ့"

"ဟုတ်တယ်လေ အစ်ကိုကြီးအကြောင်းကို ကြယ်စင်းက သိပ်မပြောစေချင်လို့ ကျွန်တော်မပြောတာပါ၊ ကိုကြီးက တစ်သက်လုံး လူပျိုကြီးလုပ်လာပြီး အခု ဒီပြန်ရောက်မှ ကလေးအမေ မုဆိုးမ အန်တီကြီးတစ်ယောက်ကို ယူလိုက်လို့ ကြယ်တစင်းက မကျေနပ်တာ၊ ဟာ ဟော့ကောင် ကိုကြီးမိန်းမပါ ပါလာတယ်ထင်တယ်"

ဖြိုးလင်းရောင် စကားမဆုံးခင် ကားရှေ့ခန်းတစ်ဖက်ခြမ်းမှ ဒေါ်မြခွာညိုက ဆင်းကာ ဒီဖက်ကို ဖွဲ့ပတ်လျှောက်လာတာကို မြင်ရသည်။

စွဲရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိ။ ညှို့ခေးမိထား သူလို ငြိမ်သက်စွာ ကြည့်နေမိသည်။

တကယ်တော့ ကြယ်တစင်း ဘယ်မှာနေတယ်ဆိုတာ လမင်းဇော်က နေရပ်လိပ်စာ အတိအကျမသိပါ။

အခုရောက်လာရတာက မိန်းဖြစ်သူခွာညိုက သူ့အမေကြီးတွေကို ပြန်သွားခေါ်ချင်တယ်ဆိုလို့ လိုက်ပို့တာ။ အကြီးမကြွမ်းတဲ့ အသည်းစွဲက အမေလုပ်သူထံ စိတ်ပြေကြောင်း ဖုန်းဆက်တာမှင့် ခွာညိုက ဒီနေ့ပဲ လာခေါ်တော့တာပါ။

"ရှင်တို့ဘာပြောတာလဲ၊ ဘာမုဆိုးမအန်တီကြီးလဲ၊ အဲဒါ ချိုလေးတို့မေမေရှင့်၊ နားလည်ရဲ့လား၊ ပထွေးနဲ့မနေချင်လို့ကို ဒီမှာ လာနေတာ သိရဲ့လား"

"ဟာ"

ချိုမြိန်နွေးရဲ့ အကဲဆတ်ဆတ် ဖြေရှင်းစကားမှာ အံ့အား တသင့် မှင်သက်သွားရသူက ကြယ်တစင်းပဲဖြစ်သည်။

ဟာကွာ ဒါကဘယ်လိုဖြစ်ရတာလဲ။





www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့အသည်းလေးဟာ ဒေါ်မြခွာညို့ရဲ့သမီးတဲ့လား။

ကျွတ်…သွားပါပြီ။

"သမီး အသည်းစွဲ၊ ချိုလေး"

မေမေက သူမတို့ကို အသင့်တွေ့ရတာကြောင့် ဝမ်းပန်းတသာ အော်ဟစ်ခေါ်လိုက်ပါသည်။

ဦးလမင်းဖော်က ကားနားမှာ မယောင်မလည်ရပ်ချိန်နေခဲ့ရာမှ ညီဖြစ်သူ ကြယ်တစင်းနှင့် ဖြိုးလင်းရောင်တို့ကိုပါ တအံ့တဩ လှမ်းမြင်သွားပါသည်။

"ဟာ မင်းတို့က ဘယ်လိုလုပ် ဒီကိုရောက်နေတာလဲ၊ ညို့ ဒါ ကိုဖော့ညီ ကြယ်တစင်းလေ"

"ဟင် ဟုတ်လား"

ယမင်းဦးသည် ခြံထဲလျှောက်ဝင်လာတဲ့ ညှို့သည်စုံတွဲကိုကြည့်ရင်း အန်တီခွာညို့နှင့် သူ့ခင်ပွန်းပဲဆိုတာ သိသွားရကာ အပြေးလေးလာပြီး ပွဲထိန်းလိုက်ပါသည်။ ညှို့သည်တွေကို ညှို့ခန်းဆီသို့ ခေါ်ဆောင်သွားတဲ့အခါ ကြယ်တစင်းနှင့် အသည်းစွဲသည် တစ်ဦးကိုတစ်ဦး မကြည့်ရဲအောင် မျက်နှာတွေပူနေရပါတော့သည်။

* * *



အသည်းစွဲသည် ညစာထမင်းစားပြီးနောက် မိသားစုတွေ ခါတိုင်းလို တီဗွီကြည့်နေကြတဲ့အနားသို့ မသွားတော့ဘဲ အပေါ်ထပ် ကိုယ့်အခန်းကို တက်လာခဲ့သည်။

ကိုယ့်အိမ်ကို ပြန်ရောက်ပြီဆိုပေမဲ့ ရင်ထဲမှာ မပျော်ရွှင်နိုင်ပေ။

မေမေတို့ လာခေါ်တဲ့နေ့က သူ့မျက်စိမျက်နှာပျက်နေပုံကို ပြန်သတိရသည်။

စွဲသည် ကိုယ့်ဘာသာကိုယ် မကျေနပ်မှန်းမသိ ရင်ထဲ တနုံ့နုံ့ဖြစ်နေတာမို့ သူ့ကိုနှုတ်မဆက်ခဲ့ပါ။ ကြယ်တစင်းကလည်း သူ့အစ်ကို ဦးလမင်းဖော်နှင့်သာ စကားပြောပြီး အသည်းစွဲဖက် ကြည့်။ ခပ်တည်တည်မျက်နှာထားနှင့်သာ။

ကားပေါ်တက် ထွက်ခွာသွားတော့လည်း ယမင်းဦးကိုသာ လက်ပြခဲ့သည်။

လူကြီးတွေ မြန်မာစားကြီးရောက်လာသဖြင့် လူငယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောချိန်ပင် မရလိုက်ပါ။ အသည်းစွဲနှင့် ချိုမြိန်နွေးတို့မှာ တင်းနစ်ကစားဖို့ ဝတ်ထားတဲ့ ဝတ်စုံတွေနှင့်ပဲ ကိုယ့်အဝတ်အစား အိတ်တွေ သွားဆွဲကာ ပြန်ချလာခဲ့ကြတာ။

ကြယ်တာစင်းတို့ကရော့ အဲဒီနေ့က အာကာ့အိမ်မှာပဲ ဆက်နေကြသလား၊ ပြန်ပဲပြန်သွားကြပြီလားမသိ။ သူလည်း စွဲဆီ ဖုန်းမဆက်၊ စွဲကလည်း ကိုယ့်မာနနှင့်ကိုယ် တင်းထားကာ ကြယ်တာစင်းဆီ ဖုန်းမဆက်ပါ။

အင်း စွဲတို့ရဲ့ ခွဲခွာခြင်းက ကဗျာမဆန်။ စွဲသည် ဒီလောက ကြီးမှာ ဦးဇော်ရဲ့ညီကိုမှ သွားချစ်မိသတဲ့။

သူလည်း အသည်းစွဲကို ချစ်မိတဲ့အတွက် သူ့ကိုယ်သူ ခံပြင်းပေါက်ကွဲနေမိမလား။

နောင်တပဲ ရနေပြီလား။

စွဲလည်း သူ့အကြောင်းတွေပဲ တွေးနေမိတဲ့ ကိုယ့်ကိုယ်ကို နားမလည်တော့ပါ။

သူ့ကို မချစ်သင့်ပါဘူး။

သူ့သဘောထားကရော ဘယ်လိုလဲ။

သူကသာ စွဲကို ဒေါ်မြခွာညို့သမီးဖြစ်နေတဲ့အတွက် မချစ်တော့ဘဲ နောက်ဆုတ်မည်ဆိုလျှင် စွဲလည်း သူ့ကို ဆက်ချစ်ဖို့ မဖြစ်နိုင်ဘူးပေါ့။





အာဃာတတွေ မထားဘဲ ခွင့်လွှတ်ကျေအေးလိုက်ကြရင် ရော။

သြော် စွဲသဘောထားတွေက တယ်လည်းပျော့ပျောင်း အညံ့ခံလွယ်နေပါလား။

မြင်နေကျ သူ့မျက်နှာအမူအရာကို မြင်ယောင်လွမ်းဆွတ် နေမိတဲ့ စွဲကိုယ်စွဲပဲ ဒေါသဖြစ်လာသည်။

သူကြင်မှကိုယ်ကြင်။

သူနေနိုင်ရင်နေပေါ့။ ပြတ်မယ်ဆိုလည်း ပြတ်ပြီပေါ့။ ဘာဖြစ်သေးလဲ။

စွဲကိုယ်စွဲ အားပေးနေမိသည်။

အံကလေးကြိတ်လိုက်၊ မျက်ခုံးလေးရှုံ့လိုက်နှင့် အမျိုးမျိုးတွေးကာ မေ့ထားဖို့ ကြိုးစားနေရင်းပင် တစ်ချက်တစ်ချက် ကြားနေကျ သူ့စကားကို ကြားနေမိသလို ပြင်းပြင်းပြပြ လွမ်းဆွတ် ရလေသည်။

ဒီကိုပြန်ရောက်တာဟာ ဒီညပါဆိုရင် သုံးည။

မေမေ့သမီးမှန်း စသိရတဲ့နေ့က စိတ်လှုပ်ရှားလို့ ဖုန်းမဆက်နိုင်ဘူးပဲထားဦး နောက်တစ်နေ့ဆို နည်းနည်းမါးပါး သွေးအေး ရမှာမဟုတ်ဘူးလား။ အခုက တတိယနေ့ရောက်လာပြီ။

သူ ဆုံးဖြတ်လိုက်ပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆုံးဖြတ်ချက်ဟာ လမ်းခွဲကြဖို့ပဲလား။

ရည်းစားထားမိတဲ့ ရက်ပိုင်းကလေးမှာ စွဲနှလုံးသားတွေက ချောင်းဆန့်ယိမ်းထိုးနေခဲ့ရသည်။

အပျော်ဆုံးအချိန်ကိုလည်း ပိုင်ဆိုင်ခဲ့ဖူးပြီ။

ကြယ်တစင်းရင်ခွင်ထဲ ခိုနားခွင့်ရတဲ့ အခိုက်အတန့်လေးဟာ ပြန်တွေးတိုင်း ရှက်ကြည်နူးရင်ဖိုရတဲ့ရသကို ပေးနေတုန်းပဲလေ။ အခုကြတော့ အချစ်ကြောင့်ပဲ စိတ်ရှုပ်မွန်းကြပ်ရပြန်ပြီ။

ကြယ်တစင်းရော ဘာတွေတွေးနေမလဲ စွဲသိချင်လှ၏။ အသည်းစွဲကို မေ့လိုက်၊ မုန်းလိုက် ပြတ်ပြတ်သားသား လမ်းခွဲလိုက်ဖို့ပဲလား။

ပင့်သက်ငွေ့ငွေ့လေးရှိုက်ရင်း အသည်းစွဲ ငြိမ်သက်နေမိ၏။ ဆိုဖာဘေးမှာပင် စားပွဲပေါ်တင်ထားတဲ့ လက်ကိုင်ဖုန်းလေးက တေးသွားလေးပေါ်လာသည်။ စွဲရင်မှာ ထိတ်ခနဲခုန်ကာ ခေါက်ဖုန်းလေးကို ဖွင့်လိုက်သည်။

ဩော်။

"ပြော ဦး"

"အံမယ် ငါဖြစ်နေလို့ စိတ်မပါတဲ့အသံကြီးနဲ့ ကိုကြယ်စင်းက ဖုန်းမဆက်သေးလို့လား"





"မဆက်ပါဘူး၊ သူ့ကိုရော ဘယ်သူက မျှော်လင့်နေလို့လဲ"

"ဦးကဖြင့် နင်တို့အခြေအနေသိချင်လို့ ဖုန်းဆက်ကြည့်တာ၊ မိသားစုတွေဖြစ်နေပြီးသားဆိုတော့ အိုကေမှာပဲထင်ပြီး"

"တော်စမ်းပါဟယ်"

"အဲဒီနေ့က သူတို့လည်း ပြန်သွားတာပဲ၊ ကိုကြယ်စင်းက နင်မရှိတော့ ဒီမှာမနေချင်ဘူးထင်ပါတယ်၊ ချက်ချင်းကောက်ပြန်သွားတာ ကြည့်ပါလား၊ ကိုကိုကတောင် ပြောနေတယ်၊ အခုတော့ ဦးတို့နှစ်ယောက်ပဲ ဒုံးရင်းဒုံရင်း ပြန်ဖြစ်သွားတာပဲ"

"နှစ်ယောက်တည်းဆိုတော့ ပိုကောင်းတာပေါ့ဟဲ့"

"စွဲ နင့်ကို ကိုကြယ်စင်က တကယ်မဆက်သွယ်တာလား၊ သူ့အစ်ကိုနဲ့ရော လာမတွေ့ဘူးလား"

"ဟင့်အင်း"

"ဘာကြောင့်လဲ"

"မသိဘူးလေ၊ ငါကတော့ ပြတ်ပြီလို့ပဲ သဘောထားလိုက်ပြီ"

"ဟယ် အဲလိုတော့မလုပ်ပါနဲ့"

ယမင်းဦးပင် စိတ်မကောင်းသော အသံလေးမျိုး ဖြစ်သွားသည်။ စွဲလည်း ရင်ထဲမှာ တစ်မျိုးကြီး ဆို့နင့်ကြေကွဲမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်မြန်မြန် ဇာတ်သိမ်းပြတ်သွားလိမ့်မည်ဟု စွဲ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့မိပါ။

"သူလည်း မျက်နှာပူလို့ စဉ်းစားနေတာဖြစ်မှာပါ၊ နင့်ဆီ သူလာချင်နေမှာ သေချာပါတယ်"

"မသိဘူး၊ သူ့အကြောင်းမပြောနဲ့တော့"

အသည်းစွဲ စိတ်တိုနေတာဟာ ကြယ်တစင်းအပေါ် မေတ္တာသက်ဝင်လွန်းလို့ ဖြစ်နေတာမှန်း ယမင်းဦး ရိပ်မိသည်။

အသည်းစွဲမသိချင်လည်း ဦးကတော့ ကိုကိုကနေတစ်ဆင့် ကြယ်တစင်းဖက်က အခြေအနေကို စုံစမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

"အေးပါ မပြောတော့ဘူး၊ ဒါပဲနော် နင်လည်း ကြယ်တစင်းကို မလွမ်းကြေး"

"မလွမ်းပါဘူး၊ ငါက ဘာကြောင့်လွမ်းနေရမှာလဲ၊ ဝေးသေး"

ဒီလိုပြန်ပြောမိတဲ့ အသည်းစွဲမျက်လုံးအိမ်မှာ မျက်ရည်ကြည်လေးပင် ဝေ့သီနေရ၏။

ခေါက်ဖုန်းကိုပိတ်ပြီး စားပွဲပေါ်ပြန်တင်၊ လှဲက အိပ်ရာပေါ် လှဲမည်ပြင်ဆဲမှာ





ဖုန်းတမီးပြာလေး ပြန်လင်းလာသည်။

ယမင်းဦးပဲ ထင်ပြီး ကြည့်လိုက်တော့…

ဟင်။

စွဲရင်ထဲမှာ ဝုန်းဒိုင်းကြဲသွားရသည်။ ကြယ်တစင်းရဲ့ ဖုန်းနံပါတ်အသစ်ကလေးပါ။ ဒါဟာ အာကာဖုန်းမဟုတ်။ သူ့ရဲ့ ကိုယ်ပိုင်ဖုန်း။

"ဟဲလို"

တည်တည်ငြိမ်ငြိမ်လေး အသံမှန်ထူးလိုက်သည်။

"ခင်ဗျား အဘေကြီးကတည်းက အနံတီချာညီ့သမီးဆို တာ ပြောပြသင့်တယ်"

"ရှင်လည်း ဦးလမင်းဖော်ညီဆိုတာ ပြောပြသင့်တယ်"

"မောင်က တမင်မပြောတာမဟုတ်ဘူး"

"စွဲလည်း တမင်ကြီး လျှို့ဝှက်ထားတာမှ မဟုတ်တာ"

သူ့ကိုယ်သူ မောင်ဟု သုံးနှုန်းလိုက်တာနှင့် စွဲ လေသံ အစကလည်း အလိုလိုပျော့ပျောင်းနူးညံ့သွားရပါသည်။

"ဒါပေမဲ့ အသည်းတို့ညီအစ်မက တော်တော်လွန်တယ်၊ ခင့်ကိုကြီးအပေါ်မှာ ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုဆက်ဆံတယ်၊ အိမ်ခြံပြင်ပုံစံမျိုးလုပ်တယ်၊ အိမ်ကိုလာတဲ့နေ့က ခင်ဗျားတို့ကိုကြီး ဖုန်းကိုက အဆုံးဖြတ်ပစ်လိုက်တယ် မဟုတ်လား၊ အဲဒါ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ထောက်ချက်မဟုတ်လား"

စွဲသည် မျက်နှာလေးရှုံ့ ဆံပင်လေးကုတ်မိရင်း

"အဲဒါက ချိုလေးပါ"

"သူ့အပြစ်လွှဲမချနဲ့"

"မယုံလည်းမတတ်နိုင်ဘူး၊ စွဲက ဦးဖော်ကို ဖုန်းဆက်ပြီး နောက်ဆုတ်ဖို့ပြောခဲ့တာပဲ"

"အဲဒီဖုန်းကို နားထောင်တာမောင့်ပဲ၊ အသည်းက ကိုကြီးထင်ပြီး အန်ကယ် အန်ကယ်နဲ့ ပြောသွားတာ"

"ဟင် ဟုတ်လား"

"အခု ဘာပဲဖြစ်ဖြစ် အသည်းအနေနဲ့ ကိုကြီးကို တောင်းပန်သင့်တယ်၊ သူက အသည်းအဖေနေရာမှာ ရှိတယ်လေ"

"စွဲလည်း စဉ်းစားမိပါတယ်၊ ကိုယ်တိုင်တောင်းပန်ဦးမှာပါ၊ မေမေကတစ်ဆင့်တော့ ခွင့်လွှတ်ပါလို့ ပြောပြီးပြီ"

"ဒီလောက်နဲ့ဘယ်ရမလဲ"

"ဒါဆို ရှင့်ရော ရှင်လည်း မေမေ့ကို ကလေးအမေဖြစ်ပြီး ရှင့်အစ်ကိုကြီးကို ဆွဲဆောင်ဖြားယောင်းတယ်လို့ စွပ်စွဲခဲ့တာပဲ မဟုတ်လား၊ မင်္ဂလာဆွမ်းကျွေးနေ့က တက်ရမှာစိုးလို့ ကိုအာကာတို့အိမ်ကို ရှောင်ပြေးခဲ့တာပဲလေ၊ ရှင်လည်း သဘောမတူလို့သာ ကန့်ကွက်တာပဲ၊ ရှင်လည်း မေမေ့ကို တောင်းပန်သင့်တာပဲ"





"မောင်က နှုတ်နဲ့မပြစ်မှားဘူးလေကွာ၊ အန်တီခွာညိုကို တိုက်ရိုက်ဘာမှမပြောခဲ့ဖူးဘူး"

"မသိဘူးကွာ မောင်လည်းတောင်းပန်ရမှာပဲ ဒါပဲ"

"ခင်ဗျားက ကိုကြီးအပေါ် စော်ကားပြစ်မှားတာပဲ၊ ခင်ဗျား အခုချက်ချင်း သွားတောင်းပန်လိုက်ပါ"

"ဘယ်လိုဖြစ်နေတာလဲ၊ သူ့အစ်ကိုကျ သိတတ်လွန်းပါလား"

"ပြန်စဉ်းစားလိုက်ရင် လုံးဝမကျေနပ်ဘူး၊ အဲဒီနေ့က ကိုကြီးကို အရှက်ခွဲလိုက်တဲ့ကိစ္စကို လွယ်လွယ်လေး ခွင့်လွှတ်လို့ ရှာယ်ထင်နေလား"

"ခွင့်မလွှတ်ရင်လည်း မပတ်သက်ကြရုံပဲပေါ့"

"မသိလို့သာ ခင်ဗျားကိုချစ်မိတာ၊ သိရင် လုံးဝမချစ်ဘူး"

"ဘာပြောတယ်၊ အခုလည်း နောက်ဆုတ်လို့ရသေးတာပဲ ဘယ်သူကရော ဆက်ချစ်ပါလို့ အသနားခံနေလို့လဲ ဟွန်း"

စွဲတို့နှစ်ယောက်သား စကားပြောရင်း တင်းမာပေါက်ကွဲသာကြပြန်ပါသည်။

တကယ်တော့ သူဖုန်းဆက်လာခဲ့ရင် ပြေပြေလည်လည် ပြောမယ်လို့ပဲ စွဲ စဉ်းစားထားခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဆက်မချစ်ဘူးလို့ မောင်ပြောတာမဟုတ်ဘူး၊ တောင်းပန်သင့်တဲ့အကြောင်းကိုပဲ ပြောနေတာ"

စွဲဖက်က တင်းမာဒေါသထွက်မှန်း သိတော့လည်း ကြယ်တစင်းဖက်က အနည်းငယ် ပြန်လျှော့သွားပါသည်။

အသည်းစွဲသည် မျက်ရည်ရစ်ဝိုင်းလာမိလျက် နှုတ်ခမ်းလေးကိုက်ထားမိရင်း

"တော်ပြီ၊ ရှင်နဲ့စကားမပြောချင်ဘူး၊ ကျွန်မဆီနောက်ထပ်လည်းမဆက်နဲ့"

"အသည်း ခဏနေဦး၊ ဒီမှာ မောင်စောင့်နေတယ်၊ မြို့ပြင်ခဏထွက်ခဲ့"

"မထွက်နိုင်ဘူး၊ ရှင်ပြန်တော့"

"မပြန်ဘူးကွာ၊ အိမ်ထဲဝင်လာမလို့ပဲ၊ ညကြီးမိုးချုပ်မို့လို့ အန်တီ့ချာညီကိုလည်း မျက်နှာပူလို့ပါ၊ နော် ခဏလေးဆင်းလာခဲ့ပါကွာ"

"မလာနိုင်ဘူးလို့ ပြောနေတယ်၊ ဒါပဲ"

"မလာရင် ခင်ဗျား ကျွန်တော့်အဆိုးမဆိုနဲ့"

အသည်းစွဲက ခေါက်ဖုန်းကို ပိတ်လိုက်သည်။ စိတ်တိုတိုနှင့် ပါဝါပါ ပိတ်ချပစ်လိုက်တော့။

ပြီးတော့ မြို့ပြင်ကို ပြတင်းပေါက်ကနေ အသာချောင်း





ကြည့်မိသည်။ သူ့ဖင်ကားရပ်ထားပြီး ကားနံဘေးမှာ သူထွက်ရပ်နေတာကို မြင်ရသည်။

အသည်းစွဲရဲ့ အခန်းက မြို့ရှေ့မျက်နှာမူထားတဲ့ အခန်း။ ကျန်တဲ့အခန်းတွေ မီးပိတ်ထားပြီး ဒီအခန်းပဲ မီးချောင်းရောင်လင်းနေတာကြောင့်ရော ပြတင်းလိုက်ကာကြားက သူမအရိပ်ကို မြင်တာကြောင့်ရော ကြယ်တစင်း သူမဘယ်မှာလဲဆိုတာ သိသွားရပါသည်။

စက်ပိတ်ထားပါတယ် ဖြေနေတဲ့ဖုန်းကို စိတ်တိုတိုနှင့် ဘောင်းဘီခါးမှာ ပြန်ချိတ်ပြီး အနားက ခဲတစ်လုံးကောက်၍ ထိုပြတင်းဆီ လှမ်းပစ်လိုက်မိသည်။

"ဒုန်း"

သူ့ခဲလုံးက သေးပေမဲ့ အသေးကြီးထိရောက်၏။ စွဲအခန်းပြတင်းမှန်ကို လာမထိပေမဲ့ ကားဂိုဒေါင်အမိုးပေါ် ဒုန်းခနဲကျရောက်ထိမှန်သွားသည်။

ဟောတော့ တကယ်တေလေကြမ်းပိုး မိုက်ရူးရဲလေး။ လုပ်ပုံ ကို ကြည့်စမ်းပါဦး။

မေမေတို့သိသွားမှဖြင့်။

အသည်းစွဲ စိတ်ပူပြီး လှေကားက တခုန်းခုန်းပြေးဆင်းသည်။ ညဝတ်အင်္ကျီ ပိုးဂါဝန်ဖြူလွလွလေးနှင့် အပြေးလေးဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာမိငြေ

"ချိုလေးရေ သမီး၊ ဘယ်သူခဲနဲ့ပစ်တာလဲ"

"မဟုတ်ပါဘူး မေမေရဲ့ ဘယ်သူကဲ ဒီအချိန် ခဲနဲ့လာပစ်မှာလဲ၊ သရက်ကင်းတွေ ကြွေကျတာနေလိမ့်မယ်"

တီစီကြည့်ရင်း ပြောနေကြတဲ့ အသံကြောင့် အသာက လေး ခြေဖွနင်းကာ အသည်းစွဲက ဘယ်သူမှမသိအောင် တံခါးဖွင့် ထွက်လာခဲ့သည်။

ညဥ့်လေပြည် အေးမြမြလေးကိုပင် မခံစားနိုင်ဘဲ ခြံတံခါး ရဲ့ အပြင်ဖက် ကြယ်တစင်း ကားရပ်ထားရာ နေရာဆီ ထွက်ခဲ့ရ သည်။

"ဘယ်လိုဖြစ်နေတာလဲဟင်၊ ရှင်ကဘယ်သူ့ဆီ ခဲဖိုးလာ တောင်းနေတာလဲ၊ မေမေတို့သိသွားရင် ဘာပြောမလဲ၊ ရှင့်အပြုအမူ က ဘယ်လောက်ကြမ်းပိုးဆန် ...အို အမေ့"

သူက ဖွင့်ဟထားတဲ့ ကားတံခါးဆီ တွန်းကာ စွဲကိုယ် လေးကို အတင်းအကြပ် ကားထဲတွန်းပို့ပြီး သူပါ ဝရုန်းသုန်းကား ဝင်ထိုင်လိုက်သည်။

"ရှင်ဘာလုပ်တာလဲ၊ ဖယ်"

"သူတို့မြင်သွားမှာစိုးလို့ပါ အသည်းရယ်၊ ဘာလို့ ဒီလောက်စိတ်ဆိုးနေတာလဲ"





"ဘာ စိတ်ဆိုးအောင်ဘယ်သူလုပ်တာလဲ"

"အား ဖြည်းဖြည်းပြောပါ၊ သိပ်ခေါ်သကြီးရင် တစ်ခါ တည်း ခိုးပြေးပစ်လိုက်မှ ဖြစ်မယ်"

ထုရိုက်လိုက်တဲ့ အသည်းစွဲရဲ့ လက်ကလေးတွေကို ဖမ်းချုပ်ပြီး သူက အသည်းစွဲကိုယ်လုံးအိအိလေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်၏။ နွေးထွေးမွေးပျံ့နေသော အထိအတွေ့လေးမှာ ကြယ်တစင်းရဲ့ အလိုမကျ ယောက်ယက်ခတ်နေမှုများက ထူးဆန်း စွာ လျှော့ပါးပြေပျောက်သွားရပါသည်။

"အခုလောလောဆယ် တခြားဘာအကြောင်းမှ မပြော ကြေး၊ အသည်းလေးကို မောင် အရမ်းချစ်နေတုန်းပဲ၊ ဒါပဲအဓိက သိရင်တော်ပြီ၊ ဘာကြောင့်မှလည်း မပြောင်းလဲနိုင်ပါဘူးကွာ၊ မောင် အရှုံးပေးပါတယ်၊ ဟုတ်ပြီလား"

သူက ထိုသို့ ခပ်ယယလေးပြောရင်း စွဲကို တယုတယ၊ အငမ်းမရလေး နမ်းရှိုက်တဲ့အခါ စွဲလည်း ခုနစိတ်ဆိုးနေတာမေ့ပြီး ယောင်မှားစွာ ခါတိုင်းလိုပဲ သူ့လည်ပင်းကို ပြန်လည်သိုင်းယှက် ဖက်တွယ်လိုက်မိသည်။

နူးညံ့ညင်သာသော သူ့နှုတ်ခမ်းနွေးနွေးက အသည်းစွဲ လည်တိုင်လေးဆီ ထိကပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှံ့မိတ်ထဲမှာ ထင်လိုက်တာက ကြယ်တစင်းနှင့် အကြီးအကျယ် ရိုက်ခြစ်ပေါက်ကွဲကြပြီထင်တာ။ အခုတော့ ထင်ထားတာနှင့် တခြားစီ ဘယ်လိုကဘယ်လို သူ့ရင်ခွင်ထဲ ငြိမ်သက်ကြည်နူးသွားမိသလဲ မသိပါ။

အချစ်ဆိုတာ တစ်ခါတစ်ခါ အင်မတန် မျက်လှည့်ဆန်ဆန် ကလူကျီစယ်တတ်ကြောင်း အသည်းစွဲ သိခဲ့ပါပြီ။

ဘယ်လိုအခြေအနေမှာပဲ ဖြစ်ဖြစ် ဆက်ချစ်ကြပါစို့နော်မောင်။

တစ်ဦးကိုတစ်ဦး ခွင့်လွှတ်ခြင်းနဲ့ အကောင်းမြင်ပေးကြရအောင်နော်။

ဆုလေးနွယ်(ရန်ကုန်အဘွဲ့ဆိုင်)



BURMESE CLASSIC

www.burmeseclassic.com